Mekong-Lancang Cooperation

# မာတိကာ


အကျဉ်းချုပ် ........ vii

Abstract ........ x

၁။ နိဒါန်း ........ ၁

၁.၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါမှု ........ ၁

၁.၂။ ပြည်တွင်းနှင့် ပြည်ပပို့ကုန်ဈေးကွက်တွင် ထုတ်ကုန်၏ အရေးပါမှု ........ ၅

၁.၃။ မဲခေါင်-လန်ချန်းနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများ ........ ၁၀

၁.၄။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ........ ၁၂

၂။ သုတေသနဆောင်ရွက်ရခြင်း ရည်ရွယ်ချက် ........ ၁၇

၂.၁။ သုတေသန၏ ရည်ရွယ်ချက်များ ........ ၁၇

၂.၂။ သုတေသနတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကြုံတွေ့နိုင်သော အဟန့်အတားများ ........ ၁၇

၂.၃။ သုတေသနဆောင်ရွက်ရခြင်း၏ မျှော်မှန်းရလဒ်များ ........ ၁၈

၃။ သုတေသနဆောင်ရွက်သော နည်းလမ်းများ ........ ၁၉

၃.၁။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများ ........ ၁၉

၃.၁.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် နည်းလမ်းများ ........ ၁၉

၃.၁.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် နည်းလမ်းများ ........ ၂၀

၃.၂။ ကောက်ယူသော အချက်အလက်များ ........ ၂၁

၃.၂.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် အချက်အလက်များ ........ ၂၁

၃.၂.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် အချက်အလက်များ ........ ၂၂

၃.၃။ တွက်ချက်သည့် နည်းလမ်းများ ........ ၂၃

၃.၃.၁။ မူရင်းအချက်အလက် (Primary data) များအား တွက်ချက်သည့် နည်းလမ်းများ ........ ၂၃

၃.၃.၂။ ဆင့်ပွားအချက်အလက် (Secondary data)များအား တွက်ချက်သည့် နည်းလမ်းများ ........ ၂၄

၃.၄။ သုတေသနအဖွဲ့ဝင်များ ........ ၂၇

၃.၅။ သုတေသနဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်ကာလ ........ ၂၇

၄။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်များ ........ ၂၈

၄.၁။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုဆိုင်ရာတွက်ချက်မှုများ ........ ၂၈

၄.၂။ အဓိကစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ........ ၃၁

၄.၃။ ပြည်တွင်းစားသုံးမှုနှင့် ပိုလျှံမှု ........ ၃၂

၄.၄။ ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့ရသော စိန်ခေါ်မှုများ ........ ၃၃

၅။ ယှဉ်ပြိုင်မှုများနှင့် ပို့ကုန်အလားအလာများ ........ ၃၆

၅.၁။ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ ............................................................ ၃၆
၅.၂။ ဖရဲသီး၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ ............................................................ ၃၉
၅.၃။ ဈေးနှုန်းယှဉ်ပြိုင်မှုများနှင့် Nominal Protection Rate (NPR) ............................................................ ၄၀
၅.၄။ ထုတ်လုပ်နိုင်စွမ်းအားနှင့် အရည်အသွေးဆိုင်ရာ ယှဉ်ပြိုင်မှုများ ............................................................ ၄၂
၅.၅။ ဖရဲသီး ပို့ကုန်အလားအလာအား ဆန်းစစ်တွက်ချက်ခြင်း ............................................................ ၄၆
၅.၆။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များ (Comparative advantage) ............................................................ ၄၇
၆။ ထုတ်ကုန်ယှဉ်ပြိုင်မှုနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှုများ ............................................................ ၄၈
၆.၁။ အဓိကကုန်သွယ်သည့် နိုင်ငံများနှင့် ပို့ကုန်ဈေးကွက်ရှယ်ယာများ ............................................................ ၄၈
၆.၂။ ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအား ............................................................ ၄၈
၆.၃။ ဈေးကွက်ဆိုင်ရာ ကွင်းဆက် (ထုတ်လုပ်သူ-ပြည်တွင်းဈေး-ပို့ကုန်) ............................................................ ၅၀
၆.၄။ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ (SWOC analysis) ............................................................ ၅၂
၇။ သုံးသပ်တင်ပြချက်များ ............................................................ ၅၇
၈။ မူဝါဒထောက်ခံချက်များ ............................................................ ၅၉
(က) အခြေခံအဆောက်အဦ ............................................................ ၅၉
(ခ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ ............................................................ ၅၉
(ဂ) စွမ်းဆောင်ရည် မြှင့်တင်ခြင်း ............................................................ ၅၉
(ဃ) နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု ............................................................ ၆၀
(င) မူဝါဒဖော်ဆောင်မှု ............................................................ ၆၀
(စ) မဟာဗျူဟာနည်းလမ်းများ ............................................................ ၆၁
၉။ ကိုးကားချက်များ ............................................................ ၆၂
၁၀။ နောက်ဆက်တွဲများ ............................................................ ၆၄

Mekong-Lancang Cooperation

# ဇယားများ


ဇယား (၁) မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ အပတ်စဉ် ဖရဲသီးဝင်ရောက်မှုနှင့် ဈေးနှုန်း နှိုင်းယှဉ်ချက်......၁၅

ဇယား (၂) ဆင့်ပွားအချက်အလက် (Secondary Data) များ ရယူခြင်းနှင့် ၎င်းတို့၏ ဇာစ်မြစ်များ ... ၂၃

ဇယား (၃) သုတေသန ဆောင်ရွက်ချက်များ ဆောင်ရွက်သည့်ကာလ...... ၂၇

ဇယား (၄) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဖရဲအမျိုးအစားအလိုက် တောင်သူအရင်းကျေဈေးနှုန်းနှင့် အထွက်နှုန်းများ ......၃၀

ဇယား (၅) အာရှတိုက်၏ ဖရဲသီး (HSC: ၀၈၀၇၁၁) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)...၃၆

ဇယား (၆) အာရှတိုက်၏ ဖရဲသီး (HSC: ၀၈၀၇၁၁) တင်ပို့မှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)........၃၇

ဇယား (၇) မြန်မာနိုင်ငံမှ ဖရဲသီး (HSC: ၀၈၀၇၁၁) တင်ပို့မှု အများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်) ၃၈

ဇယား (၈) ဖရဲသီးနှံ တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ (၂၀၂၃ ခုနှစ်) ............၄၀

ဇယား (၉) မြန်မာ့ဖရဲသီး (HSC:၀၈၀၇၁၁) ၏ Nominal Protection Rate (NPR) (၂၀၂၃ ခုနှစ်).... ၄၂

ဇယား (၁၀) မြန်မာနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော ဖရဲသီး (HSC: ၀၈၀၇၁၁) ၏ အရည်အသွေး နှင့် ဈေးနှုန်းတန်ဖိုး နှိုင်းယှဉ်ခြင်း (FOB Price, အမေရိကန်ဒေါ်လာ/ တန်) ....................၄၆

ဇယား (၁၁) မြန်မာ့ဖရဲသီး (HSC: ၀၈၀၇၁၁) ၏ ပို့ကုန် ကုန်သွယ်မှုအလားအလာ (Trade Potential) (၂၀၂၃ ခုနှစ်) ......၄၆

ဇယား (၁၂) မြန်မာ့ဖရဲသီး (HSC: ၀၈၀၇၁၁) ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (RCA and RSCA)......၄၇

# ပုံများ


ပုံ (၁) နှစ်အလိုက် ကမ္ဘာ့ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ ........ ၂

ပုံ (၂) ၂၀၂၂ ခုနှစ်၏ နိုင်ငံအလိုက် ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ ........ ၃

ပုံ (၃) နှစ်အလိုက် ကမ္ဘာ့ဖရဲသီးရိတ်သိမ်းမှု အခြေအနေ ........ ၅

ပုံ (၄) ၂၀၂၂ ခုနှစ် ဖရဲသီးတင်ပို့၊ တင်သွင်းမှု အများဆုံးနိုင်ငံများ (WITS, World Bank, ၂၀၂၂) ........ ၆

ပုံ (၅) ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဖရဲသီးတင်ပို့မှု အခြေအနေပြဂရပ် ........ ၈

ပုံ (၆) သုတေသနဆောင်ရွက်ရန်အတွက် အဓိကလုပ်ငန်းစဉ်များ ........ ၁၉

ပုံ (၇) ၂၀၁၉-၂၀၂၀ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဖရဲစိုက်ပျိုးထုတ်လုပ်မှု အခြေအနေပြဂရပ် (လယ်/စီ/အင်း) ........ ၂၉

ပုံ (၈) မြန်မာနိုင်ငံမှ ဖရဲသီးစိုက်ပျိုးသော ဒေသများ၏ စိုက်ဧရိယာများ နှိုင်းယှဉ်ချက် ........ ၃၁

ပုံ (၉) မြန်မာနိုင်ငံ၏ ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပြည်ပတင်ပို့မှု အခြေအနေပြဂရပ် (၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ) ........ ၃၂

ပုံ (၁၀) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC: ၀၈၀၇၁၁) လက်ကားဈေးနှုန်းများ (၂၀၂၃ ခုနှစ်) ........ ၄၁

ပုံ (၁၁) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီးထုတ်လုပ်မှု အခြေအနေ ........ ၄၃

ပုံ (၁၂) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီးအထွက်နှုန်း အခြေအနေ ........ ၄၄

ပုံ (၁၃) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော ဖရဲသီး (HSC: ၀၈၀၇၁၁) ၏ FOB ဈေးနှုန်းများ ........ ၄၅

ပုံ (၁၄) မြန်မာ့ဖရဲ ဝယ်ယူသော နိုင်ငံများ၏ ဈေးကွက်ဝေစုအချိုး ........ ၄၈

ပုံ (၁၅) တရုတ်နိုင်ငံရှိ မြန်မာ့ဖရဲ၏ ဈေးကွက်ဝေစုအချိုး ........ ၄၈

ပုံ (၁၆) မြန်မာနိုင်ငံရှိ ဖရဲသီးနှံတန်ဖိုးကွင်းဆက် ........ ၅၁

Mekong-Lancang Cooperation

# နောက်ဆက်တွဲများ


နောက်ဆက်တွဲ (က) မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံခဲ့သော စာရင်းများ ............................၆၄

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် Key Informant Interview (KII-Government Official) ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများစာရင်း ........................................................................၆၅

မြန်မာနိုင်ငံမှ ဖရဲသီးနှံ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် အုပ်စုလိုက် တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း ..........................................၆၇

ဖရဲသီး တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ KII နည်းလမ်းဖြင့် ဆွေးနွေးမေးမြန်းခြင်းတွင် ပါဝင်သည့်လုပ်ငန်းရှင်များ ...................................၆၇

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် ပါဝင်ဖြေကြားပေးသည့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ ..............................၆၈

နောက်ဆက်တွဲ (ခ) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC: ၀၈၀၇၁၁) လက်ကားဈေးနှုန်းများ ...၆၉

နောက်ဆက်တွဲ (ဂ) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC:၀၈၀၇၁၁) ထုတ်လုပ်မှု ....................၇၀

နောက်ဆက်တွဲ (ဃ) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC:၀၈၀၇၁၁) အထွက်နှုန်း ...................၇၁

နောက်ဆက်တွဲ (င) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော ဖရဲသီး (HSC: ၀၈၀၇၁၁) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း.............................................................................. ၇၂

နောက်ဆက်တွဲ (စ) မြန်မာနိုင်ငံ၏ နိုင်ငံအလိုက် ဖရဲသီး (HSC: ၀၈၀၇၁၁) တင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်) ...............................................................၇၃

နောက်ဆက်တွဲ (ဆ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့မှု မြှင့်တင်ရေးစီမံကိန်း စစ်တမ်းမေးခွန်းလွှာ (ဌာနဆိုင်ရာ) ............................................................၇၄

နောက်ဆက်တွဲ (ဇ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ရေးစီမံကိန်း စစ်တမ်းမေးခွန်းလွှာ (တင်ပို့သူများ)...........................................................၇၇

*ဤသုတေသနစာတမ်းကို မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃) အစီအစဉ်၏ “မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးကွင်းဆက်ထောက်ပံ့ရေး လန်ချန်း-မဲခေါင်နိုင်ငံများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ခြင်းစီမံကိန်း” မှ ထုတ်ဝေခြင်းဖြစ်သည်။ ဤသုတေသနစာတမ်းတွင် ပါရှိသော အချက်အလက်များ၊ သုံးသပ်ချက်များသည် သုတေသနပညာရှင်အဖွဲ့၏ အလုံးစုံ တာဝန်ယူမှုဖြင့် ကိန်းဂဏန်း အချက်အလက်များကို ကောက်ယူဆန်းစစ်၍ သုတေသနပြု ရေးသားထားခြင်းဖြစ်ပြီး မည်သည့်အဖွဲ့အစည်းကိုမှ ကိုယ်စားပြု ရေးသားထားခြင်းမဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။*

# အကျဉ်းချုပ်

မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် လယ်ယာထွက်ကုန်များကို ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် ထုတ်လုပ်ပေးခြင်းသာမကဘဲ ပြည်ပဈေးကွက်များသို့တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ပေး လျက်ရှိသည်။ မြန်မာ့လယ်ယာ ထွက်ကုန်များထဲမှ သစ်သီး (၁၀) မျိုးဖြစ်သော သရက်၊ ဖရဲ၊ သခွားမွေး၊ မင်းကွတ်၊ ကြက်မောက်၊ လိုင်ချီး၊ လောင်ဂန်၊ ဇီးသီး၊ ငှက်ပျောနှင့် နာနတ်သီးတို့ကို တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ခွင့်ရရှိပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ဖရဲသီးတင်ပို့မှုတန်ချိန် ထောင်ပေါင်း (၉၄.၁) ကျော်၊ အမေရိကန်ဒေါ်လာ (၄၄.၀၄) သန်းကျော်ဖြင့် ကမ္ဘာ့အဆင့် (၁၅) တွင် ရပ်တည်လျက်ရှိပြီး တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဖရဲသီးအပါအဝင် သစ်သီးဝလံများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် ပြည်ပနိုင်ငံများသို့ နေ့စဉ် တင်ပို့လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်း သစ်သီးဝလံတင်ပို့မှုမှာ တန်ချိန် (၅၁၇,၀၅၉) တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၈၈.၃၈၁) သန်းရှိကြောင်း တွေ့ရှိရပါသည်။ ဖရဲသီးတင်ပို့မှုမှရရှိသော ပြည်ပဝင်ငွေသည် သစ်သီးဝလံများအားလုံးတင်ပို့မှု၏ (၆) ရာခိုင်နှုန်းခန့်ရှိပြီး ဒုတိယအများဆုံး ပြည်ပ ဝင်ငွေရရှိသည့် သီးနှံဖြစ်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် ဖရဲသီးတင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ (၅) နှစ်အတွင်း နိုင်ငံပေါင်း (၆) နိုင်ငံသို့ တင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ အဓိက တင်ပို့လျက်ရှိသော နိုင်ငံများမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စုစုပေါင်းတင်ပို့မှု၏ (၉၉) ရာခိုင်နှုန်း အထက် တင်ပို့လျက် ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံမှ ဖရဲသီးနှင့် သခွားမွေးသီးများကို တရုတ်နိုင်ငံသို့တင်ပို့မှု အဟန့်အတားဖြစ်စေခဲ့ပြီး ကုန်တင်ကားများ အချိန် ကြန့်ကြာမှုများကြောင့် ဖရဲသီးအရည်အသွေးကို ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပါသည်။ ထို့ကြောင့် လုပ်ငန်းရှင် များအနေဖြင့် ပုပ်သိုးပျက်စီးလွယ်သော သစ်သီးဝလံဖြစ်သည့် ဖရဲသီးနှံကို တင်ပို့ရောင်းချရာတွင် လိုအပ် သည်ထက် ကြာမြင့်ချိန်နှင့် အမြတ်အစွန်းလျော့ကျမှုများကို သတိပြုမိလာကြပါသဖြင့် တရုတ်နိုင်ငံအပြင် အရှေ့အလယ်ပိုင်းဈေးကွက်များဖြစ်သော ယူအေအီး၊ ကာတာနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့နိုင်ရေး ကြိုးပမ်းပြီး ဈေးကွက်သစ်များကို တိုးချဲ့နိုင်ရန် လေ့လာလျက်ရှိပါသည်။ ပြည်ပပို့ကုန်ဈေးကွက် ကောင်း လာပါက တောင်သူများအပါအဝင် ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် တစ်ခုလုံးတွင် လုပ်ကိုင်ကြသူများအားလုံး အဆင်ပြေကြသော်လည်း တစ်ဖက်တွင် သွင်းအားစုနှင့် နည်းပညာပိုင်းဆိုင်ရာ ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်မားခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် အခွန်အခစရိတ်ကြီးခြင်းများ ရှိပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ဖရဲသီးစိုက်ခင်းများ အထွက်အနည်း/အများပေါ်မူတည်၍ မြန်မာ့ဖရဲသီး၊ သခွားမွေးဈေးကွက်မှာ စိန်ခေါ်မှု များ အမြဲရှိနေပါသည်။ လက်ရှိအချိန်တွင် မြန်မာ့ဖရဲသီး၏ ပြည်ပဈေးကွက်အနေဖြင့် တရုတ်ဈေးကွက် တစ်ခုတည်းသာ အဓိကအားထားနေရသဖြင့် ရေရှည်တွင် ပြည်ပဈေးကွက်များ တိုးချဲ့ရှာဖွေ၍ တင်ပို့နိုင်ရန် လိုအပ်လျက်ရှိပါသည်။

သုတေသနလေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံသို့တင်ပို့သော ဖရဲသီးတစ်တန် အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်မှာ ပြည်တွင်းလက်ကားဈေး အမေရိကန်ဒေါ်လာ (၇၀၅) နှင့် FOB ဈေး အမေရိကန်ဒေါ်လာ (၁,၃၈၇) ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၏ ဖရဲထုတ်လုပ်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးသော တန်ချိန်ပမာဏကိုသာ ထုတ်လုပ်နိုင်ပြီး ၂၀၂၁ ခုနှစ်

တွင် တန်ချိန် (၀.၅၂) သန်းအထိ မြင့်တက်ခဲ့ကာ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၀.၁၄) သန်းအထိ ကျဆင်းသွားပါသည်။ မြန်မာ့ဖရဲ၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးကို နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှအပ ကျန်နှိုင်းယှဉ်နိုင်ငံများတွင် မြန်မာနိုင်ငံမှ တင်ပို့သောဖရဲ၏ နှိုင်းယှဉ်ဈေးနှုန်းတန်ဖိုးသည် (၁) အထက်တွင် ရှိနေသောကြောင့် မြန်မာ့ဖရဲသည် ၎င်းနှိုင်းယှဉ်နိုင်ငံများ၏ ဖရဲဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ဈေးပိုရ၍ အရည်အသွေး ပိုကောင်းသည်ဟု ဆိုနိုင်ပါသည်။ မြန်မာ့ဖရဲ၏ ကုန်သွယ်မှုအလားအလာ အကောင်းဆုံး ကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ဖရဲပို့ကုန် အလားအလာမှာ (၉၁) တန်ဖြစ်ပါသည်။ ကုန်သွယ်မှုအသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှုအရ တရုတ်နိုင်ငံသည် နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် နိုင်ငံတကာမှလည်း တရုတ်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ကုန်သွယ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများရရှိရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် စည်းမျဉ်းစည်းကမ်းများကို နိုင်ငံ၏လိုအပ်ချက်အရ ကဏ္ဍအလိုက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်၍ လိုက်လျောညီထွေဖြစ်စေမည့် မူဝါဒများ ချမှတ်ထုတ်ပြန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အနာဂတ်တွင် ဖရဲသီးနှံတင်ပို့ရောင်းချမှု ဆောင်ရွက်ရာ၌ အရည်အသွေးကောင်းမွန်သည့် သီးနှံရရှိစေရန်အတွက် အချိန်တိုတိုနှင့် ကုန်ပစ္စည်းတင်ပို့နိုင်ရေး လိုအပ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် ဈေးကွက်တစ်ခုတည်းကိုဘဲ မှီခိုမှုမပြုဘဲ ပြည်ပဈေးကွက်အများစုကို တင်ပို့နိုင်အောင် ဆောင်ရွက်စေခြင်း၊ ဈေးကွက်တည်ငြိမ်ရန် ဖော်ဆောင်ပေးခြင်း၊ ဖရဲစိုက်တောင်သူနှင့် တရုတ်နိုင်ငံဘက်ရှိ ဝယ်သူများ တိုက်ရိုက်ရောင်းချနိုင်မှု လိုအပ်ခြင်း၊ စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ပို့ချပေးနိုင်ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်မားလာသည့် ကိစ္စရပ်များအား ဖြေရှင်းပေးစေလိုခြင်း၊ အခွန်အခများ ဖြေလျှော့ပေးစေလိုခြင်း၊ တောင်သူများအတွက် လိုအပ်သည့် သွင်းအားစု၊ နည်းပညာထောက်ပံ့မှုများ လုပ်ဆောင်ပေးစေလိုခြင်း စသည့်အချက်များကို လေ့လာတွေ့ရှိရပါသည်။ ဖရဲသီးဝယ်ယူရာ၌ တရုတ်နိုင်ငံမှ သတ်မှတ်ဈေးဖြင့် ရောင်းချရာတွင် ဖရဲသီးရောင်းမထွက်လျှင် တောင်သူက ကျခံရမည်ဖြစ်ပြီး မရောင်းရသည့် ဖရဲသီးများအား ပြန်သယ်လျှင် ကုန်ကျစရိတ်ကိစ္စများ ပိုမိုမြင့်တက်ခြင်းကြုံရသလို စွန့်ပစ်ခြင်းများ ကြုံတွေ့ရပါသည်။ ထို့ကြောင့် ကုန်သွယ်မှုပြုလုပ်သူတို့ဘက်မှလည်း ဝယ်သူ၏လိုအပ်ချက်များအား ပေးဆောင်နိုင်ရန် ကြိုးစားရမည်ဖြစ်သလို အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် တင်ပို့သည့် ပစ္စည်းများအား ငြင်းပယ်ခြင်း (No reject)၊ ပြန်လည်ပေးပို့ခြင်း (No return) တို့မဖြစ်စေရန် အဓိကဆောင်ရွက်ပေးရမည်။ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ကော်မတီ အစရှိသည့် ကော်မတီအဖွဲ့အစည်းများတွင် အသင်းအဖွဲ့ဝင်များ ပါဝင်ရန်လိုအပ်ခြင်းနှင့် တောင်သူနှင့် တိုက်ရိုက်ထိတွေ့သည့် ဈေးကွက်သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်သည့် ဆော့ဝဲလ်များပံ့ပိုးပေးရန် လိုအပ်ခြင်း စသည့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ အချက်များကို လေ့လာတွေ့ရှိပါသည်။

မြန်မာနိုင်ငံ၏ သစ်သီးဝလံများထဲမှ ဖရဲသီးသည် ပြည်ပပို့ကုန်ဝင်ငွေရှာဖွေရာတွင် အရေးပါသည့် သီးနှံတစ်ခုဖြစ်သဖြင့် ဖရဲစိုက်တောင်သူများ အမှန်တကယ် အကျိုးအမြတ် ရရှိစေရန်အတွက် အစိုးရဌာနများအနေဖြင့် သယ်ယူပို့ဆောင်ရေးကွန်ရက်များ၊ အထူးသဖြင့် နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ ဖွံ့ဖြိုး

တိုးတက်စေရန်နှင့် ဖရဲသီး၏ အရည်အသွေးထိန်းသိမ်းနိုင်ရန် နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် လုံလောက်သည့် အအေးခန်းသိုလှောင်ရုံများ၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ ထုပ်ပိုးမှုစနစ်များနှင့် စက်ပစ္စည်းများကို ပံ့ပိုးပေးသင့်ပါသည်။ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်ရရှိမှု လွယ်ကူစေခြင်း၊ ခွင့်ပြုချက်တောင်းခံချိန် လျှော့ချခြင်း၊ ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ ကုန်ကျစရိတ်လျှော့ချခြင်းနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။ ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနများ ပိုမိုပြုလုပ်ရန်လည်း လိုအပ်ပါသည်။ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး အထွက်နှုန်းမြင့်မားသည့် အရည်အသွေးကောင်း ဖရဲသီးမျိုးများကို တောင်သူများ ရရှိစိုက်ပျိုးနိုင်ရန်၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ပံ့ပိုးပေးနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ပိုးသတ်ဆေး အကြွင်းအကျန်စစ်ဆေးခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာများ မြှင့်တင်ရန်လည်း အရေးကြီးပါသည်။ အရည်အသွေးကောင်းမွန်သော ဖရဲသီးထုတ်လုပ်ရန် လိုအပ်သည့် နည်းပညာ၊ သွင်းအားစုများ ရရှိနိုင်စေရန်နှင့် ချေးငွေအစီအစဉ်များဖြင့် ငွေကြေးပံ့ပိုးပေးသင့်ပါသည်။ ဖရဲသီးသည် ပုပ်သိုးပျက်စီးလွယ်သဖြင့် ရိတ်သိမ်းချိန်လွန်နည်းစနစ်များနှင့် စက်ပစ္စည်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လိုအပ်ပါသည်။ တရုတ်ဈေးကွက်အပေါ် မှီခိုမှုလျှော့ချရန် ဈေးကွက်သစ်များ ရှာဖွေခြင်း၊ နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် ပါဝင်ခြင်းနှင့် ဈေးကွက်မြှင့်တင်ရေး အစီအစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။ ပို့ကုန်မြှင့်တင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကာ ရေတိုရေရှည် မဟာဗျူဟာများ ချမှတ်၍ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး အစီအစဉ်များကို ဦးစားပေး လုပ်ဆောင်ရမည် ဖြစ်ပါသည်။

**အဓိကဝေါဟာရများ။** ဖရဲသီးတင်ပို့မှု၊ ကုန်သွယ်မှုအမျိုးအမည် စုံလင်ခြင်း၊ ဈေးကွက်ရရှိနိုင်မှု၊ စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု

## Abstract

Myanmar not only produces agricultural crops for domestic consumption but also exports them to foreign countries, thus earning foreign exchange. The country's agricultural exports include ten varieties of fruit: mango, watermelon, muskmelon, mangosteen, rambutan, lychee, longan, jujube, banana, and pineapple. These fruits are now legally exported to China through newly extended border trade routes. Myanmar exports over 941,000 tons of watermelon annually, generating approximately USD 44.04 million, which ranks it 15$^{th}$ in the world. The primary export destinations are China, Thailand, India, Singapore, and Bangladesh. Watermelon and other fruits are exported daily via these border trade routes. During the 2020–2021 fiscal year, total fruit exports exceeded 517,059 tons, valued at USD 188.381 million. Watermelon is the fruit crop that generates the second-highest revenue, contributing nearly 6% of the overall fruit export revenues. From 2018–2019 to 2022–2023, Myanmar exported watermelon to six countries, primarily China and Thailand, which accounted for over 99% of total exports. However, in 2021, COVID-19 restrictions disrupted exports of watermelon and muskmelon to China. Delays in truck transportation impacted the quality of fruit, causing traders to be cautious about transport times and profit margins. As a result, exporters began to explore alternative markets, including the UAE, Qatar, and Singapore. While a favorable foreign market benefits all actors in the value chain, challenges persist, such as high production costs due to expensive inputs and technology, transportation issues, and taxes. Additionally, the availability and pricing of watermelons grown in China can influence both demand and pricing for Myanmar's exports. Currently, Myanmar relies heavily on the Chinese market for its watermelon exports, making it essential to diversify markets for long-term sustainability.

Research findings indicate that the trade cost for exporting one ton of watermelon from Myanmar is approximately USD 705 for domestic wholesale price and USD 1,387 for the FOB price. In comparison to other countries, Myanmar's watermelon production is relatively low, having decreased to 0.14 million tons in 2022 from a high of 0.52 million tons in 2021. Despite the low production volumes, Myanmar's watermelons command higher market prices and are of superior quality compared to those from most competing countries, with the exception of China and Vietnam. China is identified as the most promising export destination, with a trade potential of 91,000 tons. As China expands its global market presence, it is consistently working to collaborate with there are continuous efforts to collaborate with partner countries. Additionally, China is actively monitoring and adjusting trade policies in response to sectoral needs.

To ensure timely delivery and high-quality fruit exports in the future, Myanmar must enhance its transportation infrastructure, particularly along border routes. In addition, investments in cold storage and international-standard packaging are essential. It is also necessary to reduce overdependence on any single market, stabilize market conditions, facilitate direct trade between farmers and Chinese buyers, and provide training in modern farming methods and cultivation systems. Further challenges include addressing the high cost of imported inputs, lowering tax burdens, and offering farmers vital resources, technical assistance, and access to real-time market information. Chinese buyers determine the purchasing price, and unsold watermelons can result in significant losses due to return shipping costs. While governments collaborate to prevent rejections and returns of export goods, exporters must meet buyer demands.

Government and private sector cooperation is essential, particularly in establishing input committees (such as those for fertilizers, pesticides, and seeds), and in providing mobile applications for timely market data. Watermelon significantly contributes to Myanmar's export earnings. Consequently, government agencies should focus on developing logistics networks, especially for border trade routes, while also supporting advancements in cold storage, packaging technology, and adherence to international standards. Policy recommendations include enhancing access to trade information, expediting permit processing, lowering trade costs through digital solutions, and fostering stronger public-private partnerships. Additional market research is necessary. Farmers must gain access to high-yield, quality varieties, modern cultivation practices, and post-harvest technologies. Furthermore, it is crucial to improve knowledge regarding pesticide residue inspection and quality control. To ensure high-quality watermelon production, farmers need access to essential technology, inputs, and credit facilities. Given the perishable nature of watermelons, investing in post-harvest technologies is crucial. To reduce reliance on the Chinese market, it is necessary to explore new markets, engage in international trade fairs, and implement promotional strategies. Myanmar should adopt both short- and long-term strategies for export promotion, technology exchange, and market linkage, facilitated through strong public-private partnerships.

**Keywords:** Watermelon export; Trade diversification; Market access; Agricultural infrastructure; Public-private partnership

# ၁။ နိဒါန်း

## ၁.၁။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါမှု

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံထားသည့် နိုင်ငံဖြစ်ပြီး မြန်မာ့လယ်ယာထွက်ကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိနေသည်။ မြန်မာ့လယ်ယာထွက်ကုန်များကို ခြုံငုံသုံးသပ်လျှင် မြန်မာနိုင်ငံသည် စပါးကို အဓိကစားသုံးသီးနှံအဖြစ် စိုက်ပျိုးပြီး ပြောင်း၊ ဆီထွက်သီးနှံအဖြစ် မြေပဲနှင့် နှမ်း၊ ပဲမျိုးစုံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်းနှင့် ဗိုလ်ကိတ်ပဲ၊ သစ်သီးဝလံများအဖြစ် သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုင်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ထောပတ်သီးနှင့် ကျွဲကောသီး၊ ဟင်းခတ်အမွှေးအကြိုင်များအဖြစ် ချင်း၊ နနွင်း၊ ငရုတ်ကောင်းနှင့် မန်ကျည်းသီးတို့အပြင် အခြား ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း စိုက်ပျိုးထုတ်လုပ် တင်ပို့လျက်ရှိနေသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ လယ်ယာထွက်ကုန်သီးနှံများကို ပြည်တွင်း၌ စားသုံးရန်အတွက်သာမကဘဲ ပြည်ပနိုင်ငံများသို့ တင်ပို့ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည်။ မြန်မာ့လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံအပါအဝင် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများကို အာဖရိကနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့လည်း တရားဝင် တင်ပို့လျက်ရှိသည်။

တရုတ်နိုင်ငံ၊ ကုန်ပစ္စည်းအရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) က မြန်မာနိုင်ငံအနေဖြင့် မင်းကွတ်သီး၊ တောကြက်မောက်သီး၊ ကြက်မောက်သီးနှင့် လိုင်ချီးသီးတို့ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး နှစ်မျိုးစလုံးဖြင့် တင်ပို့နိုင်ပြီး သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလားဆီးသီးတို့ကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများဖြစ်သည့် မူဆယ်-ရွှေလီ လမ်းကြောင်းနှင့် မိုင်းလား-တာလော့ လမ်းကြောင်းတို့မှ တရားဝင် တင်ပို့နိုင်ကြောင်းကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလက ထုတ်ပြန်ထားပြီးဖြစ်သည်ဟု သိရသည်။ လက်ရှိအချိန်တွင် မြန်မာ့လယ်ယာထွက်ကုန်များမှ ထွက်ကုန်တချို့ဖြစ်သည့် သစ်သီး (၁၀) မျိုးဖြစ်သော သရက်၊ ဖရဲ၊ သခွားမွှေး၊ မင်းကွတ်၊ ကြက်မောက်၊ လိုင်ချီး၊ လောင်ဂန်၊ ဇီးသီး၊ ငှက်ပျောနှင့် နာနတ်သီးတို့ကို တရုတ်နိုင်ငံသို့ နယ်စပ်လမ်းကြောင်းအသစ်များ ထပ်မံတိုးချဲ့ပြီး တရားဝင်တင်ပို့ခွင့်ရရှိပြီ ဖြစ်ပါသည် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။

အဆိုပါသီးနှံများကို ယခင်က ကချင်ပြည်နယ်ဘက် ကံပိုင်တည်နှင့် လွယ်ဂျယ် နယ်စပ်ဂိတ်ပေါက်များမှ တင်ပို့၍မရခြင်းကြောင့် မူဆယ်ဘက်မှတစ်ဆင့် တင်ပို့ခဲ့ရသည်။ နယ်စပ်ဂိတ်ပေါက်တိုင်းနီးပါးမှ တင်ပို့၍ရပါက သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များမှာ သက်သာသွားမည် ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ခွင့်ရရှိထားသည့် သစ်သီး (၁၀) မျိုးအနက် သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလားဆီးသီး စသည့် သစ်သီးလေးမျိုးအား မူဆယ်-ရွှေလီ၊ မိုင်းလား-တာလော့ ဂိတ်နှစ်ခုမှသာ တင်သွင်းရန် ကန့်သတ်ခဲ့ရာမှ တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) အနေဖြင့် ယင်းကန့်သတ်ချက်ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်မှစတင်၍ ဖယ်ရှားပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ငှက်ပျောသီးတင်ပို့ရေး

အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူစာချုပ် (SPS Protocol) ကို မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တို့ လက်မှတ်ရေးထိုးပြီးဖြစ်၍ လက်ရှိတွင် SPS Protocol (၉) စောင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံမှ ထွက်ရှိသော သီးနှံများကို တရုတ်နိုင်ငံသို့ လေကြောင်းမှတစ်ဆင့် တင်ပို့နိုင်ရန် စီစဉ်လျက်ရှိပါသည်။

ဖရဲသီး၏ ရုက္ခဗေဒအမည်မှာ Citrullus Lanatus ဟု ခေါ်ပါသည်။ မူရင်းဒေသမှာ အာဖရိကတိုက်ဖြစ်ပြီး အာဖရိကအရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်း (၅,၀၀၀) ကတည်းက စိုက်ပျိုးထုတ်လုပ်သုံးစွဲခဲ့ကြသည်ဟု ယူဆရပါသည်။ ယခုအခါ ကမ္ဘာတစ်ဝှမ်းတွင် ဖရဲသီးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံပေါင်း (၁၂၀) ထိရှိပြီး ရာသီဥတုမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သော သီးနှံတစ်ခု ဖြစ်ပါသည်။ ဖရဲသီးကို စတင်စိုက်ပျိုးသည်မှ ရက်ပေါင်း (၁၀၀) အကြာတွင် အသီးများကို ဆွတ်ခူးနိုင်သည့်အတွက် စီးပွားရေးအရ တွက်ခြေကိုက်၍ စိုက်ပျိုးသူများလှသည်။ ငွေမြန်မြန်ပေါ်သော သစ်သီးတစ်မျိုးအဖြစ် တောင်သူများ သဘောကျကြပါသည်။ အစောဆုံး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် နိုင်းမြစ်ဝှမ်းဒေသတစ်လျှောက်တွင် ဘီစီ (၂,၀၀၀) ကျော် (လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်) အချိန်ကတည်းက စိုက်ပျိုးခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါသည်။ ထိုမှတစ်ဆင့် အေဒီ (၇) ရာစုတွင် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ အေဒီ (၁၀) ရာစုတွင် တရုတ်နိုင်ငံသို့လည်းကောင်း အသီးသီး ရောက်ရှိခဲ့သည်ဟု သိရှိရပါသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကြား၌ တည်ရှိနေသဖြင့် ယင်းနိုင်ငံတို့မှတစ်ဆင့် ပျံ့နှံ့ဝင်ရောက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။




ဇာစ်မြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၁) နှစ်အလိုက် ကမ္ဘာ့ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

ဖရဲသီးကို ကမ္ဘာတစ်ဝှမ်းတွင် နှစ်စဉ်တန်ချိန် သန်း (၁၀၀) ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး တရုတ်၊ တူကီယဲ၊ အိန္ဒိယ၊ ဘရာဇီးနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့သည် ဖရဲသီး အဓိကစိုက်ပျိုးထုတ်လုပ်သော နိုင်ငံများထဲတွင် နှစ်စဉ်ပါဝင်လျက် ရှိပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာ့ဖရဲသီး စိုက်ပျိုး

ထုတ်လုပ်မှု အချက်အလက်များအရ ၂၀၁၆ ခုနှစ်တွင် တန်ချိန် (၁၀၂.၄) သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပြီး ထုတ်လုပ်မှုအများဆုံးနှစ် ဖြစ်ခဲ့ပါသည်။ ထုတ်လုပ်မှုမြင့်တက်ခဲ့ရခြင်းမှာ အမေရိကန်၊ ဥရောပနှင့် ကနေဒါ နိုင်ငံများတွင် ဝယ်လိုအားများလာခြင်းများကို ဖြည့်ဆည်းနိုင်ရန် ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်သည် ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု အနည်းဆုံးနှစ်ဖြစ်ခဲ့ပြီး တန်ချိန် (၉၉.၉၆) သန်းခန့်သာ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ ၎င်းနှစ်တွင် မိုးခေါင်ခြင်း၊ ထုတ်လုပ်မှုစရိတ်ကြီးခြင်းနှင့် ဆောင်းရာသီ ရှည်ကြာခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှုနည်းခဲ့ရခြင်းဖြစ်သည်ဟု ခန့်မှန်းတွက်ချက်ထားပါသည် (ပုံ ၁) (Agribusiness Bulletin၊ ၂၀၂၄)။

ယနေ့အခါ ကမ္ဘာပေါ်တွင် ဖရဲသီးထုတ်လုပ်မှုမှာ တန်ချိန်ပေါင်း သန်း (၁၀၀) ခန့် နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးထုတ်လုပ်မှု၏ သုံးပုံနှစ်ပုံခန့်၊ တန်ချိန်သန်းပေါင်း (၇၀) ကျော် ထုတ်လုပ်လျက်ရှိပါသည်။ ယင်းနောက် တူကီယဲနိုင်ငံ (တန်ချိန် (၄) သန်းကျော်)၊ အီရန်နိုင်ငံ (တန်ချိန် (၃.၈) သန်းကျော်)၊ ဘရာဇီးနိုင်ငံ (တန်ချိန် (၂) သန်းကျော်) နှင့် အီဂျစ်နိုင်ငံ (တန်ချိန် (၁.၈) သန်းကျော်) စသည်ဖြင့် အသီးသီး စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။ ကမ္ဘာပေါ်တွင် ဖရဲသီးကို နှစ်ခြိုက်စွာစားသုံးမှု အများဆုံးမှာ တရုတ်လူမျိုးများဖြစ်ပြီး နိုင်ငံတွင်း ထုတ်လုပ်ရုံသာမက ပြည်ပနိုင်ငံများမှပါ တင်သွင်းစားသုံးလျက်ရှိသည်။




ဇာစ်မြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၂) ၂၀၂၂ ခုနှစ်၏ နိုင်ငံအလိုက် ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

၂၀၂၂ ခုနှစ် ကမ္ဘာ့ဖရဲသီးထုတ်လုပ်မှု အချက်အလက်များအရ တရုတ်နိုင်ငံသည် ကမ္ဘာ့ဖရဲသီး ထုတ်လုပ်မှု၏ (၆၁) ရာခိုင်နှုန်းဖြင့် အများဆုံး ထုတ်လုပ်သည့်နိုင်ငံ ဖြစ်ပါသည်။ တူကီယဲ၊ အိန္ဒိယ၊ အယ်လ်ဂျီးရီးယား၊ ဘရာဇီး၊ ရုရှား၊ ပါကစ္စတန်၊ အမေရိကန်၊ ဆီနီဂေါ၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့သည် ထုတ်လုပ်မှု အများဆုံးနိုင်ငံများထဲတွင် ပါဝင်ခဲ့ပါသည်။ တရုတ်နိုင်ငံသည် ဖရဲသီးထုတ်လုပ်မှုများရခြင်းမှာ ဖရဲသီးသည် နိုင်ငံတွင်းတွင် အမေရိကန်ဒေါ်လာ (၂၉၀) ဘီလီယံတန်ဖိုးရှိ စက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတွင်းထွက်ရှိသော ဖရဲသီးအများစုကို တရုတ်နိုင်ငံတွင် စားသုံးလျက်ရှိပြီး ၂၀၁၉ ခုနှစ် စာရင်းအင်းအချက်အလက်များအရ တစ်နှစ်လျှင် အသီးတန်ချိန် သန်း (၇၀) ခန့် စားသုံးကြောင်း တွေ့ရှိရပါသည် (Chinese

news outlet People.cn reports)။ တရုတ်နိုင်ငံရှိ ဖရဲသီးအများစုသည် Gansu ပြည်နယ်တွင် စိုက်ပျိုးကြပြီး ဒေသ၏ရာသီဥတုမှာ ဖရဲသီး စိုက်ပျိုးဖြစ်ထွန်းမှုကောင်းသော ရာသီဥတုဖြစ်သောကြောင့် ၎င်းဒေသမှ ထွက်ရှိလာသော အသီးများသည် အရည်အသွေး အထူးကောင်းမွန်ကြသည် (ပုံ ၂) (Agribusiness Bulletin၊ ၂၀၂၄)။

ဖရဲသီးမျိုးစိတ်ပေါင်း (၅၀) ကျော်ကို ကမ္ဘာတစ်ဝှမ်းတွင် စိုက်ပျိုးကြပြီး၊ ဖရဲသီးကို အစေ့ပါ၊ အစေ့လွတ်၊ မီနီဖရဲ၊ အတွင်းသားအဝါရောင်နှင့် လိမ္မော်ရောင်အသီးဟူ၍ ယေဘုယျအားဖြင့် (၅) မျိုး ခွဲခြားထားပါသည်။ ဖရဲသီးသည် သဘာဝအားဖြင့် အစေ့များပါဝင်သော်လည်း အစေ့လွတ်မျိုးကွဲများလည်း ရှိလာသောကြောင့် စားသုံးသူများကို ပိုမိုနှစ်သက်လာစေပြီး ဖရဲသီးဈေးကွက်လည်း ပို၍ကောင်းခဲ့သည်။ ဖရဲသီးမျိုးကွဲများစွာရှိသောကြောင့် အသီးပုံသဏ္ဍာန်၊ အသီးအရောင် သို့မဟုတ် ပုံစံနှင့် အရွယ်အစား အမျိုးမျိုးရှိပြီး အဝါရောင်နှင့် လိမ္မော်ရောင်ရှိသော ဖရဲသီးမျိုးကွဲများသည် စားသုံးသူအသစ်များအတွက် ဈေးကွက်တွင်း ပို၍ ဆွဲဆောင်မှု ရှိပါသည်။ ဖရဲသီးကို အချိုပွဲ၊ သစ်သီးသုပ်၊ မနက်စာအနေဖြင့် စားသုံးခြင်းနှင့် နွေရာသီတွင် အပူဒဏ်သက်သာစေသော အသီးအဖြစ် အစိမ်းစားခြင်းနှင့် နွားနို့၊ သကြားများဖြင့်လည်း ဖျော်၍သောက်သုံး ကြပါသည်။ ဖရဲသီးကို အသားစားရန် အတွက်သာမက အခြား နည်းလမ်းအမျိုးမျိုးဖြင့်လည်း စားသုံးကြသည်။

ဖရဲသီးဖြင့်ပြုလုပ်သော မုန့်အမျိုးမျိုး၊ ဖရဲသီးယို၊ ဖရဲသီးဝိုင်၊ ဖရဲသီးဒိန်ချဉ်၊ ဖရဲသီးအမှုန့်၊ ဖရဲသီးဖျော်ရည်များနှင့် ဖရဲသီးအစေ့ကို ဖရဲစေ့လှော်၊ ဖရဲစေ့အမှုန့်ကို မွေးစကလေးငယ်များအတွက် ဖြည့်စွက်စာများတွင် ထည့်သွင်းအသုံးပြုခြင်း၊ ဖရဲသီးစေ့ဆီ၊ မုန့်ဖုတ်ပေါင်ဒါ (ဂျုံမှုန့်) များတွင် ဖရဲခွံအမှုန့်များရော၍ အသုံးပြုခြင်း စသည့် နည်းလမ်းအမျိုးမျိုးဖြင့်လည်း အသုံးပြုကြပါသည်။ ဖရဲသီးကို စားသုံးရန်အပြင် ဖရဲသီး၏ အစေ့သည်လည်း ဖရဲသီးအစေ့ဈေးကွက် ရှိပါသည်။ ၂၀၂၂ ခုနှစ်တွင် ဖရဲသီးအစေ့ကို တင်ပို့ရောင်းချရာ၌ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း (၃,၀၀၀) ရရှိပြီး ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း (၄,၅၀၀) အထိ ရရှိမည်ဟု မျှော်မှန်းထားပါသည်။ ဖရဲသီးအစေ့တွင် မဂ္ဂနီဆီယမ် ကြွယ်ဝစွာပါဝင်ပြီး အသားအရေအတွက် ကောင်းမွန်စေသောကြောင့် အစေ့မှရရှိသောအဆီကို အမျိုးမျိုးသော အလှကုန်ပစ္စည်းများတွင်လည်း တွင်ကျယ်စွာ အသုံးပြုလျက် ရှိကြပါသည် (Agribusiness Bulletin၊ ၂၀၂၄)။

၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်းနှစ်အလိုက် ကမ္ဘာ့ဖရဲသီး ရိတ်သိမ်းမှုများတွင် စုစုပေါင်းရိတ်သိမ်းမှုဟက်တာ (၃.၂) သန်းကျော်ဖြင့် ၂၀၁၆ ခုနှစ်တွင် ရိတ်သိမ်းမှုအများဆုံး ဖြစ်ခဲ့ပါသည်။ အဆိုပါနှစ်၏ ဖရဲသီးအများဆုံး ရိတ်သိမ်းခဲ့သော နိုင်ငံများမှာ တရုတ်၊ ရုရှား၊ အီရန်၊ အိန္ဒိယ၊ တူကီယဲ၊ ဘရာဇီး၊ အာဖဂန်နစ္စတန်၊ အယ်လ်ဂျီးရီးယား၊ ဥဇဘက်ကစ္စတန်နှင့် အီဂျစ်နိုင်ငံတို့ ဖြစ်ကြပါသည်။ ယင်းနိုင်ငံများသည် ၂၀၁၆ ခုနှစ်တွင် ဖရဲသီးဟက်တာပေါင်း (၂.၃၄) သန်း ရိတ်သိမ်းနိုင်ခဲ့သဖြင့် ကမ္ဘာ့ဖရဲသီး ရိတ်သိမ်းဧရိယာ စုစုပေါင်းတွင် (၇၃) ရာခိုင်နှုန်းအထိ ပါဝင်ခဲ့ပြီး ကျန်နိုင်ငံများသည် (၂၇) ရာခိုင်နှုန်းသာ ပါဝင်ခဲ့ပါသည်။ ဖရဲသီး ရိတ်သိမ်းမှုဟက်တာအနည်းဆုံးဖြစ်ခဲ့သည့် ၂၀၂၂ ခုနှစ်တွင် စုစုပေါင်းရိတ်သိမ်းမှု ဟက်တာပေါင်း (၂.၉၂) သန်းဖြင့် ထုတ်လုပ်မှုအနည်းဆုံးနှစ် ဖြစ်ခဲ့ပါသည်။ ယင်းနှစ်တွင် ဖရဲသီးထုတ်လုပ်မှု အများဆုံးဖြစ်သော တရုတ်နိုင်ငံသည် ရိတ်သိမ်းမှုဟက်တာပေါင်း (၁.၄) သန်းကျော်ဖြင့် ကမ္ဘာ့ရိတ်သိမ်းမှု၏ (၄၈) ရာခိုင်နှုန်း ရှိပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ ကမ္ဘာ့ဖရဲသီး ရိတ်သိမ်းမှုဟက်တာများသည် အနည်းငယ်စီ ကျဆင်းလာခဲ့ကြောင်း တွေ့ရပါသည် (ပုံ ၃) (Agribusiness Bulletin, ၂၀၂၄)။




ဇာစ်မြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၃) နှစ်အလိုက် ကမ္ဘာ့ဖရဲသီးရိတ်သိမ်းမှု အခြေအနေ

မြန်မာနိုင်ငံမှ ဖရဲသီးများကို တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် နှစ်စဉ်တင်ပို့ ရောင်းချလျက် ရှိပါသည်။ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ဖရဲမျိုးစေ့များကို တရုတ်၊ မြန်မာကုန်သည်များမှတစ်ဆင့် ဖြန့်ဖြူးပေးဝေပြီး ထွက်သမျှ ဖရဲသီးထုတ်ကုန်များအားလုံးကို တရုတ်နိုင်ငံ အတွင်းသို့ ဝယ်ယူတင်သွင်းလျက် ရှိပါသည်။ ဤနည်းလမ်းများဖြင့် မြန်မာ့ဖရဲစိုက်ပျိုးသော တောင်သူများ အတွက် ခိုင်မာသော ဈေးကွက်တစ်ခုကို ရရှိစေပြီး ဝင်ငွေတိုးစေသဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိသော လုပ်ငန်း တစ်ခု ဖြစ်ပါသည် (ဒေါက်တာခင်မောင်လွင်၊ ၂၀၂၃ ခုနှစ်)။

## ၁.၂။ ပြည်တွင်းနှင့် ပြည်ပပို့ကုန်ဈေးကွက်တွင် ထုတ်ကုန်၏ အရေးပါမှု

ဖရဲသီးကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS Code မှာ (၀၈၀၇၁၀) ဖြစ်ပြီး ကုန်စည်အမည် ဖော်ပြချက်မှာ Fruit, edible; melons (including watermelons), fresh ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၏ ကမ္ဘာ့ဖရဲသီးတင်ပို့မှုသည် တန်ချိန် စုစုပေါင်း (၅.၁) သန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃.၆) ဘီလီယံရှိခဲ့ပြီး ဖရဲသီးတင်ပို့သော နိုင်ငံပေါင်း (၈၆) နိုင်ငံရှိခဲ့ပါသည်။ အဓိကတင်ပို့သော နိုင်ငံများမှာ စပိန်၊ မက္ကဆီကို၊ ဂွာတီမာလာ၊ အမေရိကန်နှင့် မော်ရိုကိုနိုင်ငံတို့ဖြစ်ပြီး အဆိုပါ (၅) နိုင်ငံ၏ တင်ပို့မှုပမာဏသည် ကမ္ဘာ့ဖရဲသီးတင်ပို့မှု စုစုပေါင်း၏ (၅၃) ရာခိုင်နှုန်း ဖြစ်ပါသည် (ပုံ ၄)။ မြန်မာနိုင်ငံသည် တင်ပို့မှုတန်ချိန် ထောင်ပေါင်း (၉၄.၁)၊ အမေရိကန်ဒေါ်လာ (၄၄.၀၄) သန်းကျော်ဖြင့် ကမ္ဘာ့အဆင့် (၁၅) တွင် ရပ်တည်လျက် ရှိပြီး တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ တင်ပို့လျက် ရှိပါသည် (Agribusiness Bulletin၊ ၂၀၂၄)။

၂၀၂၂ ခုနှစ်၌ ကမ္ဘာ့ဖရဲသီး တင်သွင်းသော နိုင်ငံပေါင်း (၁၀၁) နိုင်ငံရှိခဲ့ပြီး တင်သွင်းမှု ပမာဏမှာ တန်ချိန် (၅.၇) သန်း၊ အမေရိကန်ဒေါ်လာ (၄.၅) ဘီလီယံကျော် ဖြစ်ပါသည်။ အဓိက တင်သွင်းလျက်ရှိသော နိုင်ငံများမှာ အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဂျာမနီ၊ ပြင်သစ်နှင့် ယူအေအီးတို့ဖြစ်ပြီး တင်သွင်းမှုတန်ဖိုးအနေ

ဖြင့် ကမ္ဘာ့တင်သွင်းမှု၏ (၅၃) ရာခိုင်နှုန်း ရှိပါသည် (ပုံ ၄)။ မြန်မာနိုင်ငံသည်လည်း ဖရဲသီးတင်သွင်းမှု အနည်းငယ်ရှိပြီး တန်ချိန် (၂၇) တန်ခန့်၊ အမေရိကန်ဒေါ်လာ (၁) သိန်းကျော် ဝယ်ယူတင်သွင်းခဲ့ရသဖြင့် ကမ္ဘာ့ အဆင့် (၈၂) တွင်ရောက်ရှိနေပြီး ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ အဓိကထား တင်သွင်းနေပါသည် (Agribusiness Bulletin၊ ၂၀၂၄)။







ဇာစ်မြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၄) ၂၀၂၂ ခုနှစ် ဖရဲသီးတင်ပို့၊ တင်သွင်းမှု အများဆုံးနိုင်ငံများ (WITS, World Bank, ၂၀၂၂)

ကမ္ဘာ့ဖရဲသီးဈေးကွက်တွင် နိုင်ငံအတွင်း ရောင်းဝယ်ဖောက်ကားနိုင်မှုနှင့် ရာသီဥတုအခြေအနေများ သည် ဖရဲသီးရောင်းဝယ်ဖောက်ကားမှုနှင့် ဈေးနှုန်းများအပေါ် လွှမ်းမိုးမှုရှိပါသည်။ ကမ္ဘာ့ဖရဲသီးတင်ပို့မှု အများဆုံးနိုင်ငံများတွင်ပါဝင်သော နယ်သာလန်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မိုးသီးမုန်တိုင်း ကြောင့် ဖရဲသီးအထွက်နှုန်းများ ကျဆင်းခဲ့ပြီး စပိန်သို့ ဖရဲသီးတင်ပို့မှုများ ကျဆင်းခဲ့ပါသည်။ ဂျာမနီနိုင်ငံ သည် ဖရဲသီးဝယ်လိုအား များနေသော်လည်း ၎င်းအဓိကတင်သွင်းမှု အများဆုံးနိုင်ငံများတွင် ပါဝင်သော အီတလီနိုင်ငံသည် အပူချိန်လွန်ကဲမှုများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့ပြီး တင်ပို့မှုများ လျော့နည်းခဲ့ရပါ သည်။ ပြင်သစ်နိုင်ငံသည်လည်း မုန်တိုင်းကျရောက်မှုများကြောင့် ဖရဲသီးအထွက်နှုန်း ထိခိုက်ခဲ့ရပြီး ထုတ် လုပ်မှုပမာဏများလျော့ကျကာ ဈေးနှုန်းမြင့်မားမှုများ ကြုံတွေ့ခဲ့ရသည်။ ဆွီဒင်နိုင်ငံတွင် ခြောက်သွေ့သော ရာသီဥတုအခြေအနေများသည် ဒေသတွင်း ဖရဲသီးထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိပြီး စပိန်နိုင်ငံမှ ဖရဲသီး များသည် တည်ငြိမ်သောဈေးနှုန်း၊ အရည်အသွေးဖြင့် ဈေးကွက်သို့ ဝင်ရောက်လာခဲ့ပါသည်။

အီတလီနိုင်ငံတွင် စိုက်ပျိုးချိန်နှောင့်နှေးခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် ဖရဲသီး အရေအတွက် ကန့်သတ်ချက်များနှင့် ဈေးနှုန်းများ မြင့်မားလာခဲ့သော်လည်း အပြုသဘောဆောင်သော ဈေးကွက်တုံ့ပြန်မှုကို ဖြစ်လာနိုင်မည်ဟု မျှော်လင့်ထားသည်။ ထို့အပြင် မြောက်အမေရိကရှိ ဖရဲသီးဈေး ကွက်သည် ခိုင်မာသေချာသော ရောင်းလိုအားနှင့် ဝယ်လိုအားတို့ကို ကြုံတွေ့ခဲ့ရပြီး မကြာသေးမီနှစ်များ အတွင်း ဈေးကွက်အကောင်းဆုံး ဖရဲသီးဈေးကွက်များထဲမှ တစ်ခုဖြစ်လာခဲ့သည်။ ယေဘုယျအားဖြင့် ဖရဲသီး ဈေးကွက်သည် မတူညီသော ဒေသအမျိုးမျိုးရှိ ရောင်းလိုအားနှင့် ဈေးနှုန်းများအပေါ် လွှမ်းမိုးမှုရှိသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိပါသည် (Agribusiness Bulletin၊ ၂၀၂၄)။

ကမ္ဘာ့ဖရဲသီးတင်ပို့မှု အများဆုံးဖြစ်သော စပိန်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ရာသီဥတု ဆိုးရွားစွာ ပြောင်းလဲခဲ့သောကြောင့် ရိတ်သိမ်းခါနီး ဖြစ်ပွားခဲ့သော မုန်တိုင်းများ၏ အကျိုးဆက်ကို ခံစားခဲ့ရသည်။ မိုးရွာသွန်းမှုများခဲ့ပြီး မိုးသီးကြွေကျခြင်းများကြောင့် စိုက်ခင်းများ အများအပြားပျက်စီးခဲ့ကာ ပိုးမွှားနှင့် မှိုကျ ရောက်ခြင်းများ ဖြစ်ပေါ်စေခဲ့သဖြင့် စပိန်နိုင်ငံ၏ ဖရဲသီးထုတ်လုပ်မှုများအပေါ် သက်ရောက်မှုရှိခဲ့ပါသည်။ ထို့အပြင် အပူချိန်မြင့်မားမှုကြောင့် မေလတွင် ဈေးကွက်ဝယ်လိုအား အလွန်များခဲ့ပြီး၊ ဖရဲသီးဈေးနှုန်းများ ကြီးမြင့်ခဲ့ရသည်။ ၂၀၂၂ ခုနှစ်တွင် ဖရဲသီးတင်ပို့မှုဈေးနှုန်းသည် ပျမ်းမျှအားဖြင့် တစ်တန်လျှင် အမေရိကန် ဒေါ်လာ (၇၉၅) ရှိပြီး ယခင်နှစ် ဈေးနှုန်းများထက် (၃၉) ရာခိုင်နှုန်း တိုးလာခဲ့သည်။ ၂၀၁၂ မှ ၂၀၂၂ ခုနှစ် ကာလအတွင်း ဖရဲဈေးနှုန်းများသည် ပျမ်းမျှအားဖြင့် (၄.၂) ရာခိုင်နှုန်းဖြင့် နှစ်စဉ်တိုးလာခဲ့သည်။ ရလဒ် အနေဖြင့် ပို့ကုန်ဈေးနှုန်းသည် အထွတ်အထိပ်သို့ ရောက်ရှိပြီး ဆက်လက်၍ ဈေးနှုန်းများ ပိုကောင်းလာနိုင် ပါသည်။ ၂၀၂၂ ခုနှစ်တွင် ထိပ်တန်းတင်ပို့နေသည့် နိုင်ငံများထဲမှ အမြင့်ဆုံးဈေးနှုန်းအနေဖြင့် ဒိန်းမတ် နိုင်ငံသည် ဖရဲသီးတစ်တန်လျှင် အမေရိကန်ဒေါ်လာ (၉၈၃) ရှိပြီး ပေါ်တူဂီသို့တင်ပို့သည့် ပျမ်းမျှဈေးနှုန်း (တစ်တန်လျှင် ၅၈၃ ဒေါ်လာ) မှာ အနိမ့်ဆုံးဖြစ်သည်။ ယခင်ဖရဲတင်ပို့မှုဈေးနှုန်းများအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဈေးနှုန်းအမြင့်ဆုံးရရှိခဲ့ပြီး၊ လစဉ် (၂၁) ရာခိုင်နှုန်းခန့် တိုးမြင့်လာခဲ့ပါသည်။ ဖရဲသီးတစ်တန် ၏ ပျမ်းမျှပို့ကုန်ဈေးနှုန်းသည် တစ်တန်လျှင် (၉၅၈) ဒေါ်လာဖြင့် အမြင့်ဆုံးဈေးနှုန်း ရောက်ရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ဖရဲသီးတင်သွင်းမှု အများဆုံးဖြစ်သော အမေရိကန်နိုင်ငံ၏ ပျမ်းမျှတင်သွင်း မှုဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆၁၀) ရရှိခဲ့သော်လည်း ဇွန်လနှင့် နှိုင်းယှဉ်ပါက (၁၀.၅) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ဖရဲသီးအပါအဝင် သစ်သီးဝလံများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း ဖြင့် ပြည်ပနိုင်ငံများသို့ နေ့စဉ်တင်ပို့လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်း သစ်သီးဝလံတင်ပို့မှု မှာ တန်ချိန် (၅၁၇,၀၅၉) တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၈၈.၃၈၁) သန်းရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့အနက် ဖရဲသီးတင်ပို့မှုမှာ တန်ချိန် (၁၁၆,၀၇၀.၃) တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၁.၄၃၁) သန်းရှိသည်ကို တွေ့ရှိရပါသည်။ ဖရဲသီးတင်ပို့မှုမှရရှိသော ပြည်ပဝင်ငွေသည် သစ်သီးဝလံများအားလုံး တင်ပို့မှု၏ (၆) ရာခိုင်နှုန်းခန့်ရှိပြီး ဒုတိယအများဆုံး ပြည်ပဝင်ငွေရရှိသည့် သီးနှံဖြစ်သည်ကို တွေ့ရှိရ ပါသည်။ ပြည်ပ ဝင်ငွေ အများဆုံးရရှိသည့်သီးနှံမှာ တစ်သျှူးငှက်ပျောဖြစ်ပြီး သစ်သီးဝလံအားလုံးတင်ပို့မှု၏ (၉၁) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် ဖရဲသီးတင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ (၅) နှစ်အတွင်း နိုင်ငံပေါင်း (၆) နိုင်ငံသို့ တင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ အဓိက တင်ပို့လျက်ရှိသောနိုင်ငံများမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စုစုပေါင်းတင်ပို့မှု၏ (၉၉) ရာခိုင်နှုန်းအထက်ကို အဆိုပါနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အခြား တင်ပို့လျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ စင်ကာပူ၊ ရုရှားနှင့် ယူအေအီးနိုင်ငံတို့ ဖြစ်ကြပါသည်။ ၎င်း (၅) နှစ်တာအတွင်း တင်ပို့မှုများအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သည် ဖရဲသီးတင်ပို့မှု အများဆုံးနှစ်ဖြစ်ခဲ့ပြီး နိုင်ငံပေါင်း (၄) နိုင်ငံသို့ တင်ပို့သည့် တန်ချိန် (၇၉၆,၉၃၆.၂)၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်း (၆၇.၄၈) သန်း ရှိခဲ့ပါသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံပေါင်း (၆) နိုင်ငံသို့ တင်ပို့တန်ချိန် (၆၁၄,၀၇၇.၆၂)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၅၄.၅၃) သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နိုင်ငံပေါင်း (၄) နိုင်ငံသို့ တင်ပို့တန်ချိန် (၄၆၄,၁၇၀.၃၅)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၄၃.၇၆)၊ ၂၀၂၁-၂၀၂၂ Mini Budgetတွင် နိုင်ငံပေါင်း (၃) နိုင်ငံသို့ တင်ပို့တန်ချိန် (၇၅,၃၆၆.၃၅)၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၅.၆၅) သန်းတင်ပို့ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံပေါင်း (၃) နိုင်ငံသို့ တင်ပို့တန်ချိန် (၁၅၂,၉၇၁.၁)၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၁၆.၄၄) သန်းအသီးသီးတင်ပို့ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သည် (၅) နှစ်အတွင်း တင်ပို့မှုအများဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး တရုတ်နိုင်ငံသို့တင်ပို့မှုသည် စုစုပေါင်းတင်ပို့မှု၏ (၉၉) ရာခိုင်နှုန်းခန့် တင်ပို့ခဲ့သည့်အတွက် တင်ပို့မှုပမာဏ မြင့်တက်ခဲ့ခြင်းဖြစ်ပါသည် (ပုံ ၅) (နောက်ဆက်တွဲ-စ)။




ရင်းမြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၅) ၂၀၁၈-၂၀၁၉ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဖရဲသီးတင်ပို့မှု အခြေအနေပြဂရပ်

မြန်မာနိုင်ငံတွင် ဖရဲသီးကို သုံးရာသီလုံးစိုက်ပျိုးနိုင်ပြီး ဖရဲရာသီပေါ်ချိန်သည် အခြားသော ရာသီသီးနှံများထက် အချိန်ပိုကြာမြင့်ပြီး အခြားသောအသီးများထက် ကုန်ချိန်ပမာဏလည်း အမြောက်အများ ထွက်ရှိသည့် ကုန်စည်တစ်မျိုး ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ခုနှစ်ကာလတွင် ဖရဲစိုက်ပျိုးသည့် တောင်သူများ

ယခင်နှစ်ထက် ပိုများလာသည်။ ဖရဲစိုက်တောင်သူများသည် တစ်နှစ်ထက်တစ်နှစ် မမျှော်မှန်းနိုင်သော ဈေးကွက်အပြောင်းအလဲများကို အမြဲကြုံတွေ့ရပြီး ရောင်းအားကောင်းခဲ့သည့် နှစ်များရှိသလို အရှုံးပေါ်ခဲ့သည့် နှစ်များလည်း ရှိပါသည်။ ၂၀၂၂ ခုနှစ် ကိုဗစ်ကာလနောက်ပိုင်း နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ပွင့်လင်းလာခဲ့ပြီး ဖရဲစိုက်တောင်သူများ တရုတ်ဈေးကွက်သို့ တင်ပို့မှုအခြေအနေ အထိုက်အလျောက် ကောင်းမွန်ခဲ့သည်။ မြန်မာ့ဖရဲသီးများကို ပြည်ပဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသို့ အဓိက တင်ပို့လျက်ရှိပြီး ထိုင်း၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများသို့လည်း တင်ပို့မှုရှိသည်။ မြန်မာနိုင်ငံမှ ရာသီအလိုက် သစ်သီးဝလံ ပို့ကုန်များတွင် ဖရဲသီးတင်ပို့မှုသည် ကာလရှည်ကြာဆုံးဖြစ်သည်။

ကမ္ဘာ့ဘဏ် WITS (၂၀၂၂) ၏ အချက်အလက်များကို လေ့လာရာတွင် မြန်မာနိုင်ငံမှ ဖရဲသီးများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ဖရဲသီးစုစုပေါင်း တန်ချိန်ထောင်ပေါင်း (၉၃.၉) ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၃.၉၆) သန်းကျော်၊ ထိုင်းနိုင်ငံသို့ (၁၉၂.၅) တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၆၄,၉၆၀)၊ အိန္ဒိယနိုင်ငံသို့ (၁၇.၅) တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၇,၅၅၀)၊ စင်ကာပူနိုင်ငံသို့ (၂၅) တန်၊ အမေရိကန်ဒေါ်လာ (၆,၂၅၀) နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂) တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၄၁၀) တင်ပို့ခဲ့ပါသည်။ မြန်မာနိုင်ငံမှ ဖရဲသီးများကို ကမ္ဘာ့နိုင်ငံများသို့ တင်ပို့နိုင်မှုသည် စုစုပေါင်း တန်ချိန်ထောင်ပေါင်း (၉၄.၁) ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၄.၀၄) သန်းရှိပြီး ထိုတင်ပို့မှု စုစုပေါင်း၏ (၉၉.၉၉) ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ အခြားတင်ပို့လျက်ရှိသည့် နိုင်ငံများဖြစ်သော ကိုရီးယား၊ မလေးရှား၊ ယူအေအီးနှင့် အမေရိကန်နိုင်ငံသို့ တင်ပို့မှုများရှိခဲ့သော်လည်း တရုတ်နိုင်ငံသို့ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက အလွန်နည်းကြောင်း တွေ့ရှိရပါသည်။

ဖရဲသီးများကို တင်ပို့ရောင်းချရာတွင် အသီးများ၏ ဈေးကွက်အခြေအနေနှင့် ဈေးနှုန်းသတ်မှတ်ချက်များ တွက်ချက်ရာတွင် အဆင်ပြေလွယ်ကူစေရန် ဖရဲသီး၏ အရွယ်အစား၊ အရည်အသွေးနှင့် ပုံသဏ္ဍာန်စသည့်အချက်များပေါ် အခြေခံ၍ အဆင့်သတ်မှတ်ပြီး အမျိုးအစားများ ခွဲခြားထားပါသည်။ ထိုသို့ သတ်မှတ်ရာတွင် ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုလုံးအတွက် လိုအပ်သောစံနှုန်းများနှင့် ကိုက်ညီကြောင်း သေချာစေရန်အတွက် အရေးကြီးပါသည်။ ဖရဲသီးများကို ယေဘုယျအားဖြင့် အသီး၏ ပုံသဏ္ဍာန်နှင့် အသီးခွံအရောင် တူညီမှုရှိခြင်း စသည့် အချက်များကိုကြည့်၍ အဆင့်သတ်မှတ်ကြပြီး အချို့သော ဈေးကွက်များသည် အသီး၏ အပြင်ပိုင်းပုံစံကို သီးခြား ဦးစားပေးခြင်းများရှိသည့်အတွက် အသီးအပြင်ပိုင်း မျက်နှာပြင် အစက်အပြောက် အနည်းငယ်ရှိသော ဖရဲသီးကို ကြိုက်နှစ်သက်ကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သော ဖရဲသီးများကို အများအားဖြင့် အလေးချိန် (သို့မဟုတ်) အတိုင်းအတာပေါ်မူတည်၍ အရွယ်အစားအလိုက် အဆင့်အမျိုးအစားများ ခွဲခြားထားပါသည်။ ဖရဲသီး အမျိုးအစားများ ခွဲခြားသတ်မှတ်ရာတွင် ဖရဲသီးတစ်လုံး အလေးချိန် (၉) ကီလိုဂရမ်မှ (၁၂) ကီလိုဂရမ် ရှိလျှင် AAA အဆင့်၊ (၇) မှ (၈) ကီလိုဂရမ်ရှိလျှင် AA အဆင့်၊ (၅) မှ (၆) ကီလိုဂရမ်ရှိလျှင် A အဆင့်၊ (၄) ကီလိုဂရမ်ရှိလျှင် B အဆင့်၊ (၃) ကီလိုဂရမ်ရှိလျှင် C အဆင့်ဟူ၍ အဆင့်အမျိုးအစားများ ခွဲခြားသတ်မှတ်ထားပြီး AAA အဆင့်ဆိုလျှင် အလွန်ကြီးသောဖရဲ၊ AA အဆင့်ရှိလျှင် ကြီးသောဖရဲနှင့် A အဆင့်ရှိလျှင် ပုံမှန်ဖရဲဟူ၍ ဖရဲသီး၏ အရည်အသွေးနှင့် ရင့်မှည့်မှုများ အပေါ်မူတည်၍ ခွဲခြားထားပါသည်။ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံမှ ဖရဲသီးနှင့် သခွားမွှေးသီးများကို တရုတ်နိုင်ငံသို့ တင်ပို့မှု အဟန့်

အတားဖြစ်စေခဲ့ပြီး ကုန်တင်ကားများ အချိန်ကြန့်ကြာမှုများသည် ဖရဲသီးအရည်အသွေးကို ထိခိုက်ပျက်စီးစေခဲ့သောကြောင့် တရုတ်နိုင်ငံသို့တင်ပို့သော ကုန်တင်ကား (၅) စီးတွင် (၁) စီးသာ အသီးအရည်အသွေး မပျက်စီးဘဲ ကောင်းမွန်စွာ တင်ပို့နိုင်ကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ် စာရင်းအင်းအချက်အလက်များအရ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံမှ ဖရဲသီးများကို တရုတ်နိုင်ငံသို့ ဖရဲသီးတင် ကုန်တင်ကားအစီးရေ စုစုပေါင်း (၇,၀၄၈) စီး၊ တန်ချိန် (၁) သိန်းကျော် တင်ပို့ခဲ့ကြောင်း မူဆယ်သစ်သီးကုန်စည်ဒိုင်မှ သိရပါသည် (Agribusiness Bulletin၊ ၂၀၂၄)။

ထို့ကြောင့် ဖရဲသီးတင်ပို့သော ကုန်သည်ပွဲစားများအနေဖြင့် ဖရဲသီးများသည် ပျက်စီးလွယ်သော အသီးများဖြစ်သောကြောင့် ပေးပို့ရန်ကြာချိန်နှင့် အမြတ်အစွန်းများကို သတိပြုမိလာကြပြီး တရုတ်နိုင်ငံအပြင် အရှေ့အလယ်ပိုင်းဈေးကွက်များဖြစ်သော ယူအေအီး၊ ကာတာနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့နိုင်ရေးကြိုးပမ်းပြီး ဈေးကွက်သစ်များကို ရှာဖွေလေ့လာလျက်ရှိကြောင်း သိရသည် (Agribusiness Bulletin, ၂၀၂၄)။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ၊ ပထမပတ်မှစတင်၍ မြန်မာနိုင်ငံမှ အစေ့မဲ့ဖရဲသီး (၂၅) တန်အား ပထမဆုံးအနေဖြင့် ဒူဘိုင်းသို့တင်ပို့ခဲ့ပြီး ကြိုက်နှစ်သက်ပါက တစ်နှစ်ပတ်လုံး ဝယ်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ တင်ပို့နိုင်မည်ဆိုပါက မြန်မာ့ဖရဲသီးဈေးကွက်သည် တည်ငြိမ်မှုရှိပြီး ဈေးကွက်သစ်ဖြင့် အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဖြစ်ပါသည် (ASIAFRUIT၊ ၂၀၂၀)။

ဖရဲသီးတင်ပို့မှုအနေဖြင့် တရုတ်ဈေးကွက်အပြင် UAE (ဒူဘိုင်း) ဈေးကွက်သစ်သို့ ချဲ့ထွင်တင်ပို့နေပြီဖြစ်ရာ ပထမအကြိမ် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အစေ့မဲ့ဖရဲ (၅) တန် စတင် တင်ပို့နိုင်ခဲ့ပြီး ဒုတိယအကြိမ် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် အစေ့မဲ့ဖရဲ (၂၀) တန် တင်ပို့ခဲ့ကြောင်း၊ တတိယအကြိမ် အစေ့မဲ့ဖရဲ (၂၁) တန် ဆက်လက်တင်ပို့နိုင်ခဲ့ပါသည် (ဖရဲသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း)။ UAE (ဒူဘိုင်း) ဈေးကွက်သည် အရည်အသွေးကောင်းမွန်ပါက တစ်နှစ်ပတ်လုံး ဝယ်ယူ/ရောင်းချရန် သဘောတူညီမှုရရှိထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါသည်။

ထို့ကြောင့် ဖရဲသီး စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ တင်ပို့ရောင်းချသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် မူဆယ်၌ ဖြစ်ပေါ်နေသည့် ဖရဲဈေးကွက်၊ ဈေးနှုန်းဆိုင်ရာ အခြေအနေများကို စုံစမ်းမေးမြန်း၍ ခူးဆွတ်တင်ပို့သင့်သည့် အပြင် UAE (ဒူဘိုင်း) ဈေးကွက်သစ်သို့ အရည်အသွေးကောင်းမွန်သည့် အသီးများတင်ပို့နိုင်ရေး၊ တရုတ်ဈေးကွက် တစ်ခုတည်းမမှီခိုဘဲ ဥရောပဈေးကွက်သစ်သို့ ချဲ့ထွင်နိုင်ရေးအတွက် အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင်များ၊ သက်ဆိုင်ရာဌာနများက သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးသင့်ပါသည်။

## ၁.၃။ မဲခေါင်-လန်ချန်းနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍများ

မြန်မာနိုင်ငံ၏ ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများအနက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation-MLC) သည် သိသာထင်ရှားသော ရလဒ်များဖြင့် အရှိန်အဟုန်မြင့် လက်တွေ့ကျကျ လည်ပတ်နေသည်ကို မျက်ဝါးထင်ထင် တွေ့ရှိရမည် ဖြစ်သည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် မဲခေါင်မြစ်ဟု ခေါ်တွင်ပြီး တရုတ်နိုင်ငံ၌ လန်ချန်း

မြစ်ဟု ခေါ်တွင်သည့် မဲခေါင်-လန်ချန်းမြစ်သည် မိုင်ပေါင်း (၂,၇၀၀) ကျော်ရှည်လျားပြီး ကမ္ဘာ့ (၁၂) ခု မြောက် အရှည်ဆုံးမြစ်ဖြစ်သည်နှင့်အညီ ရှည်လျားသော သမိုင်းကြောင်းဖြစ်တည်မှုနှင့် ယင်းဖြတ်သန်း စီးဆင်းရာ မြစ်ကြောင်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးနှင့် ဒေသအသီးသီးတွင် မှီတင်းနေထိုင်သူများ၏ လူမှု စီးပွားဘဝများကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ဆန်းယမြို့၌ ကျင်းပခဲ့ပြီး ဆန်းယကြေညာစာတမ်း (Sanya Declaration) ကို ထုတ်ပြန်ကြေညာကာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် စတင်ခဲ့သည်။ ဆန်းယကြေညာစာတမ်းအရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများသည် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Water Resources) နှင့် စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု (Agricultural and Poverty Reduction) ဟူသည့် ဦးစားပေးနယ်ပယ်ငါးရပ်တွင် အဓိကထား ပူးပေါင်းဆောင်ရွက်လိုကြသည်။ ထို့ကြောင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်သုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍငါးခုတို့ကို ပေါင်းစပ်ကာ 3+5 မူဘောင် (3+5 Frame-work) ဟု သတ်မှတ်ခေါ်ဆိုခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် တရုတ် နိုင်ငံက ရန်ပုံငွေအမျိုးအစား လေးမျိုးဖြစ်သည့် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှုအထူးရန်ပုံငွေ (MLC Special Fund) ကို အမေရိကန်ဒေါ်လာသန်း (၃၀၀) ဖြင့် လည်းကောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် အတိုးနှုန်း သက် သာသောချေးငွေ (Concessional Loan) ကို ယွမ် (၁၀) ဘီလီယံဖြင့် လည်းကောင်း၊ အခြားချေးငွေ (Credit Line) ကို အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံဖြင့် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင် ရွက်မှုရန်ပုံငွေ (South-South Cooperation Fund) ကို အမေရိကန်ဒေါ်လာသန်း (၂၀၀) ဖြင့် လည်းကောင်း အသီးသီး မတည်ထူထောင်ပေးထားသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးရန်ပုံငွေတစ်မျိုးတည်းတွင်သာ မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အဆိုပြုလျက်ရှိပြီး တရုတ်နိုင်ငံဘက်က ၂၀၁၇ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ်အထိ အထူးရန်ပုံငွေစီမံကိန်း စုစုပေါင်း (၁၁၈) ခုကို ပေးအပ်ခဲ့ပြီးဖြစ်သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် စီမံကိန်းအခြေပြု ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ခုဖြစ်ပြီး ဒေသ တွင်း မှီတင်းနေထိုင်သော ပြည်သူများအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်တွေ့အကျိုး ကျေးဇူးရရှိရေးတို့ကို ဦးတည်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသော ပူးပေါင်း ဆောင်ရွက်မှုရလဒ်များရရှိခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများနှင့် နိုင်ငံတကာအသိုက်အဝန်း၏ အသိအ မှတ်ပြုမှုများကို ရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးကဏ္ဍ စသည့် ကျယ်ပြန့်လှသည့် နယ်ပယ်ပေါင်းစုံတွင် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းများမှလည်း သိသာထင်ရှားသော အကျိုးရလဒ်များ ရရှိလျက်ရှိသည်။

ထိုကဲ့သို့ ဒေသတွင်းငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုဘဝ သာယာလှပရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရေးနှင့် အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့ကို ဦးတည်ဆောင်ရွက်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် (၇) နှစ်တာကာလရှိပြီ ဖြစ်ပါသည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံက အမြဲတမ်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ကျန်အဖွဲ့ဝင်နိုင်ငံများက အက္ခရာစဉ်အလိုက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို (၂) နှစ်လျှင်တစ်ကြိမ် လွှဲပြောင်းလက်ခံ ဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ ၂၀၂၁-၂၀၂၂ ခုနှစ် နှစ်နှစ်တာကာလအတွက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံရယူခဲ့သည် (Myanmar Digital News၊ ၂၀၂၃)။

## ၁.၄။ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စီမံကိန်းသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိသော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ဆောက်သွားရန် ရည်မှန်းထားသော စီမံကိန်း ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံအောက်တွင် ဦးစားပေး အကောင်အထည်ဖော်ရန် အစောဆုံး ထည့်သွင်းခံရသော စီမံကိန်းလည်း ဖြစ်သည်။

နှစ်နိုင်ငံနယ်စပ်ရှိ နယ်စပ်မြို့များတွင် အခွန်ကင်းလွတ်ခွင့်ရသော ကုန်စည်ရောင်းဝယ်ဖောက်ကားရာ နေရာများ၊ နည်းပညာဆိုင်ရာဇုန်များ၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးစနစ်သုံး လုပ်ငန်းများ၊ စိုက်ပျိုးရေးထုတ်ကုန် ရောင်းဝယ်ဖောက်ကားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပို့ကုန်လုပ်ငန်းဇုန်များ၊ သွင်းကုန်လုပ်ငန်းဇုန်များ၊ ကုန်သိုလှောင်ရုံများ တည်ဆောက်ရန် ရည်မှန်းထားသည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှ အာဏာပိုင်များသည် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် စီမံကိန်းသုံးခုမှတစ်ဆင့် ကုန်စည်များကို တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအတိုင်း ကျောက်ဖြူရေနက်ဆိပ်ကမ်းအထိ သယ်ဆောင်ကာ အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် အရှေ့တောင်အာရှနှင့် တောင်အာရှနိုင်ငံများကို တင်ပို့ရန် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖရဲသီးစားသုံးမှု အများဆုံးနိုင်ငံဖြစ်ပြီး အမေရိကန်၊ တူကီယဲ၊ အီရန်၊ ဘရာဇီး၊ ရုရှား၊ အီဂျစ်၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည်လည်း ဖရဲသီးစားသုံးမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တရုတ်နိုင်ငံ၏ ဖရဲသီးစားသုံးမှုနှုန်း မြင့်မားနေရခြင်းမှာ ပူပြင်းစိုစွတ်သော နွေရာသီကာလများတွင် အပူဒဏ်သက်သာစေသည့် ရေဓာတ်မြင့်မားသော သီးနှံဖြစ်ပြီး သရေစာနှင့် အချိုပွဲအဖြစ် စားသုံးကြပါသည်။ အသုပ်များ၊ ဖျော်ရည်များ၊ ရေခဲမုန့်များနှင့် ရေခဲချောင်းများ

အတွက် အနံ့အရသာအဖြစ် အမျိုးမျိုးသော အချက်အပြုတ် ပြင်ဆင်မှုများတွင်လည်း အသုံးပြုကြပြီး အချို့ ဒေသများတွင် ဖရဲသီးကို ကံကောင်းခြင်း၏ သင်္ကေတအဖြစ် သတ်မှတ်ကြပြီး ပွဲတော်များတွင် လက်ဆောင် အဖြစ် ပေးလေ့ရှိပါသည် (Agribusiness Bulletin၊ ၂၀၂၄)။

တရုတ်လူမျိုးများသည် ဖရဲသီးကို အလွန်နှစ်သက်ပြီး တရုတ်နှစ်သစ်ကူးကာလသည် ဖရဲစိုက် တောင်သူများအတွက် ရောင်းအားအကောင်းဆုံး အချိန်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားရှိသည့် ဖရဲသီးမျိုးကို မြန်မာနိုင်ငံတွင် စိုက်ပျိုးပြီး တရုတ်နိုင်ငံသို့ တင်ပို့လျက် ရှိကြသည်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ ကျင်စန်းကျော့-ဝမ်တိန် ကုန်သွယ်ရေးဂိတ်မှ တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားမွှေးတင်ပို့မှုများ အားကောင်းလျက် ရှိပါသည်။ ပြည်ပပို့ကုန်ဈေးကွက်ကောင်းပါက တောင်သူများအပါအဝင် လုပ်ငန်းစဉ် တစ်ခုလုံးတွင် လုပ်ကိုင်ကြသူများပါ အဆင်ပြေကြသော်လည်း တစ်ဖက်တွင် သွင်းအားစုကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်ရေးနှင့် အခွန်အခစရိတ်များ ကြီးလျက်ရှိပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ဖရဲသီးစိုက်ခင်း များ အထွက်အနည်း/အများပေါ်မူတည်၍ မြန်မာ့ဖရဲသီး၊ သခွားမွှေးဈေးကွက်မှာ စိန်ခေါ်မှုများ အမြဲရှိနေ ပါသည်။

တရုတ်နိုင်ငံ၏ ဖရဲသီးထုတ်လုပ်မှုသည် မိရိုးဖလာ စိုက်ပျိုးမှုမှ ခေတ်မီလယ်ယာ စိုက်ပျိုးရေးသို့ ကူးပြောင်းလာပြီး အရည်အသွေးမြင့်မားသော ဖရဲသီးများ ထွက်ရှိလာပါသည်။ သို့သော် နည်းပညာပိုင်း ဆိုင်ရာ ထုတ်လုပ်မှု ကုန်ကျစရိတ်များလည်း မြင့်မားသည်။ ၂၀၂၃ ခုနှစ်ထဲတွင် တရုတ်-မြန်မာနယ်စပ်ရှိ ရွှေလီ-ဝမ်တိန်နယ်စပ်ဂိတ်သည် ပြည်ဝင် သစ်သီးဝလံများ တင်သွင်းမှုကို အမြန်လမ်းကြောင်း ဖွင့်လှစ် ထားပြီး ၎င်းဂိတ်ရှိ သွင်းကုန်ကြီးကြပ်ရေးဌာနက မြန်မာနိုင်ငံမှ ဖရဲသီးများကို စစ်ဆေးပြီး ဝမ်တိန် သစ်သီး ဝလံကုန်သွယ်ရေးဈေးကွက်သို့ ပို့ဆောင်ပေးလျက် ရှိပါသည်။ ဝမ်တိန်နယ်စပ်ဂိတ်၊ မက်မန်းလမ်းကြောင်း သည် မြန်မာ့သစ်သီးဝလံများ တရုတ်နိုင်ငံသို့ တင်သွင်းဝင်ရောက်ရာတွင် အဓိက လမ်းကြောင်းတစ်ခုဖြစ်ပြီး ဖရဲသီး၊ သရက်သီး၊ မင်းကွတ်သီး အစရှိသည့် သစ်သီးဝလံ အများအပြား ၎င်းလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ နေ့စဉ်ဝင်ရောက်လျက် ရှိပါသည်။

ဝမ်တိန် အကောက်ခွန်ဌာနအနေဖြင့် တရုတ်နယ်စပ်ဂိတ်အဝင်တွင် သစ်သီးများကို အခွန်ရှင်းလင်း ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ မြန်ဆန်လာခြင်း၊ အသီးကားများကို ဦးစားပေးလိုင်းအဖြစ် ဝန်ဆောင်မှု ပေးခြင်းတို့ကြောင့် မြန်မာပြည်မှ ဖရဲသီးအပါအဝင် သစ်သီးများ လတ်လတ်ဆတ်ဆတ် တရုတ်နိုင်ငံတွင်းသို့ အမြန်တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။ တရုတ်-မြန်မာနှစ်နိုင်ငံတို့သည် ဖရဲသီးထွက်သည့်ရာသီ မတူညီ ဘဲ (၈၀) ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံမှ တင်သွင်းကြောင်းသိရသည်။ စားသုံးသူရေးရာဦးစီးဌာနမှ ပြည်တွင်း ကုန်သွယ်မှုသတင်း၊ သစ်သီးဝလံကဏ္ဍ (ဖရဲသီး) အပတ်စဉ် ဈေးကွက်၊ ဈေးနှုန်းသုံးသပ် တင်ပြချက်အရ မြန်မာနိုင်ငံမှထွက်ရှိသည့် ဖရဲသီးများကို ပြည်တွင်းစားသုံးမှုအပြင် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ် နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိပြီး ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့လည်း တင်ပို့လျက်ရှိပါသည်။ ဖရဲအကြား သီးကို မန္တလေး၊ မြင်းခြံ၊ ဝမ်းတွင်း၊ ကျိုက်ထို၊ ဘီးလင်း၊ ချောင်းဦးမှ တင်ပို့လာခဲ့ပြီး ဖရဲအဝိုင်းအကြားသီးကို မန္တလေး၊ မြင်းခြံ၊ ချောင်းဦးမှ တင်ပို့ပါသည်။

ဖရဲသီးကို နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ပြည်ပသို့တင်ပို့လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (၂၅-၁၂-၂၀၂၀) ရက်နေ့အထိ တန်ချိန် (၈၆,၆၉၄.၃) တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၈.၆၀၉)

သန်း တင်ပို့ခဲ့ပါသည်။ ယခင်နှစ် အလားတူကာလတွင် တန်ချိန် (၂၀၂,၃၅၈.၅) တန်၊ အမေရိကန်ဒေါ်လာ (၁၇.၃၂၅) သန်းတင်ပို့ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ပါက တင်ပို့မှုမှာ တန်ချိန် (၁၁၅,၆၆၄.၂) တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၈.၇၁၆) သန်း လျော့နည်းခဲ့ပါသည်။ မြန်မာနိုင်ငံမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့်သာမက ပင်လယ်ရေကြောင်းနှင့် လေကြောင်းလိုင်းများဖြင့်ပါ ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိပါသည်။ ဖရဲသီးကို တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့နေရပြီး ယခုအခါ တင်ပို့မှုပမာဏ လျော့ကျခဲ့သော်လည်း ဈေးနှုန်းမြင့်မားစွာ ရရှိပါသည်။

၂၀၂၃ ခုနှစ် စာရင်းအင်းအချက်အလက်များအရ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံမှ ဖရဲသီးများကို တရုတ်နိုင်ငံသို့ ဖရဲသီးတင်ကုန်တင်ကား အစီးရေစုစုပေါင်း (၇,၀၄၈) စီး၊ တန်ချိန် (၁) သိန်းကျော် တင်ပို့နိုင်ခဲ့ပါသည် (မူဆယ်သစ်သီးကုန်စည်ဒိုင်)။ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံမှ ဖရဲသီးနှင့် သခွားမွေးသီးများကို တရုတ်နိုင်ငံသို့ တင်ပို့မှု အဟန့်အတားဖြစ်စေခဲ့ပြီး ကုန်တင်ကားများ အချိန်ကြန့်ကြာမှုများသည် ဖရဲသီးအရည်အသွေးကို ထိခိုက်ပျက်စီးစေခဲ့သောကြောင့် တရုတ်နိုင်ငံသို့ တင်ပို့သော ကုန်တင်ကား (၅) စီးတွင် (၁) စီးသာ အသီးအရည်အသွေး မပျက်စီးဘဲ ကောင်းမွန်စွာတင်ပို့နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဖရဲသီးတင်ပို့သော ကုန်သည်ပွဲစားများအနေဖြင့် ဖရဲသီးများသည် ပျက်စီးလွယ်သောအသီးများ ဖြစ်သောကြောင့် ပေးပို့ရန်ကြာချိန်နှင့် အမြတ်အစွန်းများကို သတိပြုမိလာကြပြီး တရုတ်နိုင်ငံအပြင် အရှေ့အလယ်ပိုင်းဈေးကွက်များဖြစ်သော ယူအေအီး၊ ကာတာနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့နိုင်ရေး ကြိုးပမ်းပြီး ဈေးကွက်သစ်များကို ရှာဖွေနေကြောင်း သိရသည်။ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမပတ်မှ စတင်၍ မြန်မာနိုင်ငံမှ အစေ့လွတ်ဖရဲသီး (၂၅) တန်အား ပထမဆုံးအနေဖြင့် ဒူဘိုင်းသို့ တင်ပို့ခဲ့ပြီး ကြိုက်နှစ်သက်ပါက တစ်နှစ်ပတ်လုံး ဝယ်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ တင်ပို့နိုင်မည်ဆိုပါက မြန်မာ့ဖရဲသီးဈေးကွက်သည် တည်ငြိမ်မှုရှိပြီး၊ ဈေးကွက်သစ်ဖြင့် အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ (ASIAFRUIT၊ ၂၀၂၀)

တရုတ်နိုင်ငံသို့ ဖရဲသီး အဓိကတင်ပို့ရာလမ်းကြောင်းဖြစ်သည့် ကျင်စန်းကျော့ဂိတ်ကို မြန်မာစံတော်ချိန် နံနက် (၇:၀၀) နာရီမှ ည (၈:၃၀) နာရီအထိ အချိန်တိုးမြှင့် ဖွင့်လှစ်လိုက်သဖြင့် ဖရဲသီးကားများ ပိုမိုဝင်ရောက်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ နယ်စပ်ဂိတ်များ အချိန်တိုးမြှင့် ဖွင့်လှစ်လိုက်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမြန်ဆန်၍ ဖရဲသီးကားများ ပိုမိုတင်သွင်းနိုင်သော်လည်း ဈေးကွက်ကို ထိန်းထားနိုင်ရန်သည် ရောင်းချရမှုပေါ် အခြေခံလျက်ရှိပါသည် (မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်)။ လက်ရှိအချိန်တွင် မြန်မာ့ဖရဲသီး၏ ပြည်ပဈေးကွက်အနေဖြင့် တရုတ်ဈေးကွက် တစ်ခုတည်းသာ အဓိကအားထားနေရသဖြင့် ရေရှည်တွင် ပြည်ပဈေးကွက်များ တိုးချဲ့ရှာဖွေ၍ တင်ပို့နိုင်ရန် လိုအပ်လျက် ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ပြည်တွင်းကုမ္ပဏီတစ်ခုက မြန်မာ့အစေ့လွတ်ဖရဲသီး တန်ချိန် (၂၀) ကျော်ကို ယူအေအီးနိုင်ငံသို့ စမ်းသပ်တင်ပို့ခဲ့ရာ အရည်အသွေးပိုင်းဆိုင်ရာ၌ ရလဒ်ကောင်းများ ရရှိခဲ့သဖြင့် တင်ပို့နိုင်ရန် အလားအလာကောင်းများစွာ ရှိပါသည်။

ဇယား (၁) မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ အပတ်စဉ် ဖရဲသီးဝင်ရောက်မှုနှင့် ဈေးနှုန်းနှိုင်းယှဉ်ချက်

| စဉ် | ကာလ | ဖရဲအကြားသီး | | ဖရဲအပိုင်းကြားသီး | | အစေ့မဲ့ဖရဲသီး | |
|---|---|---|---|---|---|---|---|
| | | ပမာဏ (တန်) | ဈေးနှုန်း (တန်/ ယွမ်) | ပမာဏ (တန်) | ဈေးနှုန်း (တန်/ ယွမ်) | ပမာဏ (တန်) | ဈေးနှုန်း (တန်/ ယွမ်) |
| ၁။ | ၂၈-၁၂-၂၀၂၀ မှ ၃-၁-၂၀၂၁ ထိ | ၄,၆၁၈ | ၈၀၀ မှ ၂,၃၀၀ | – | – | ၁,၈၈၅ | ၁,၀၀၀ မှ ၃,၅၀၀ |
| ၂။ | ၄-၁-၂၀၂၁ မှ ၁၀-၁-၂၀၂၁ ထိ | ၁၀,၀၀၆ | ၅၀၀ မှ ၂,၆၀၀ | ၄,၀၂၂ | ၁,၀၀၀ မှ ၃,၅၀၀ | ၃,၂၄၃ | ၁,၀၀၀ မှ ၃,၅၀၀ |
| ၃။ | ၁၁-၁-၂၀၂၁ မှ ၁၇-၁-၂၀၂၁ ထိ | ၆,၆၈၇ | ၃၀၀ မှ ၁,၀၀၀ | ၂,၆၃၁ | ၁,၀၀၀ မှ ၁,၇၀၀ | ၁,၈၆၉ | ၁,၀၀၀ မှ ၁,၇၀၀ |

ဇာစ်မြစ်။ စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၂၁ ခုနှစ်

တရုတ်နိုင်ငံသို့ နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာဖရဲသီးများ တင်ပို့ရောင်းချရန်အတွက် မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ မြန်မာနိုင်ငံဒေသအသီးသီးမှ ဖရဲသီးများ ဝင်ရောက်လျက်ရှိရာ ဖရဲအကြားသီးကို မန္တလေး၊ မြင်းခြံ၊ ဝမ်းတွင်း၊ ကျိုက်ထို၊ ဘီးလင်း၊ ချောင်းဦး၊ သာစည်၊ နဘူးအိုင်တို့မှ လည်းကောင်း၊ ဖရဲအပိုင်းကြားသီးကို မန္တလေး၊ မြင်းခြံ၊ ချောင်းဦးတို့မှ လည်းကောင်း၊ အစေ့မဲ့ဖရဲသီးကို မြင်းခြံ၊ ဝမ်းတွင်း၊ စစ်ကိုင်းတို့မှ လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဒုတိယအပတ်တွင် ဖရဲသီးဈေးနှုန်းများမှာ အနည်းငယ်လျော့နည်းပြီး တရုတ်နိုင်ငံ၏ဝယ်လိုအားကြောင့် အရောင်းအဝယ်မှာ ပုံမှန်ဖြစ်ပါသည်။ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ အပတ်စဉ် ဖရဲသီးဝင်ရောက်မှုနှင့် ဈေးနှုန်းအခြေအနေ နှိုင်းယှဉ်ချက်ကို ဇယား (၁) တွင် ဖော်ပြထားပါသည်။ ဖရဲဈေးနှုန်းများကျဆင်းသွားရခြင်းမှာ တရုတ်နိုင်ငံတွင်း၌ အအေးပိုလာကာ ကားများသွားလာရန် ခက်ခဲခြင်း၊ အချို့ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုးများ တွေ့ရှိရသဖြင့် သွားလာမှုကန့်သတ်ထားသည့် ပြည်နယ်များသို့ ကားများဝင်ရောက်၍မရခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ တရုတ်နိုင်ငံ၌ ဇွန်လမှ အောက်တိုဘာလအတွင်း ဖရဲသီးထွက်ရှိသဖြင့် တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့မှုကာလမှာ နှစ်စဉ် အောက်တိုဘာလမှ မေလအထိ ဖြစ်ပါသည်။

မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် ဖရဲသီးဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် ဖရဲတစ်တန်လျှင် အမြင့်ဆုံးဈေး ယွမ် (၂,၀၀၀) ကျော်သာ ရရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ဖရဲတစ်တန်လျှင် အနိမ့်ဆုံးဈေး ယွမ် (၃,၀၀၀) မှ အမြင့်ဆုံးဈေး ယွမ် (၅,၂၀၀) ခန့်အထိ ရရှိ၍ ဈေးနှုန်းနှစ်ဆခန့် မြင့်တတ်လာခဲ့ပါသည်။ လန်ချန်း-မဲခေါင် သစ်သီးပွဲတော်ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ၊ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ Wyndham Hotel တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည် (Xinhua News၊ ၂၀၂၄)။

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် GACC Registration ကိစ္စရပ်သည် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သောကြောင့် Registration ပြုလုပ်နည်းများအား ဌာနမှ သင်ကြားပေးသည်များကို မိမိကိုယ်တိုင် ဆောင်ရွက်နိုင်သည်အထိ လုပ်ဆောင်ရန် လိုအပ်ပါသည်။ (တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွက် တရားဝင် တင်ပို့ခွင့်ပြုထားသော သစ်သီး (၁၀) မျိုး (ယခင် (၈) မျိုး၊ ၁-၄-၂၀၂၂ တွင် ၎က်ပျောသီးနှင့် ၆-၁၁-

၂၀၂၄ တွင် နာနတ်သီး SPS Protocol များ လက်မှတ်ရေးထိုးပြီးဖြစ်၍ သစ်သီး (၁၀) မျိုး) စာရင်းတွင် ဖရဲသီးပါဝင်သဖြင့် GACC နှင့် သီးသန့် SPS Protocol လက်မှတ်ရေးထိုးရန် မလိုအပ်ဘဲ တရုတ်နိုင်ငံသို့ လွတ်လပ်စွာ တင်ပို့နိုင်ပါသည် (https://www.foodgacc.com/GACC-AQSIQ-CNCA-CIQ-IRE-CIFER-Singlewindow-Registration-Fruit တွင် လေ့လာနိုင်ပါသည်)။

# ၂။ သုတေသနဆောင်ရွက်ရခြင်း ရည်ရွယ်ချက်

## ၂.၁။ သုတေသန၏ ရည်ရွယ်ချက်များ

ဖရဲသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများအား လေ့လာခြင်းသုတေသနကို ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(၁) ဖရဲသီးနှံကုန်သွယ်မှု ပိုမိုအဆင်ပြေချောမွေ့စေရေးကို ရှေးရှု၍ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းချမှုကဏ္ဍနှင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ဌာနများ၏ မူဝါဒများ၊ အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ပံ့ပိုးနိုင်မှု အခြေအနေများကို သုံးသပ်တင်ပြရန်၊

(၂) မြန်မာနိုင်ငံနှင့် အခြားသော အာဆီယံနိုင်ငံများမှ စိုက်ပျိုးထုတ်လုပ်ရောင်းချနေသော ဖရဲသီးနှံ၏ ဈေးနှုန်းများ၊ ထုတ်လုပ်မှုများ၊ ဈေးကွက်နှင့် အရည်အသွေးယှဉ်ပြိုင်မှုများ ဆန်းစစ်လေ့လာရန်၊

(၃) မြန်မာနိုင်ငံနှင့် ဖရဲသီးနှံကုန်သွယ်မှု ပြုလုပ်လျက်ရှိသော မိတ်ဖက်နိုင်ငံများ၏ ဘဏ္ဍာနှစ်အလိုက် ဖရဲသီးနှံကုန်သွယ်ရေး အချက်အလက်ပေါ်မူတည်၍ ရှေ့အလားအလာကို ဆန်းစစ်တွက်ချက် လေ့လာရန်၊

(၄) လက်ရှိ ချမှတ်ကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာ နည်းဗျူဟာများ၊ မူဝါဒများအပေါ် အခြေခံပြီး ရေရှည်တည်တံ့သော ဖရဲသီးနှံကုန်သွယ်မှု တိုးတက်မြင့်မားရန် အထောက်အကူပြုနိုင်သော အကြံပြုချက်များကို Strength, Weakness, Opportunities and Challenges (SWOC) analysis နည်းလမ်းဖြင့် ရှာဖွေဖော်ထုတ်ရန်နှင့်

(၅) ကုန်သွယ်ဘက်နိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ကိုက်ညီမှုရှိသော မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများ၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် ဖွဲ့စည်းထားသော ကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းရပ်များ ပိုမိုလည်ပတ်နိုင်ရေး စသည့်ကိစ္စရပ်များနှင့် သက်ဆိုင်သော ဆွေးနွေးအကြံပြုတင်ပြချက်များ စုစည်းဖော်ထုတ်ရန် တို့ဖြစ်ပါသည်။

## ၂.၂။ သုတေသနတွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကြုံတွေ့နိုင်သောအဟန့်အတားများ

မြန်မာနိုင်ငံတွင် ဖရဲသီးနှံသည် ထုတ်လုပ်မှု၊ အသုံးပြုမှု၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြား ကုန်သွယ်မှုများအပါအဝင် အမျိုးမျိုးသော ကွင်းဆက်တစ်လျှောက်တွင် အရည်အသွေးကောင်းသော ကုန်ပစ္စည်း၊ ဝယ်လိုအားကောင်းသော ပို့ကုန်တစ်ခုအဖြစ် ရပ်တည်နေပါသည်။ ထို့ကြောင့် ထုတ်လုပ်မှု၊ ဈေးကွက်အနေအထား၊ အသုံးပြုမှု၊ ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြားကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများသည် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအတွက် များစွာထိခိုက်မှုရှိပါသည်။ သို့ဖြစ်ပါ၍ တစ်ကမ္ဘာလုံးအနေအထားနှင့် မြန်မာနိုင်ငံ၏ ဖရဲသီးနှံ ကုန်သွယ်မှု အနေအထားများအား အခြေခံပြီး ထုတ်လုပ်မှု၊ စားသုံးမှု၊ ဈေးကွက်အနေအထားများ၊ ယှဉ်ပြိုင်မှုများအား လေ့လာဆန်းစစ်ရန် လိုအပ်ပါသည်။

ယခုသုတေသနတွင် လက်ရှိ ဖရဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များအကြား ဈေးနှုန်းကွဲပြားမှုများအပါအဝင် လက်ရှိအခြေအနေ၊ ဈေးကွက်ယှဉ်ပြိုင်မှုအနေအထားများ၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံတကာမှ တင်ပို့မှု၊ ကုန်ပစ္စည်း၏ ဝယ်လိုအား လိုအပ်ချက်များအပြင် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ ပိုမိုအောင်မြင် မြန်ဆန်စေရန် နည်းဗျူဟာများနှင့် အကြံပြု ဆွေးနွေးချက်များကို လေ့လာဖော်ထုတ်ဆန်းစစ်မည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သော အဟန့်အတားများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်မှု အားနည်းခြင်း၊ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရာတွင် အခက်အခဲများ ကြုံတွေ့ခြင်း၊ နိုင်ငံအတွင်း ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကြောင့် ကုန်သွယ်မှုများ ပုံမှန်အခြေအနေမဟုတ်သည့် အချိန်ကာလဖြစ်နေခြင်း စသည်တို့ ကြုံတွေ့ခဲ့ကြပါသည်။

## ၂.၃။ သုတေသနဆောင်ရွက်ရခြင်း၏ မျှော်မှန်းရလဒ်များ

မြန်မာနိုင်ငံမှ တင်ပို့ရောင်းချနေသော သီးနှံဖြစ်သည့် ဖရဲသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း စီမံကိန်းသုတေသနမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ -

(၁) မဲခေါင်-လန်ချန်းနိုင်ငံများ၊ အခြားအာဆီယံနိုင်ငံများနှင့် ဖရဲသီးနှံကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး ထောက်ပံ့ပေးနိုင်ရန်၊

(၂) ဖရဲသီးနှံကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ပါဝင်ပတ်သက်သူများကို နည်းပညာဆိုင်ရာ အသိပညာမြှင့်တင်ပေးရေး အထောက်အကူပြုနိုင်ရန်၊

(၃) ဖရဲသီးနှံကုန်သွယ်မှုတွင် အစိုးရ-ပုဂ္ဂလိက ပါဝင်ပတ်သက်သူများ၏ စွမ်းဆောင်ရည် တိုးမြင့်လာအောင် ထောက်ပံ့ပေးနိုင်ရန်နှင့်

(၄) ဖရဲသီးနှံကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် တည်ထောင်ထားသော အမျိုးသားအဆင့် ညှိနှိုင်းဆောင်ရွက်မှုယန္တရားများကို အထောက်အပံ့ပြုနိုင်ရန် စသည်တို့ ဖြစ်ပါသည်။

# ၃။ သုတေသနဆောင်ရွက်သော နည်းလမ်းများ

သုတေသနအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးစီးပွားပညာဌာနတို့ ပူးပေါင်း၍ ဖရဲသီးနှံ တင်ပို့ရောင်းချသူများ၊ အစိုးရ အဆင့်မြင့်အရာရှိကြီးများ၊ သီးနှံများအလိုက် အသင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံအလိုက် စီးပွားရေးသံမှူးများထံမှ အချက်အလက်များ ကောက်ယူခြင်း များကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။




ပုံ (၆) သုတေသနဆောင်ရွက်ရန်အတွက် အဓိကလုပ်ငန်းစဉ်များ

## ၃.၁။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများ

### ၃.၁.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် နည်းလမ်းများ

"ဖရဲသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ပို့ကုန်အလားအလာများ လေ့လာခြင်း" သုတေသနအတွက် ဖရဲသီးနှံ တင်ပို့ရောင်းချမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ကောက်ယူခြင်းကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း၌ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ ဖရဲ၊ သခွားသီးနှံ ကုန်သည်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အသင်းအဖွဲ့ဝင်ကုန်သည်များကို Key Informant Interview (KII) နည်းလမ်းနှင့် Focus Group Discussion (FGD) နည်းလမ်းများကို အသုံးပြု၍ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ ထို့ပြင် ပြည်ပနိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူးများထံသို့ ပြင်ဆင်ထားသော မေးခွန်းလွှာများကို အီးမေးလ်မှတစ်ဆင့်ပေးပို့၍ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအလိုက် စီးပွားရေးသံမှူးများမှလည်း အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပါဝင်၍ မေးခွန်းလွှာများကို ဖြေကြားပြီး ပြန်လည်ပေးပို့ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

သုတေသနအချက်အလက်များ ကောက်ယူရာတွင် စီမံကိန်း သုတေသနအဖွဲ့ဝင်များသည် စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အလယ်အလတ်အဆင့်အရာရှိများ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကနဦးချိတ်ဆက် ဆောင်ရွက်ခြင်းများပြုလုပ်၍ တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ Focus Group Discussion (FGD) ဆောင်ရွက်ရာတွင်လည်း ဖရဲသီးနှံ အသင်းအဖွဲ့များမှ အကြီးအကဲများ၊ ခေါင်းဆောင်များ၊ ကုန်သည်များကိုယ်တိုင်ပူးပေါင်းပါဝင်၍ သုတေသနအဖွဲ့ဝင်များ မေးမြန်းသည်များကို ဖြေကြားပေးခဲ့ပါသည်။

ဖရဲသီးနှံကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံမှု ပြုလုပ်ပြီးစီးခဲ့သော အစိုးရအဖွဲ့အစည်းများမှ အရာရှိကြီးများစာရင်း၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၏ တာဝန်ရှိသူများစာရင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအလိုက် စီးပွားရေးသံမှူးများစာရင်းနှင့် သီးနှံအလိုက် တင်ပို့ရောင်းချသူစာရင်းများကို နောက်ဆက်တွဲ (က) တွင် အသေးစိတ် ဖော်ပြထားပါသည်။

**၃.၁.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် နည်းလမ်းများ**

လိုအပ်သော ဆင့်ပွားအချက်အလက်များကို သုတေသန၏ ရည်ရွယ်ချက်များ ရရှိစေရန်အတွက် ရှာဖွေရယူခဲ့ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရာတွင် အာရှနိုင်ငံများသို့ တင်ပို့မှုအများဆုံးဖြစ်သည်ကို တွေ့ရှိရသောကြောင့် ၎င်းအချက်အလက်များကို အာရှနိုင်ငံများအပေါ်အခြေခံ၍ ရယူထားခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ဈေးကွက်အား အခြေခံပါက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ဝေစုအချိုးမှာ အလွန်နည်းပါးနေသောကြောင့် ဖြစ်ပါသည်။ ဆင့်ပွားအချက်အလက် (Secondary Data) များ ရယူရာတွင် အချက်အလက်များ အမှန်ကန်ဆုံးဖြစ်စေရန်အတွက် ကုန်သွယ်မှု အချက်အလက်များ (trade data) အများဆုံးရယူနိုင်သော ဇာစ်မြစ် (source) များနှင့် စာတမ်းရေးသားသူများ အများဆုံးကိုးကားကြသည့် ဇာစ်မြစ် (source) များမှရယူခဲ့ပါသည်။

ဤသုတေသနအတွက် ဆင့်ပွားအချက်အလက်များကို United Nations Commodity Trade Statistics (UN Comtrade) Database၊ Food and Agriculture Organization Statistical (FAOSTAT) Database၊ Central Statistical Organization (CSO) Database၊ International Trade Centre (ITC

Trade Map) Database၊ Myanmar Trade Promotion Organization (Myantrade) Database နှင့် Selinawamucii Database များမှ အသီးသီး ရယူခဲ့ပါသည်။

## ၃.၂။ ကောက်ယူသော အချက်အလက်များ

### ၃.၂.၁။ မူရင်းအချက်အလက် (Primary data) ကောက်ယူသည့် အချက်အလက်များ

လိုအပ်သည့် အချက်အလက်များ ကောက်ယူရာတွင် စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့် ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အလယ်အလတ်အဆင့်အရာရှိများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအလိုက် စီးပွားရေးသံမှူးများ၊ သီးနှံအလိုက် အသင်းအဖွဲ့ဥက္ကဋ္ဌ အကြီးအကဲများနှင့် ကုန်သည်အဖွဲ့ဝင်များအား မေးမြန်းကောက်ယူခဲ့သည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အစိုးရအရာရှိကြီးများနှင့် ဖရဲသီးနှံအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများအား မေးမြန်းရာတွင် ဖရဲသီးနှံ ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လွန်ခဲ့သော (၁၀) နှစ်တာကာလအတွင်း ကြုံတွေ့ရသော ကုန်သွယ်မှု အခြေအနေများ၊ ကုန်သွယ်မှု ပြုလုပ်မည့်နိုင်ငံ (ဥပမာ-တရုတ်နိုင်ငံ) နှင့် GACC-SPS Protocol တစ်ခု အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရန် လိုအပ်သည့်အဆင့်များ သိရှိမှုအခြေအနေများ၊ GACC-SPS Protocol လက်မှတ်ရေးထိုးနိုင်ရန် လုပ်ဆောင်နိုင်သည့် ဖြေရှင်းနိုင်သော နည်းလမ်းများ၊ ကြုံတွေ့ရသော အခက်အခဲများ၊ ထူးခြားမှုများနှင့် ကုန်သွယ်မှု ပိုမိုလျင်မြန်ချောမွေ့ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များ ပိုမိုအောင်မြင်စေရန် အကြံပြုလိုသည်များအား မေးမြန်းခဲ့ပါသည်။ ထို့ပြင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များမှ ကဏ္ဍအလိုက် ဖရဲသီးနှံ၏ ဈေးကွက်ယှဉ်ပြိုင်မှုနှင့် ပို့ကုန်အလားအလာဆိုင်ရာနှင့် ပတ်သက်၍ လိုအပ်သည်များလည်း ဆွေးနွေးအကြံပြုခဲ့ကြပါသည်။

ဖရဲသီးနှံ တင်ပို့ရောင်းချသည့် ကုန်သည်များအား မေးမြန်းရာတွင် ကုန်သည်များ၏ လုပ်ငန်းအမျိုး အစား/ပုံစံများ၊ လုပ်ငန်းအတွေ့အကြုံနှင့် အဓိကတင်ပို့သော ကုန်ပစ္စည်းများ စသည့် အကြောင်းအရာများ ကိုလည်း ကောက်ယူခဲ့ပါသည်။ ထို့ပြင် ကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခဲ့သည့် လွန်ခဲ့သော (၅) နှစ်တာကာလ အတွင်း ကုန်ပစ္စည်းဝယ်ယူမှု၊ တင်ပို့မှုအခြေအနေများ၊ ကုန်ပစ္စည်းများ တင်ပို့ရာတွင် တွေ့ကြုံရသော အခြေ အနေများကို ကုန်သည်များအား မေးမြန်းခဲ့ပါသည်။

အလားတူပင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရန် GACC Registration ပြုလုပ်ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲ၊ ဆောင်ရွက်သည့် နည်းလမ်းများ၊ ကုန်သွယ်မှုပြုလုပ်စဉ် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများနှင့် အနာဂတ်တွင် တင်ပို့ရောင်းချမှု ဆောင်ရွက်ရာတွင် ပို၍ကောင်းမွန် တိုးတက်လာစေရန် အကြံပေးလိုသည့် အချက်များအား ကောက်ယူ ခဲ့ပါသည်။ ထို့ပြင် ဖရဲသီးနှံများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် တင်ပို့သည့်ကုန်ပစ္စည်းများ၏ ကုန်သွယ် မှုဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း ဖရဲကုန်သည်များထံမှ ကောက်ယူခဲ့ပါသည်။

## ၃.၂.၂။ ဆင့်ပွားအချက်အလက် (Secondary data) ကောက်ယူသည့် အချက်အလက်များ

ဖရဲသီးနှံ့ သုတေသနအတွက် ရယူခဲ့သော ဆင့်ပွားအချက်အလက်များမှာ အာရှနိုင်ငံများမှ ဖရဲသီး (HSC: 080711) တင်သွင်း(ဝယ်ယူ)သော နိုင်ငံများ၊ တင်ပို့သောနိုင်ငံများ၊ မြန်မာနိုင်ငံမှ အာရှနိုင်ငံများသို့ ဖရဲသီး တင်ပို့သော နိုင်ငံများ၊ အာရှနိုင်ငံများသို့ စုစုပေါင်းတင်ပို့မှု ပမာဏနှင့် တန်ဖိုး၊ ဖရဲသီး အဓိက တင်ပို့သော အာရှနိုင်ငံများ၏ ဖရဲသီးထုတ်လုပ်သည့် ပမာဏ၊ အထွက်နှုန်း၊ ပြည်တွင်းလက်ကားဈေးနှုန်း၊ FOB ဈေးနှုန်းများကို ရယူခဲ့ပါသည်။ ထို့အပြင် မြန်မာ့ဖရဲသီး ဝယ်ယူသောနိုင်ငံများနှင့် အဓိက ဝယ်ယူသော နိုင်ငံများရှိ မြန်မာ့ဖရဲ၏ ဈေးကွက်ဝေစုအချိုးကို သိရှိနိုင်ရန် မြန်မာ့ဖရဲသီး ဝယ်ယူသောနိုင်ငံများ၏ ဖရဲသီး တင်သွင်းမှု ပမာဏ၊ တန်ဖိုးနှင့် ၎င်းနိုင်ငံများသို့ မြန်မာနိုင်ငံနှင့် အပြိုင်တင်သွင်းသော အခြားနိုင်ငံများ၏ တင်သွင်းမှုပမာဏနှင့် တန်ဖိုးများကိုလည်း ရယူခဲ့ပါသည်။

ထို့ပြင် Nominal Protection Rate (NPR) ကို တွက်ချက်နိုင်ရန်အတွက် မြန်မာ့ဖရဲကို အဓိက ဝယ်ယူသော နိုင်ငံများသို့အရောက် တင်ပို့သည့်ဈေးနှုန်း (CIF Price) နှင့် ၎င်းနိုင်ငံများ၏ ပြည်တွင်းတွင် ရောင်းချသော ဖရဲသီး၏ လက်ကားဈေးနှုန်းများကိုလည်း ရယူခဲ့ပါသည်။ တစ်နှစ်အတွင်း ကုန်သွယ်မှု အလားအလာ (Trade Potential of a year) ကို တွက်ထုတ်ရန်အတွက် မြန်မာ့ဖရဲကို ဝယ်ယူသောနိုင်ငံများ၊ မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ ဖရဲသီးတင်ပို့သည့် ပမာဏနှင့် တန်ဖိုး၊ မြန်မာ့ဖရဲကို ဝယ်ယူသောနိုင်ငံများ၏ စုစုပေါင်းဖရဲသီး ဝယ်ယူသည့် ပမာဏနှင့်တန်ဖိုး စသည်တို့ကို ရယူခဲ့ပါသည်။ Revealed Comparative Advantage (RCA) ကို တွက်ထုတ်ရန်အတွက် ဖရဲသီးတင်ပို့သော အာရှနိုင်ငံများ၏ ကမ္ဘာ့ဈေးကွက်သို့ ဖရဲသီးတင်ပို့သည့် ပမာဏနှင့် တန်ဖိုး၊ ဖရဲသီးတင်ပို့သော အာရှနိုင်ငံများ၏ စုစုပေါင်း စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှုပမာဏနှင့် တန်ဖိုး၊ ကမ္ဘာ့ဈေးကွက်ရှိ ဖရဲသီးနှံပမာဏနှင့် တန်ဖိုး၊ ကမ္ဘာ့ဈေးကွက်ရှိ စိုက်ပျိုးရေး ထွက်ကုန်ပမာဏနှင့် တန်ဖိုးစသည်တို့ကို ရယူခဲ့ပါသည်။

**ဆင့်ပွားအချက်အလက်များ၏ ဇာစ်မြစ်များ**

ဆင့်ပွားအချက်အလက်များ ရယူရာတွင် အချက်အလက်များ အမှန်ကန်ဆုံး ဖြစ်စေရန်အတွက် ကုန်သွယ်မှုအချက်အလက်များ (trade data) အများဆုံးရယူနိုင်သော ဇာစ်မြစ် (source) များနှင့် စာတမ်းရေးသူများ အများဆုံး ကိုးကားကြသည့် ဇာစ်မြစ် (source) များမှ ရယူခဲ့ပါသည်။ သုတေသနအတွက် ဖရဲသီး (HSC: 080711) ၏ တင်ပို့မှု/တင်သွင်းမှုပမာဏ၊ တန်ဖိုး၊ ကုန်သွယ်မှုတန်ဖိုး ဆင့်ပွားအချက်အလက်များကို United Nations Commodity Trade Statistics (UN Comtrade) Database မှ လည်းကောင်း၊ ဖရဲသီးနှံ့ ထုတ်လုပ်မှုပမာဏနှင့် အထွက်နှုန်းကို Food and Agriculture Organization Statistical (FAOSTAT) Database မှ လည်းကောင်း၊ မြန်မာနိုင်ငံ၏ ဖရဲသီးထုတ်လုပ်မှု ပမာဏနှင့် အထွက်နှုန်း အချက်အလက်များကို Central Statistical Organization (CSO) Database မှ လည်းကောင်း၊ အာရှနိုင်ငံများ၏ တင်ပို့မှု/တင်သွင်းမှု စုစုပေါင်းပမာဏနှင့် တန်ဖိုးများ၊ FOB တန်ဖိုးများကို International Trade Centre (ITC Trade Map) Database မှ လည်းကောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် လက်လီဈေး၊ လက်ကားဈေး၊ FOB ဈေးနှုန်းများကို Myanmar Trade Promotion Organization (Myantrade) Database မှ လည်းကောင်း၊ နိုင်ငံတကာ၏ ဖရဲသီးနှံလက်ကားဈေးများကို Selinawamucii Database မှ လည်းကောင်း အသီးသီး ရယူခဲ့ပါသည်။

ဇယား (၂) ဆင့်ပွားအချက်အလက် (Secondary Data) များ ရယူခြင်းနှင့် ၎င်းတို့၏ ဇာစ်မြစ်များ

| စဉ် | ရယူခဲ့သော အချက်အလက်များ | ရယူခဲ့သော ဇာစ်မြစ်များ |
|---|---|---|
| ၁။ | အာရှနိုင်ငံများမှ ဖရဲသီးနှံ တင်သွင်း (ဝယ်ယူ) သော နိုင်ငံများ၏ ဖရဲသီး တင်သွင်းမှု ပမာဏနှင့် တန်ဖိုး | United Nations Commodity Trade Statistics (UN Comtrade) Database<br>https://comtradeplus.un.org/<br>International Trade Centre (ITC Trade Map) Database<br>https://www.trademap.org/ |
| ၂။ | ဖရဲသီးနှံ တင်ပို့သော အာရှနိုင်ငံများ၏ ဖရဲသီးတင်ပို့မှု ပမာဏနှင့် တန်ဖိုး | |
| ၃။ | မြန်မာနိုင်ငံမှ အာရှနိုင်ငံများသို့ ဖရဲသီးနှံ တင်ပို့သော နိုင်ငံများ | |
| ၄။ | မြန်မာနိုင်ငံမှ အာရှနိုင်ငံများနှင့် ကမ္ဘာ့စျေးကွက်သို့ ဖရဲသီးနှံ စုစုပေါင်း တင်ပို့မှု ပမာဏနှင့် တန်ဖိုး | |
| ၅။ | အာရှနိုင်ငံများမှ ကမ္ဘာ့စျေးကွက်သို့ ပို့ကုန်များ တင်ပို့မှု ပမာဏနှင့် တန်ဖိုး | |
| ၆။ | ဖရဲသီး အဓိက တင်ပို့သော အာရှနိုင်ငံများ၏ ဖရဲသီး ထုတ်လုပ်သည့် ပမာဏနှင့် အထွက်နှုန်း | Food and Agriculture Organization Statistical (FAOSTAT) Database<br>https://www.fao.org/faostat/en /#data/QCL |
| ၇။ | မြန်မာနိုင်ငံ၏ ဖရဲသီး ထုတ်လုပ်သည့် ပမာဏနှင့် အထွက်နှုန်း | Central Statistical Organization (CSO) Database<br>https://www.csostat.gov.mm/<br>Food and Agriculture Organization Statistical (FAOSTAT) Database<br>https://www.fao.org/faostat/en/. #data/QCL |
| ၈။ | ဖရဲသီးနှံတင်ပို့သော နိုင်ငံများ၏ ပြည်တွင်း လက်ကား စျေးနှုန်းနှင့် FOB စျေးနှုန်းများ | Selina Wamucii Prime Database<br>https://www.selinawamucii.com/-insights/prices/<br>Myanmar Trade Promotion Organization (Myantrade) Database<br>https://myantrade.gov.mm/<br>https://myantrade.gov.mm/information-resources?resource_type_id= 7&resource-_category_id=1<br>Food and Agriculture Organization Statistical (FAOSTAT) Database<br>https://fpma.fao.org/giews/fpmat4/#/dashboard/tool/domestic |
| ၉။ | မြန်မာ့ဖရဲသီးကို အဓိက ဝယ်ယူသောနိုင်ငံများ၏ ဖရဲသီး လက်ကားစျေးနှုန်းများ | |
| ၁၀။ | မြန်မာ့ဖရဲသီး ဝယ်ယူသော နိုင်ငံများ၏ ဖရဲသီး တင်သွင်းမှု ပမာဏ၊ တန်ဖိုး နှင့် ၎င်းနိုင်ငံများသို့ မြန်မာနိုင်ငံနှင့်အပြိုင် တင်သွင်းသော အခြားနိုင်ငံများ၏ ဖရဲသီး တင်သွင်းမှု ပမာဏနှင့် တန်ဖိုးများ | United Nations Commodity Trade Statistics (UN Comtrade) Database<br>https://comtradeplus.un.org/TradeFlow?<br>International Trade Centre (ITC Trade Map) Database<br>https://www.trademap.org/ |

## ၃.၃။ တွက်ချက်သည့် နည်းလမ်းများ

### ၃.၃.၁။ မူရင်းအချက်အလက် (Primary data) များအား တွက်ချက်သည့် နည်းလမ်းများ

စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အလယ်အလတ်အဆင့် အရာရှိများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံအလိုက် စီးပွားရေးသံမှူးများ၊

ဖရဲသီးနှံအသင်းအဖွဲ့များ၏ ဥက္ကဋ္ဌများနှင့် ဖရဲကုန်သည်များထံမှ ကောက်ယူရရှိခဲ့သော Qualitative data များကို သက်ဆိုင်ရာကဏ္ဍအလိုက်၊ ခေါင်းစဉ်အလိုက်ခွဲခြား၍ အစီရင်ခံစာ ရေးသားခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ကောက်ယူရရှိခဲ့သည့် Quantitative data များကို Microsoft Excel တွင် စာရင်းသွင်းခြင်း (Data Entry) နှင့် အတည်ပြုစိစစ်ခြင်း (Data Verification, Validation and Consistency Checking) တို့ပြုလုပ်၍ ဈေးနှုန်းများ၊ ပမာဏများ၊ ကိန်းဂဏန်းများကို Descriptive Analysis နည်းလမ်းကို အသုံးပြု၍ ရာခိုင်နှုန်းများ၊ အချက်အလက်တန်ဖိုးပြ ဇယားများ၊ ပုံများဖြင့် တွက်ချက်ခဲ့ပါသည်။

### ၃.၃.၂။ ဆင့်ပွားအချက်အလက် (Secondary data)များအား တွက်ချက်သည့် နည်းလမ်းများ

ဖော်ပြပါ သုတေသနရည်ရွယ်ချက်များကို ဆန်းစစ်တွက်ချက်နိုင်ရန်အတွက် စိုက်ပျိုးရေးထွက်ကုန်များ ကုန်သွယ်ရေးနှင့်ပတ်သက်သော ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ထုတ်ဝေပြီးသော ဖရဲသီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သည့် မူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုများ စသည့် အချက်အလက်များနှင့် တွက်ချက်လေ့လာခြင်း၊ ယခင်နှင့်ယခု စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ကုန်ကျစရိတ်များ၊ ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်နိုင်ငံများနှင့်ယှဉ်ကာ ကုန်ပစ္စည်းအရည်အသွေးများ စသည်များကို ယှဉ်ပြိုင်ဆန်းစစ်တွက်ချက်ခြင်း (Competitive Analysis) နည်းဖြင့် တွက်ချက်လေ့လာခဲ့ပါသည်။ သုတေသနတွင် Nominal Protection Rate (NPR) တွက်ချက်ခြင်း၊ ပို့ကုန်အလားအလာများ (Trade Potential) တွက်ချက်ခြင်း၊ Revealed Comparative Advantage (RCA) တွက်ချက်ခြင်းနှင့် SWOC Analysis စသည့် နည်းလမ်းများဖြင့် တွက်ချက်လေ့လာခဲ့ပါသည်။

**ဈေးနှုန်းယှဉ်ပြိုင်မှုနှင့် လိုအပ်သည့်အချက်အလက်များ**

သုတေသနတွင် ဈေးနှုန်းယှဉ်ပြိုင်မှု၊ တန်ဖိုးယှဉ်ပြိုင်နိုင်မှုသည် ကုန်ပစ္စည်းတစ်ခု၏ ပြည်တွင်းဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းနှင့် တူညီ (သို့မဟုတ်) လျော့နည်းသည့် အရည်အသွေးစံနှုန်း၊ ထုတ်လုပ်မှု စသည်ဖြင့် ယှဉ်ပြိုင်ခြင်း ဖြစ်ပါသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ Pm သည် တင်သွင်းသည့်နိုင်ငံမှ အခြားဝယ်ယူသော နိုင်ငံသို့အရောက် ထွက်ကုန်တင်ပို့သည့် ဈေးနှုန်း (CIF Price) ဖြစ်ပြီး Pw သည် ထွက်ကုန်ဝယ်ယူသည့် နိုင်ငံ၏ ပြည်တွင်းလက်ကားဈေးနှုန်း (Wholesale Price) ဖြစ်ပါသည်။

$$\mathbf{Pm \leq Pw}$$

Nominal Protection Rate (NPR) သည် Free Market Price ဖြစ်ပြီး တင်သွင်းသည့် နိုင်ငံမှ အခြားဝယ်ယူသော နိုင်ငံသို့အရောက် ထွက်ကုန်တင်ပို့သည့် ဈေးနှုန်း (CIF Price) (Pm) နှင့် ထွက်ကုန်ဝယ်ယူသည့် နိုင်ငံ၏ ပြည်တွင်းလက်ကားဈေးနှုန်း (Wholesale Price) (Pw) တို့ ပိုင်းခြားခြင်းဖြင့် ရရှိလာသော တန်ဖိုးဖြစ်သည်။ Nominal Protection Rate (NRP) ကို ဖော်ပြပါ ဖော်မြူလာနှင့် တွက်ချက်နိုင်ပါသည်။

$$\mathbf{NPR = Pm / Pw}$$

Nominal Protection Rate (NPR) သည် အစိုးရမူဝါဒများ လွှမ်းမိုးမှုကြောင့် ကုန်ပစ္စည်းများ၏ ပြည်တွင်းဈေးကွက်များတွင် သက်ရောက်မှုရှိပါသည်။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းတစ်ခု၏ Nominal Protection Rate (NPR) သည် (၁) နှင့် ညီမျှသည် (သို့) (၁) ထက်ငယ်နေလျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်စွမ်းရှိသည်ဟု ဖော်ပြနိုင်ပါသည်။

**ပို့ကုန်အလားအလာ**

တင်ပို့မှုအလားအလာသည် နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ ပို့ကုန်များနှင့် တွဲဖက်နိုင်ငံ၏ တစ်ကမ္ဘာလုံးဆိုင်ရာ တင်သွင်းမှုများအကြား အနည်းဆုံးတန်ဖိုးမှ နှစ်နိုင်ငံအကြား အမှန်တကယ် ကုန်သွယ်မှုအား တွက်ချက်ခြင်း ဖြစ်ပါသည်။ တစ်နှစ်အတွင်း ကုန်သွယ်မှုအလားအလာကို သိလိုလျှင် ဖော်ပြပါ ဖော်မြူလာနှင့် တွက်ချက်နိုင်ပါသည်။

*Trade Potential for a year = minimum (country 's global exports, partner country's global imports) – actual trade*

**ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (Revealed Comparative Advantage-RCA)**

ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်ကို တွက်ချက်ရန်အတွက် နိုင်ငံ၏ သတ်မှတ်ထားသော ထွက်ကုန်တင်ပို့သည့် ပမာဏ၊ ၎င်းနိုင်ငံ၏ စုစုပေါင်းပို့ကုန်များ တင်ပို့သည့် ပမာဏ၊ ကမ္ဘာ့ဈေးကွက်ရှိ သတ်မှတ်ပို့ကုန် စုစုပေါင်း တင်ပို့သည့် ပမာဏနှင့် ကမ္ဘာ့စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏတို့ သိရန်လိုအပ်ပါသည်။ Revealed Comparative Advantage (RCA) ကို ဖော်ပြပါ ဖော်မြူလာဖြင့် တွက်ချက်နိုင်ပါသည်။

$$RCA_{Ai} = \frac{\frac{X_{Ai}}{\sum_{j \epsilon P} X_{Ai}}}{\frac{X_{Wi}}{\sum_{j \epsilon P} X_{Wi}}}$$

P = ထုတ်ကုန်အားလုံး၏ အစု

$X_{Ai}$ = နိုင်ငံ A ၏ ပို့ကုန် i တင်ပို့သည့် ပမာဏ

Xwi = ကမ္ဘာ့ဈေးကွက်ရှိ ပို့ကုန် i စုစုပေါင်းတင်ပို့သည့် ပမာဏ

$\sum_{j \epsilon P} X_{Ai}$ = နိုင်ငံ A ၏ စုစုပေါင်းပို့ကုန် တင်ပို့သည့် ပမာဏ

$\sum_{j \epsilon P} X_{Wi}$ = ကမ္ဘာ့ စုစုပေါင်းပို့ကုန် တင်ပို့သည့် ပမာဏ

မြန်မာနိုင်ငံ၏ ဖရဲသီးနှံ နှိုင်းယှဉ်အားသာချက် Revealed Comparative Advantage (RCA) ဖော်မြူလာမှာ

RCA = (မြန်မာနိုင်ငံ၏ ဖရဲသီးနှံတင်ပို့သည့်ပမာဏ/ မြန်မာနိုင်ငံ၏ စုစုပေါင်းပို့ကုန်တင်ပို့သည့် ပမာဏ)/ (ကမ္ဘာ့ဈေးကွက်ရှိ ဖရဲသီးနှံ တင်ပို့သည့်ပမာဏ/ ကမ္ဘာ့ စုစုပေါင်း ပို့ကုန်တင်ပို့သည့် ပမာဏ)

| | | |
|---|---|---|
| ယူဆချက် (၁) | 0 < RCA ≤ 1 | နှိုင်းယှဉ်အားသာချက် မရှိပါ။ |
| ယူဆချက် (၂) | 1 < RCA ≤ 2 | နှိုင်းယှဉ်အားသာချက် အားနည်းခြင်း။ |
| ယူဆချက် (၃) | 2 < RCA ≤ 4 | အလယ်အလတ် နှိုင်းယှဉ်အားသာချက်။ |
| ယူဆချက် (၄) | 4 < RCA | ခိုင်မာသော နှိုင်းယှဉ်အားသာချက်။ |

တွက်ချက်ရရှိသော RCA ကို အသုံးပြု၍ RSCA ကို အောက်ပါအတိုင်း တွက်ချက်ပါသည် -

$$RSCA_{ij} = \frac{RCA_{ij} - 1}{RCA_{ij} + 1}$$

| | **RCA** | **RSCA** | **ယူဆချက်** |
|---|---|---|---|
| ယူဆချက် (၁) | 1 < RCA ≤ 1 | -1 < RSCA ≤ 0 | နှိုင်းယှဉ် အားသာချက် မရှိပါ။ |
| ယူဆချက် (၂) | 1 < RCA ≤ 2 | 0 < RSCA ≤ 0.33 | နှိုင်းယှဉ် အားသာချက် အားနည်းခြင်း။ |
| ယူဆချက် (၃) | 2 < RCA ≤ 4 | 0.33 < RSCA ≤ 0.6 | အလယ်အလတ် နှိုင်းယှဉ်အားသာချက်။ |
| ယူဆချက် (၄) | 4 < RCA | 0.6 < RSCA | ခိုင်မာသော နှိုင်းယှဉ်အားသာချက်။ |

**SWOC analysis ဖြင့် ထုတ်ကုန်ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ လေ့လာခြင်း**

ထုတ်ကုန်ယှဉ်ပြိုင်နိုင်မှုနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ လေ့လာခြင်းနှင့် ပတ်သက်၍ သုတေသနတွင် ကနဦးကောက်ယူခဲ့သော အချက်အလက်များဖြင့် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ထည့်သွင်းတွက်ချက်မည် ဖြစ်ပါသည်။ Strength, Weakness, Opportunities, Challenges (SWOC) analysis တွင် ထည့်သွင်းတွက်ချက်မည့် အချက်အလက်များကို ပြန်လည်စီစဉ်ပြီး ဆုံးဖြတ်ချက်ချခြင်းဖြင့် မဟာဗျူဟာဆိုင်ရာ ရွေးချယ်စရာများကို ခွဲခြားဖော်ပြသည်။

(၁) အားသာချက်-အခွင့်အရေး နည်းဗျူဟာများ (S-O)

နည်းဗျူဟာများ၏ အားသာချက်များသည် ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများကို အများဆုံးရရှိစေရန်အတွက် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၂) အားသာချက်-စိန်ခေါ်မှု နည်းဗျူဟာများ (S-C)

နည်းဗျူဟာများ၏ အားသာချက်များသည် ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကို လျှော့နည်းနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၃) အားနည်းချက်-အခွင့်အရေး နည်းဗျူဟာများ (W-O)

နည်းဗျူဟာများ၏ အားနည်းချက်များအပေါ်အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော အခွင့်အရေးများကို ရရှိနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

(၄) အားနည်းချက်-စိန်ခေါ်မှု နည်းဗျူဟာများ (W-C)

နည်းဗျူဟာများ၏ အားနည်းချက်များအပေါ်အခြေခံပြီး ကုန်သွယ်မှုဆိုင်ရာ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအတွက် ဖြစ်နိုင်ချေရှိသော စိန်ခေါ်မှုများကိုရရှိနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်နိုင်ပါသည်။

## ၃.၄။ သုတေသနအဖွဲ့ဝင်များ

ယခု သုတေသနကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသိဂီမြင့်နှင့် တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးစပယ်အေး၊ ကထိက ဦးစိုးခိုင်နှင့် စိုက်ပျိုးစီးပွားပညာရှင်များက ပူးပေါင်း၍ စီမံကိန်းတာဝန်ခံနှင့် စီမံကိန်းအဖွဲ့ဝင်များ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။

## ၃.၅။ သုတေသနဆောင်ရွက်ချက်များနှင့် ဆောင်ရွက်သည့်ကာလ

သုတေသနဆောင်ရွက်ချက်များနှင့် လုပ်ငန်းများအလိုက် ဆောင်ရွက်သည့်ကာလမှာ ဇယား (၃) ပါအတိုင်း ဖြစ်ပါသည်။

ဇယား (၃) သုတေသန ဆောင်ရွက်ချက်များ ဆောင်ရွက်သည့်ကာလ

| လုပ်ငန်းစဉ်များ | ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် | | | | | | | | | | | ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်း၊ ရေထွက်ပစ္စည်း၊ ဖရဲသီး လုပ်ငန်းအစီအစဉ်၊ သုတေ သနဒီဇိုင်း၊ conceptual framework နှင့် သုတေသန နည်းလမ်း (Methodology) အတည်ပြုခြင်း | ■ | ■ | | | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ အချက်အလက် များစုဆောင်းခြင်း၊ ပြုစုခြင်း၊ ကိန်းဂဏန်းများ၊ ကောက်ယူခြင်းနှင့် စုစည်းခြင်း | | ■ | ■ | | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ ကိန်း ဂဏန်းအချက်အလက်များအား ထည့်သွင်းခြင်း၊ စိစစ်ခြင်း၊ တွက်ချက်ခြင်းနှင့် သုံးသပ်ခြင်း | | | ■ | ■ | | | | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ သုတေသန အစီရင်ခံစာ (မူကြမ်း) အား စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းအဖွဲ့သို့ ရှင်းလင်း တင်ပြခြင်း၊ သဘောထား မှတ်ချက်များနှင့်အညီ ပြန်လည် ပြင်ဆင်ခြင်း၊ အတည်ပြုချက် ရယူခြင်း | | | | | ■ | ■ | ■ | | | | | | | | | |
| ဆန်၊ ပြောင်း၊ ပဲပုပ်၊ ပဲတီစိမ်းတို့၏ သုတေသန အစီရင်ခံစာ (final) နှင့် အတူ hard copy နှင့် soft copy များ၊ software နှင့် Advanced Microsoft Office Excel အသုံးပြုခဲ့သော Data Sheet များကို ပူးတွဲ၍ အပ်နှံခြင်း | | | | | | | | ■ | ■ | ■ | | | | | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ အချက်အလက်များ စုဆောင်းခြင်း၊ ပြုစုခြင်း၊ ကိန်းဂဏန်းများ၊ ကောက်ယူခြင်းနှင့် စုစည်းခြင်း | | | | | | | | | | | ■ | ■ | ■ | | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ ကိန်းဂဏန်း အချက်အလက်များအား ထည့်သွင်းခြင်း၊ စိစစ်ခြင်း၊ တွက်ချက်ခြင်းနှင့် သုံးသပ်ခြင်း | | | | | | | | | | | | ■ | ■ | ■ | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ သုတေသန အစီရင်ခံစာ (မူကြမ်း) အား စီမံကိန်း အကောင် အထည်ဖော်မည့် လုပ်ငန်းအဖွဲ့သို့ ရှင်းလင်း တင်ပြခြင်း၊ သဘောထားမှတ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ခြင်း၊ အတည်ပြုချက် ရယူခြင်း | | | | | | | | | | | | | ■ | ■ | | |
| ရေထွက်ပစ္စည်း၊ ဖရဲသီးတို့၏ သုတေသန အစီရင်ခံစာ (final) နှင့်အတူ hard copy နှင့် soft copy များ၊ software နှင့် Advanced Microsoft Office Excel အသုံးပြုခဲ့သော Data Sheet များကို ပူးတွဲ၍ အပ်နှံခြင်း | | | | | | | | | | | | | | | ■ | ■ |

# ၄။ ကုန်ထုတ်လုပ်မှုဆိုင်ရာ ခြုံငုံသုံးသပ်ချက်များ

## ၄.၁။ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုဆိုင်ရာတွက်ချက်မှုများ

မြန်မာနိုင်ငံတွင် ဖရဲသီးစိုက်ဧကပေါင်း (၆၀,၀၀၀) နီးပါးခန့်ရှိပြီး အဓိက စိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးကြပြီး အခြား တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း စိုက်ပျိုးထုတ်လုပ်မှု အနည်းငယ်ရှိပါသည်။ မြန်မာနိုင်ငံတွင် ဖရဲသီးကို သုံးရာသီလုံး စိုက်ပျိုးကြပြီး အများအားဖြင့် နိုဝင်ဘာလမှစတင်ကာ မတ်လအထိ စိုက်ပျိုးကြပါသည်။ ဖရဲပင်များသည် သဲနုန်းမြေကို ကြိုက်နှစ်သက်ကြပြီး အသီးသည် ပူနွေးပြီး ခြောက်သွေ့သော ရာသီဥတုကို ကြိုက်နှစ်သက်သောကြောင့် ထိုလများသည် ဖရဲသီးကြီးထွားမှုအတွက် အကောင်းဆုံးအချိန် ဖြစ်ပါသည်။ ပြာသို၊ တပို့တွဲလအချိန်တွင် ဖရဲသီးများ အောင်မြင်ဖြစ်ထွန်းပြီး တပေါင်းလနှင့် တန်ခူးလသည် ဖရဲသီးများဆွတ်ခူး၍ ဈေးကွက်သို့ တင်ပို့ရောင်းချကြပါသည်။

ဖရဲစတင်စိုက်ပျိုးသည့် အချိန်မှစ၍ ဒေသအလိုက်၊ မျိုးအလိုက် ရက်ပေါင်း (၆၀) မှ (၁၂၀) အတွင်း ခူးဆွတ်နိုင်ပါသည်။ ဖရဲသီးများပေါ်ချိန်ကာလသည် နိုဝင်ဘာလမှ ဇွန်လအထိဖြစ်ပြီး ၎င်းအချိန်ကာလများတွင် ပြည်ပတင်ပို့မှု အများဆုံးဖြစ်ကြောင်း သိရသည်။ ရာသီဥတုအခြေအနေကြောင့် စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန် အတိအကျသည် တစ်နှစ်နှင့်တစ်နှစ် အနည်းငယ် ကွာခြားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် အဓိက စိုက်ပျိုးထုတ်လုပ်လျက်ရှိသော ဖရဲမျိုးများမှာ 855 မျိုး၊ ဂျပန်ဖရဲ (ခေါ်) ဒုံးကျည်ဖရဲမျိုး၊ ထိုင်ဝမ်မျိုး၊ အစေ့မဲ့ ဖရဲသီးနှင့် ဖရဲဝါသီးများဖြစ်ပြီး နိုင်ငံတကာသို့ ထုတ်လုပ်တင်ပို့လျက် ရှိပါသည်။

၂၀၁၉-၂၀၂၀ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ဖရဲစိုက်ပျိုးထုတ်လုပ်မှု အချက်အလက်များအရ စိုက်ပျိုးဧရိယာများ နှစ်စဉ်ကျဆင်းနေပြီး ထုတ်လုပ်မှုလည်း ကျဆင်းနေကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ဖရဲစိုက်ဧရိယာများသည် ၂၀၁၉-၂၀၂၀ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အနည်းငယ်စီ ကျဆင်းခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သိသိသာသာ လျော့နည်းခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှိုင်းယှဉ်ကြည့်ပါက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖရဲစိုက်ဧကပေါင်း (၅၆,၄၁၄) ရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၃၁,၀၉၄) ဧကသာရှိသည့်အတွက် ဧကပေါင်း (၂၅,၃၂၀) လျော့နည်းသွားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အထွက်နှုန်းမှာလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ပိဿာသန်း (၁၂၃.၄) လျော့နည်းခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။ ၂၀၂၁-၂၀၂၂ နှင့် နှိုင်းယှဉ်ပါက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖရဲစိုက်ဧကပေါင်း (၃၁,၀၉၄) သာရှိခဲ့သည့်အတွက် ဖရဲစိုက်ဧရိယာမှာ (၂၅,၃၂၀) ဧကသာရှိပြီး ယခင်နှစ်ထက် ထက်ဝက်ခန့်သာ ရှိပါသည်။

အထွက်နှုန်းမှာလည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ပိဿာသန်း (၂၂၈.၇) လျော့နည်းခဲ့ပါသည်။ ဖရဲစိုက်ဧရိယာများ လျော့နည်းသွားရခြင်း၏ အဓိက အကြောင်းအရင်းသည် ၂၀၂၁ ခုနှစ်၊ နှစ်အစတွင် မြန်မာ့ဖရဲဈေးကွက်၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ တင်ပို့သည့် မြန်မာ-တရုတ်နယ်စပ်ဂိတ်များ ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် ယာယီပိတ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။ စိုက်ဧရိယာများ လျော့ကျသွားခြင်း၏ နောက်ထပ်အကြောင်းအရာများသည် အခြားသီးနှံများ ပြောင်းလဲ

စိုက်ပျိုးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် တင်ပို့မှု ကန့်သတ်ချက်များ ရှိလာခြင်းတို့သည် ဖရဲသီး တင်ပို့မှုများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများဖြစ်သည်။ နယ်စပ်ဂိတ်များမှတစ်ဆင့် ဖရဲသီးတင်ပို့လျက်ရှိသည့် ကုန်တင်ကားများသည် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များ၊ တရုတ်နိုင်ငံ၏ အကောက်အခွန်စည်းမျဉ်း တင်းကြပ်မှုများ၊ စစ်ဆေးမှုများနှင့် တရုတ်နိုင်ငံ၏ အကောက်ခွန် ရှင်းလင်းရေး စနစ် အပြောင်းအလဲများ ရှိနေခြင်းတို့ကြောင့် တင်ပို့ရန် စောင့်ဆိုင်းချိန်ကြာမြင့်မှုများ ကြုံတွေ့ရပြီး တင်ပို့မည့် ဖရဲသီးအရည်အသွေးများ ကျဆင်းခဲ့ရသည်။

ထို့ကြောင့် တင်ပို့မည့် ဖရဲသီးတစ်ဝက်ခန့်သည် တင်ပို့ရန် အရည်အသွေးမမီဖြစ်ခဲ့ပြီး တင်ပို့သူများအနေဖြင့် အရှုံးများစွာ ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ဖရဲစိုက်ပျိုးတောင်သူများအပေါ်တွင် သက်ရောက်မှုများရှိခဲ့ပြီး ဈေးကွက်ရရန် အခက်အခဲများ ရှိလာခဲ့ပါသည်။ ဖရဲသီးနှံတင်ပို့ရာတွင် တင်ပို့သောအချိန်၊ အရည်အသွေးနှင့် အမြတ်အစွန်းရရှိရန် အရေးကြီးသောကြောင့် ယခုအခါတွင် ဖရဲသီးတင်ပို့သော စီးပွားရေး လုပ်ငန်းရှင်များသည် တရုတ်ဈေးကွက်အပြင် အခြားဈေးကွက်များကိုလည်း ရှာဖွေလျက် ရှိပါသည် (ပုံ ၇) (Agribusiness Bulletin၊ ၂၀၂၄)။




ရင်းမြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၇) ၂၀၁၉-၂၀၂၀ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံ၏ ဖရဲစိုက်ပျိုးထုတ်လုပ်မှု အခြေအနေပြဂရပ် (လယ်/စီ/အင်း)

ဖရဲတစ်ဧက ကုန်ကျစရိတ်သည် စိုက်ပျိုးသည့် မျိုးပေါ်မူတည်၍ ကွာခြားမှုရှိနိုင်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တောင်သူတစ်ဦး၏ ပြည်ပတင်ပို့ရန် စိုက်ပျိုးလျက်ရှိသည့် 855 ဖရဲမျိုး စိုက်ပျိုးစရိတ်သည် ပျမ်းမျှအားဖြင့် တစ်ဧကလျှင် စုစုပေါင်း ကုန်ကျစရိတ် (၂,၁၀၀,၀၀၀) ခန့်ကုန်ကျပြီး အထွက်နှုန်းမှာ အလုံးရေ (၁,၀၀၀) ခန့် ရှိပါသည်။ ပြည်ပသို့ တင်ပို့သည့်အတွက် သယ်ယူစရိတ်နှင့် အခွန်အခများ အပါအဝင် အပြီးအစီး ကုန်ကျစရိတ်မှာ တောင်သူပျမ်းမျှရဈေးသည် ဖရဲတစ်လုံးလျှင် (၁၂,၀၀၀) ကျပ်ခန့်

ရရှိသည့်အတွက် တစ်ကေပျမ်းမျှဝင်ငွေမှာ ကျပ်သိန်း (၁၂၀) ခန့်ရရှိခဲ့ပြီး အမြတ်ငွေသည် တစ်ကေလျှင် ကျပ် (၉၉) သိန်းခန့် ရရှိခဲ့ပါသည်။ တောင်သူများအနေဖြင့် တစ်ကေအထွက်နှုန်း (၁၇၅) လုံးရရှိပြီး အနည်းဆုံး တစ်လုံးလျှင် (၂,၁၀၀) ကျပ်ရှိမှသာ ကုန်ကျစရိတ်ကျေနိုင်မည် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိသည့် ကာလများတွင် မြန်မာ့ဖရဲသီးများ အဓိက တင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်လျက်ရှိသည့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းနှင့် တင်းကျပ်သော အကောက်ခွန်စည်းမျဉ်းများ သတ်မှတ်ခြင်းတို့ကြောင့် မြန်မာ့ဖရဲသီး ဈေးနှုန်းကျဆင်းခဲ့ရပြီး တောင်သူများ အရှုံးများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ၎င်းအခက်အခဲများ ရှိလာသောကြောင့် ပြည်တွင်းဈေးကွက်တွင် ဖရဲသီးများစွာ ဝင်ရောက်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကြိုက် ဂျပန်ဖရဲ (ခေါ်) 211၊ တောင်သူ (ခေါ်) ဒုံးကျည်ဖရဲများ စိုက်ပျိုးလာကြပါသည်။

ဇယား (၄) ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဖရဲအမျိုးအစားအလိုက် တောင်သူအရင်းကျေဈေးနှုန်းနှင့် အထွက်နှုန်းများ

| မျိုးအမည် | ကုန်ကျစရိတ် (ကျပ်/ကေ) | အထွက်နှုန်း (လုံး/ကေ) | တောင်သူရဈေး (ကျပ်/လုံး) | ဝင်ငွေ (ကျပ်/ကေ) | အမြတ်ငွေ (ကျပ်/ကေ) | အရင်းကျေဈေးနှုန်း (ကျပ်/လုံး) | အရင်းကျေအထွက်နှုန်း (လုံး/ကေ) |
|---|---|---|---|---|---|---|---|
| ၈၅၅ ဖရဲ | ၂,၁၀၀,၀၀၀ | ၁,၀၀၀ | ၁၂,၀၀၀ | ၁၂,၀၀၀,၀၀၀ | ၉,၉၀၀,၀၀၀ | ၂,၁၀၀ | ၁၇၅ |
| ဒုံးကျည်ဖရဲ | ၁,၆၀၀,၀၀၀ | ၁,၅၀၀ | ၁,၄၀၀ | ၂,၁၀၀,၀၀၀ | ၅၀၀,၀၀၀ | ၁,၀၆၇ | ၁,၁၄၂.၉ |

ဓာတ်မြစ်။ Agribusiness Bulletin၊ ၂၀၂၄ (နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဖရဲစိုက်တောင်သူများကို စစ်တမ်းကောက်ယူခြင်း)

ဒုံးကျည်ဖရဲ၏ တစ်ကေကုန်ကျစရိတ်သည် ပြည်ပတင်ပို့သည် 855 ဖရဲထက် ကုန်ကျစရိတ်နည်းပြီး တစ်ကေအတွက် ကုန်ကျစရိတ် ကျပ် (၁၆) သိန်းရှိပြီး အထွက်နှုန်းမှာ (၁,၅၀၀) လုံးရှိသောကြောင့် ပျမ်းမျှ တောင်သူရဈေးသည် ဖရဲတစ်လုံးလျှင် (၁,၄၀၀) ကျပ်ခန့် ရရှိပါသည်။ ထို့ကြောင့် တစ်ကေပြန်ရချက်မှာ (၂၁) သိန်းခန့်ရှိပြီး တောင်သူရ အမြတ်ငွေမှာ (၅) သိန်းခန့်ရှိသောကြောင့် ကုန်ကျစရိတ်နည်းသကဲ့သို့ အမြတ်ငွေလည်း နည်းပါသည်။ ဒုံးကျည်ဖရဲသီးအနေဖြင့် တစ်ကေအထွက်နှုန်း (၁,၁၄၃) လုံးထွက်ရှိပြီး တစ်လုံးလျှင် အနည်းဆုံး တစ်လုံးလျှင် (၁,၀၆၇) ကျပ်ရရှိမှသာ တစ်ကေကုန်ကျစရိတ် ကျေနိုင်မည် ဖြစ်ပါသည် (ဇယား ၄) (Agribusiness Bulletin၊ ၂၀၂၄)။

တရုတ်ဈေးကွက်သို့ တင်ပို့ရန်အတွက် 855 ဖရဲမျိုးစိုက်ပျိုးရာတွင် တစ်ကေကုန်ကျစရိတ် ကျပ် (၁၅) သိန်းမှ (၂၀) အထိကုန်ကျပြီး ပြည်တွင်းဈေးကွက်အတွက် ဒုံးကျည်ဖရဲများ စိုက်ပျိုးရာတွင် တစ်ကေ ကုန်ကျစရိတ် ကျပ် (၁၀) သိန်းမှ (၁၂) သိန်းအထိသာ ကုန်ကျသည့်အတွက် တစ်ကေကုန်ကျစရိတ် (၅) သိန်းမှ (၈) သိန်းအထိ ကုန်ကျစရိတ်သက်သာကြောင်း၊ ထိုသို့သက်သာရခြင်းမှာ ပြည်တွင်းဈေးကွက် တင်ပို့ရာတွင် စိုက်ပျိုးရေးသွင်းအားစု ဓာတ်မြေဩဇာ လျှော့ချသုံးစွဲခြင်းကြောင့် ဖြစ်ပါသည်။ ဘိုင်းဒါးဒေသထွက် ဖရဲများသည် ပြည်တွင်းဈေးကွက် ကောင်းမွန်ပြီး ဖရဲသီးကုန်သည်များမှ စိုက်ခင်းအတွင်း လာရောက် ဝယ်ယူကြကာ အသီးအရွယ်အစားအပေါ်မူတည်၍ ဈေးကောင်းရရှိကြကြောင်းနှင့် ထိုဒေသထွက် ဖရဲများ

အား ရန်ကုန်၊ ရေး၊ ထားဝယ်၊ မော်လမြိုင်မြို့များအထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရပါသည် (စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၂၃ ခုနှစ်)။

## ၄.၂။ အဓိကစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ

မြန်မာနိုင်ငံတွင် ဖရဲသီးစိုက်ပျိုးမှု အများဆုံးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဖရဲစိုက်ဧရိယာ (၁၆,၆၈၈) ဧကမှ ဖရဲသီးပိသာချိန် (၂၀၄) သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖရဲစိုက်ဧရိယာ (၁၁,၁၆၉) ဧကမှ ဖရဲသီးပိသာချိန် (၃၆.၀၉) သန်း အသီးသီး ထွက်ရှိခဲ့ပါသည်။ ဖရဲသီးစိုက်ပျိုးထုတ်လုပ်မှု ဒုတိယအများဆုံး ဒေသတစ်ခုဖြစ်သည့် ပဲခူးတိုင်းဒေသကြီးသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဖရဲစိုက်ဧရိယာ (၉,၃၈၈) ဧကမှ ဖရဲသီးပိသာချိန် (၂၇.၈၇) သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဖရဲစိုက်ဧရိယာ (၄,၈၅၆) ဧကမှ ဖရဲသီးပိသာချိန် (၁၅.၄၉) သန်း အသီးသီး ထုတ်လုပ်ပေးနိုင်ခဲ့ပါသည်။ ဖရဲသီးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများအနက် ရန်ကုန်တိုင်းဒေသကြီးသည် တစ်ဧက အထွက်နှုန်း အများဆုံးဖြစ်ပြီး ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ဖရဲသီးပိသာ (၆,၄၂၅.၃၉) ထွက်ရှိပါသည်။ ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၏ တစ်ဧကအထွက်နှုန်းသည် ပျမ်းမျှအားဖြင့် တစ်ဧကလျှင် (၃,၂၃၁.၃၄) ပိသာ ထွက်ရှိပါသည် (ပုံ ၈)။ ဖရဲသီးကို မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ နွားပင်၊ ဆည်ကြီး၊ ကုန်းတောင်း၊ အပျောက်ရွာများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။




ဓာတ်မြစ်။ Agribusiness Bulletin၊ ၂၀၂၄

ပုံ (၈) မြန်မာနိုင်ငံမှ ဖရဲသီးစိုက်ပျိုးသော ဒေသများ၏ စိုက်ဧရိယာများ နှိုင်းယှဉ်ချက်

## ၄.၃။ ပြည်တွင်းစားသုံးမှုနှင့် ပို့လျှံမှု

ဖရဲသီးသည် မြန်မာနိုင်ငံတွင် လူကြိုက်များသော သီးနှံတစ်မျိုးဖြစ်ပြီး၊ နည်းလမ်းအမျိုးမျိုးဖြင့် စားသုံးလျက် ရှိကြပါသည်။ ဖရဲသီးတွင် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်၊ သတ္တုဓာတ်များ ပါဝင်သည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အရည်ရွှမ်း၍ လူတိုင်းကြိုက်နှစ်သက်သည်။ ကင်ဆာရောဂါ၊ ဆီးချိုရောဂါဖြစ်ပွားမှုတို့ကို လျှော့ချနိုင်ပြီး နှလုံးကျန်းမာရေးကို ကောင်းစေပါသည်။ ရေဓာတ်ပါဝင်မှုများသော ဖရဲသီးကို လတ်ဆတ်သောအသီးအဖြစ် အများဆုံးစားသုံးကြပြီး ပူပြင်းသောနွေရာသီတွင် ပို၍စားသုံးကြပါသည်။ မြန်မာနိုင်ငံတွင် ဖရဲသီးကို အသီးသုပ်၊ ဖျော်ရည်၊ အချိုပွဲ၊ ဖရဲစေ့လှော်များနှင့် တိုင်းရင်းဆေးများ ဖော်စပ်ရာတွင်လည်း အသုံးပြုကြသည်။ မြန်မာ့ထမင်းဝိုင်းများတွင် ဖရဲသီးအနုလေးများကိုပြုတ်၍ တို့စရာအနေဖြင့်လည်း စားသုံးလေ့ရှိကြပါသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် ဖရဲသီးများသည် ပြည်တွင်းတွင် ပေါများစွာ စားသုံးနိုင်သော သီးနှံဖြစ်ပြီး ပြည်ပသို့လည်း များစွာတင်ပို့လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ ရေမြေအနေအထားအရ ဖရဲသီးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအားလုံးနီးပါးတွင် ရာသီမရွေး စိုက်ပျိုးနိုင်သော သီးနှံဖြစ်ပါသည်။




ဓာတ်မြစ်။ Indexbox data၊ ၂၀၁၅

ပုံ (၉) မြန်မာနိုင်ငံ၏ ဖရဲသီး စိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပြည်ပတင်ပို့မှု အခြေအနေပြဂရပ် (၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ)

မြန်မာနိုင်ငံ၏ ဖရဲသီးစိုက်ပျိုးထုတ်လုပ်မှုနှင့် စားသုံးမှုအခြေအနေများအရ ၂၀၁၀ ခုနှစ်အထိ စိုက်ပျိုးထုတ်လုပ်မှု ပမာဏနှင့် ပြည်တွင်းစားသုံးမှု ပမာဏတို့တူညီနေပြီး သီးနှံပို့လျှံမှုမရှိကြောင်း သိရှိရပါသည်။ ၂၀၁၁ ခုနှစ်မှစတင်၍ ပြည်ပတင်ပို့မှုများကို စတင်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဖရဲသီးစိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပြည်ပတင်ပို့မှုအခြေအနေများအရ ၂၀၁၄

ခုနှစ်တွင် သီးနှံထုတ်လုပ်မှု အမြင့်ဆုံးဖြစ်ပြီး ပြည်ပသို့ ဖရဲသီးတန်ချိန် (၁၃၇,၀၀၀) တန် တင်ပို့နိုင်ကြောင်း တွေ့ရှိရပါသည် (ပုံ ၉)။

## ၄.၄။ ထုတ်လုပ်မှုဆိုင်ရာ ကြုံတွေ့ရသော စိန်ခေါ်မှုများ

မြန်မာနိုင်ငံတွင် ဖရဲစိုက်ပျိုးထုတ်လုပ်မှု ဒုတိယ အများဆုံးဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဘိုင်းဒါးဒေသတွင် နှစ်စဉ်ဖရဲဧက (၁,၀၀၀) ကျော် စိုက်ပျိုးခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့မှုအခြေအနေများကြောင့် တရုတ်ဈေးကွက် မျှော်မှန်းရန်ခက်ခဲသည့် အခြေအနေများနှင့် စိုက်ပျိုးရေးသွင်းအားစု ဈေးနှုန်းများ မြင့်တက်လာမှု အခြေအနေများကြောင့် စိုက်ပျိုးမှုနှုန်းများ ကျဆင်းခဲ့ရပါသည်။ ယခင်နှစ်များတွင် တရုတ်ပြည်ဈေးကွက်သို့ တင်ပို့ရန် 855 ဖရဲတစ်မျိုးထဲကို အဓိကထား စိုက်ပျိုးကြသော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများ ကြုံတွေ့လာရပြီး တရုတ်ဈေးကွက် မျှော်မှန်းရန် ခက်ခဲသည့်အခြေအနေများကြောင့် ပြည်တွင်းစားသုံးမှုနှင့် ဈေးကွက်အခြေအနေများ ကောင်းမွန်သည့် ဂျပန်ဖရဲ (ခေါ်) 211၊ တောင်သူ (ခေါ်) ဒုံးကျည်ဖရဲများနှင့် 855 ဖရဲမျိုးများကို ပူးတွဲစိုက်ပျိုးလာကြပါသည်။ ကိုဗစ်-၁၉ ကာလတွင် ဖရဲစိုက်တောင်သူ (၈၀) ရာခိုင်နှုန်းနီးပါး အရှုံးပေါ်ခဲ့ပြီး စိုက်ပျိုးမှုများလည်း လျော့ကျသွားသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့သည်။ ယခုနှစ် ဖရဲရာသီတွင် ဖရဲစိုက်ပျိုးမှုများမှ အထွက်တိုးနိုင်၍ တစ်ဖက်မှာလည်း တရုတ်ဈေးကွက်တွင် ရောင်းအားပိုမိုကောင်းရန် တောင်သူများအနေဖြင့် မျှော်လင့်လျက်ရှိကြပါသည် (Agribusiness Bulletin၊ ၂၀၂၄)။

ဖရဲသီးနှံသည် တရုတ်ပြည်သို့ အဓိကတင်ပို့ရောင်းချနေသည့် သီးနှံဖြစ်သည့်အပြင် အလေးချိန်၊ တန်ချိန်များသည့် သီးနှံဖြစ်သောကြောင့် ရေကြောင်းမှ တင်ပို့မှုနည်းပါးပြီး နယ်စပ်မှတစ်ဆင့် တင်ပို့ရောင်းချရသည့် သီးနှံဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ အဓိကတင်ပို့ ရောင်းချနေရသည့် သီးနှံတစ်ခုလည်း ဖြစ်ပါသည်။ လတ်တလောတွင် ကုန်သွယ်မှုအခြေအနေ ခက်ခဲမှုများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ခက်ခဲခြင်းကြောင့် ဆုံးရှုံးမှုများစွာဖြစ်ပေါ်၍ စိုက်ပျိုးမှု နည်းပါးလာပါသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အချိန်ကာလများတွင် မူဆယ်သို့ တစ်ရက်လျှင် ကားအစီး (၆၀၀-၈၀၀) ကြား ထွက်ရှိပါသည်။ ယခုအခါ ကချင်ပြည်နယ်၊ ကံပိုင်တည်နှင့် ရှမ်းပြည်နယ်၊ လွယ်ဂျယ်နှင့် မိုင်းလားဘက်မှ တင်ပို့ရပါသဖြင့် တစ်ရက်လျှင် ကားအစီး (၅၀-၆၀) ထက် တင်ပို့နိုင်ပါသည်။ ယခင်က တစ်နှစ်လျှင် တန်ချိန် (၁၀) သိန်းခန့် တင်ပို့နိုင်ခဲ့ပြီး လမ်းခရီးကြာချိန်မှာလည်း ပျမ်းမျှအားဖြင့် (၃) ရက်သာ ရှိသော်လည်း ယခုအခါ နယ်မြေတည်ငြိမ်မှု အားနည်းခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ပိုမိုကြန့်ကြာလာပြီး ကြာချိန် (၁၀) ရက်ခန့်အထိ ဖြစ်ပေါ်ခဲ့သလို အချို့သောနေရာများတွင် သွားလာ၍ပင် မရသည့်အခြေအနေများကြောင့် ဖရဲသီးကုန်သည်များတွင် ပျက်ဆီးဆုံးရှုံးမှု များစွာဖြစ်ပေါ်၍ ထိခိုက်မှုများစွာနှင့် ရင်ဆိုင်နေကြရပါသည်။[၁]

ဆုံးရှုံးမှုများပြားပြီး စိုက်ပျိုးမှုအားနည်းလာပါသဖြင့် ပြည်တွင်းဝယ်ယူမှု တိုးမြင့်လာမည်ဟု ယူဆရသော်လည်း စားဝတ်နေရေးအခက်အခဲများကြောင့် ဝယ်ယူမှု အားနည်းပါသည်။ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိ၍ ဝယ်လိုအားကျဆင်းမှုများ ဖြစ်ပေါ်နေပါက သိုလှောင်သိမ်းဆည်း၍မရသည့် သီးနှံဖြစ်

[၁] Key Informant Interview (Traders) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

သောကြောင့် ဈေးကွက်အခြေအနေ ပို၍ ဆိုးရွားမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ဖရဲသီးနှံကို Value Added အနေဖြင့် ပြုလုပ်ရန်မှာလည်း ရင်းနှီးမြှုပ်နှံမှု များစွာလိုအပ်ပါသည်။

ထိခိုက်ဆိုးရွားမှုများအရ ၂၀၂၃ ခုနှစ်တွင် တောင်သူ (၃၀) ရာခိုင်နှုန်း၊ ကုန်သည်လက်ထဲသို့ ရောက်ရှိရာတွင် နယ်မြေအခြေနေများကြောင့် အချိန်ကြာမြင့်မှုများဖြစ်ပေါ်၍ ကုန်သည် (၆၀) ရာခိုင်နှုန်းဖြင့် ဆိုးရွားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ကိုယ်တိုင်စိုက်ပျိုးသည့် ဝယ်/ရောင်းကုန်သည်များ၊ တောင်သူနှင့်အတူ စိုက်ပျိုးသည့် ဝယ်/ရောင်းကုန်သည်များ၊ စိုက်ခင်းသီးသန့်လုပ်ကိုင်သည့် အုပ်စုကြီး/ကုမ္ပဏီကြီးများဟူ၍ တောင်သူအုပ်စု (၃) မျိုးရှိရာ ထိခိုက်မှုအများဆုံးသည် ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်သည့် ကုမ္ပဏီအုပ်စု ဖြစ်ပါသည်။[၂] စွန့်စားပြီးလုပ်ကိုင်ရသည့် သီးနှံဖြစ်သည့်အတွက် ပြန်ရချက်များသည့်နည်းတူ ဆိုးရွားမှုများစွာလည်း ပို၍ခံစားရပါသည်။ သွင်းအားစု ဈေးများသည့်တိုင်အောင် တောင်သူများ စိုက်ပျိုးကြသည့် သီးနှံဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများ ကောင်းမွန်ပါက ပို၍အဆင်ပြေလာနိုင်ပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဖရဲသီးနှံကို အဓိကအနေဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဖြစ်ပြီး တရုတ်လူမျိုးများ၏ ကြိုက်နှစ်သက်မှုရရှိသောကြောင့် တရုတ်ဈေးကွက်တွင် ရရှိထားသည့် သီးနှံတစ်ခု ဖြစ်ပါသည်။ ဒူဘိုင်းသို့လည်း တင်ပို့နိုင်ရေး ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတကာတွင်လည်း တွင်ကျယ်သည့် သီးနှံဖြစ်သောကြောင့်  ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ပေးနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့်လည်း ဈေးကွက်ရှာဖွေခြင်းများကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

တရုတ်နိုင်ငံ၏ ဈေးကွက်ပေါ်မူတည်သည့် သီးနှံဖြစ်သောကြောင့် လိုအပ်ချက်နှင့်အညီ တရုတ်ဈေးကွက်အတွက်သာလျှင် အဓိကဦးတည် စိုက်ပျိုးခြင်း ဖြစ်ပါသည်။ အများစုမှာ တရုတ်နိုင်ငံမှပေးသည့် မျိုးစေ့ကို စိုက်ပျိုးရခြင်း ဖြစ်ပါသည်။ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် Global Good Agriculture Practice (GAP) လက်မှတ် အစရှိသည်တို့ကို ပြရန်မလိုအပ်သောကြောင့် အခြားနိုင်ငံများထက် တင်ပို့ရန်ပို၍လွယ်ကူသည့်အတွက် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

မြန်မာ့ဖရဲသီးများအား ထုပ်ပိုးခြင်းနည်းလမ်းများနှင့် အစားအစာ ဘေးကင်းလုံခြုံရေးပိုင်းများတွင် ပိုမိုစစ်ဆေးလာကြပါသည်။ ထို့ပြင် ရိတ်သိမ်းချိန်လွန် နည်းပညာနှင့်ပတ်သက်၍လည်း နားလည်မှုအားနည်းသည့်အတွက် လိုအပ်သည့်နည်းပညာ၊ အထောက်အပံ့များစွာ လိုအပ်လျက် ရှိပါသည်။ အရင်းအနှီးများပြီး ပြန်ရချက် မသေချာသည့်သီးနှံ (Gambling Crop) ဖြစ်သောကြောင့် တင်ပို့သူများတွက် များစွာထိခိုက်နစ်နာရသည့် သီးနှံတစ်ခု ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်တွင် ကုန်သွယ်မှုလျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ဖရဲသီးနှံပို့ကုန်များအတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြန့်ကြာမှုများကြောင့် မလိုလားအပ်သည့် ကုန်ကျစရိတ်များ၊ အလုပ်သမားပြဿနာများ၊ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများတွင် ပိုမိုခက်ခဲလာမှုများ၊ အသိပညာ မျှဝေဖလှယ်သည့်ပွဲများ ပြုလုပ်မှု နည်းပါးလာသည့်အတွက် သတင်းအချက်အလက်ရရှိမှု ခက်ခဲ

[၂] Key Informant Interview (Traders) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

လာခြင်းများ၊ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးလာ၍ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု နည်းပါးလာခြင်းများ ကြုံတွေ့ရပါသည်။

ဖရဲသီးဝယ်ယူရာတွင် တရုတ်နိုင်ငံမှ တစ်ခါတည်း ဈေးသတ်မှတ်ထားခြင်းဖြစ်ပါ၍ ဖရဲသီး ရောင်းမထွက်လျှင် တောင်သူကခံရမည်ဖြစ်ပြီး မရောင်းရသည့် ဖရဲသီးများအား ပြန်သယ်လျှင် ကုန်ကျစရိတ်ကိစ္စများ ပိုမိုမြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် ဝယ်သူ၏ လိုအပ်ချက်များအား ပေးနိုင်ရန် ကြိုးစားရမည် ဖြစ်သလို အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် တင်ပို့သည့်ပစ္စည်းများအား ငြင်းပယ်ခြင်း (No reject)၊ ပြန်လည်ပေးပို့ခြင်း (No return) တို့မဖြစ်စေရန် အဓိကဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဈေးကွက်သွင်းအားစုကောင်းများ ရှာဖွေရာတွင် အစိုးရနှင့် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှသာ ပို၍ တိုးတက်မည်ဖြစ်ပါသည်။ အဓိကအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ကော်မတီ အစရှိသည့် ကော်မတီအဖွဲ့အစည်းများတွင် အသင်းအဖွဲ့ဝင်များ ပါဝင်ရန် လိုအပ်ပြီး တောင်သူနှင့်တိုက်ရိုက် ထိတွေ့သည့် ဈေးကွက်သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်သည့် ဆော့ဝဲလ်များပြုလုပ်ပေးရန် လိုအပ်ပါသည်။[၃]

[၃] Focus Group Discussion (Traders) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

# ၅။ ယှဉ်ပြိုင်မှုများနှင့် ပို့ကုန်အလားအလာများ

## ၅.၁။ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များ

အာရှနိုင်ငံများသည် ၂၀၂၃ ခုနှစ်တွင် ဖရဲတန်ချိန်စုစုပေါင်း (၄၁၅,၄၈၅) တန် တင်သွင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၃၆.၂၂) သန်း ရှိပါသည်။ တရုတ်နိုင်ငံသည် တန်ဖိုး (၁၁.၃၄) သန်း ရှိသော ဖရဲတန်ချိန် (၇၃,၆၀၇) တန်ကို တင်သွင်းပြီး အာရှဒေသ ဖရဲတင်သွင်းမှု၏ (၁၈) ရာခိုင်နှုန်းဖြင့် ဖရဲသီးတင်သွင်းမှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်နေပါသည်။ တူကီယဲနိုင်ငံနှင့် ကာဇာခစ္စတန်နိုင်ငံတို့သည် စုစုပေါင်း တင်သွင်းမှု၏ (၁၀) ရာခိုင်နှုန်း စီတင်သွင်းခဲ့ကြပြီး တူကီယဲနိုင်ငံမှ အမေရိကန်ဒေါ်လာ (၇.၄၄) သန်း တန်ဖိုး ရှိသော ဖရဲ (၄၃,၅၆၅) တန်ကို လည်းကောင်း၊ ကာဇာခစ္စတန်နိုင်ငံမှ အမေရိကန်ဒေါ်လာ (၇.၅၀) သန်းဖြင့် ဖရဲ (၄၀,၉၉၁) တန်ကို လည်းကောင်း တင်သွင်းခဲ့ကြပါသည်။ စင်ကာပူနိုင်ငံသည် စုစုပေါင်း တင်သွင်းမှု၏ (၉) ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ (၁၅.၈၉) သန်း တန်ဖိုးရှိသော ဖရဲတန်ချိန် (၃၇,၈၄၉) တန်ကို တင်သွင်းခဲ့ပြီး ၎င်းနိုင်ငံသည် ကာဇာခစ္စတန်နိုင်ငံထက် တန်ချိန်ပိုနည်းစွာ တင်သွင်းသော်လည်း ကုန်သွယ်မှုတန်ဖိုးမှာ ပိုမိုမြင့်မားကြောင်း တွေ့ရပါသည်။

ဇယား (၅) အာရှတိုက်၏ ဖရဲသီး (HSC: 080711) တင်သွင်းမှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်သွင်းသည့် နိုင်ငံများ | တင်သွင်းသည့် ပမာဏ (တန်) | တင်သွင်းသည့် တန်ဖိုး ('၀၀၀ USD) | အာရှတိုက်၏ တင်သွင်းမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၄၁၅,၄၈၅** | **၁၃၆,၂၂၄** | **၁၀၀%** |
| ၁ | တရုတ် | ၇၃,၆၀၇ | ၁၁,၃၄၁ | ၁၈% |
| ၂ | တူကီယဲ | ၄၃,၅၆၅ | ၇,၄၃၇ | ၁၀% |
| ၃ | ကာဇာခစ္စတန် | ၄၀,၉၉၁ | ၇,၄၉၉ | ၁၀% |
| ၄ | စင်ကာပူ | ၃၇,၈၄၉ | ၁၅,၈၈၆ | ၉% |
| ၅ | ယူအေအီး | ၂၃,၄၉၃ | ၁၂,၉၇၂ | ၆% |
| ၆ | ကာဂျစ်စတန် | ၂၃,၂၉၉ | ၅,၉၇၉ | ၆% |
| ၇ | နီပေါ | ၂၁,၄၄၃ | ၃,၀၁၆ | ၅% |
| ၈ | ဘာရိန်း | ၁၈,၇၈၆ | ၁၅,၅၀၈ | ၅% |
| ၉ | အာဖဂန်နစ္စတန် | ၁၃,၁၂၁ | ၁,၈၈၅ | ၃% |
| ၁၀ | ဗီယက်နမ် | ၁၁,၉၉၆ | ၆,၉၇၈ | ၃% |

ဇာစ်မြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ကာဂျစ်စတန်နိုင်ငံတို့သည် အာရှဒေသ စုစုပေါင်း ဖရဲတင်သွင်းမှု၏ (၆) ရာခိုင်နှုန်းစီ တင်သွင်းခဲ့ကြသော်လည်း ကာဂျစ်စတန်နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးမှာ (၅.၉၈) သန်းဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုထက် ပိုမိုနည်းပါးနေကြောင်း တွေ့ရပါသည်။ နီပေါနိုင်ငံ၊ ဘာရိန်းနိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် စုစုပေါင်း ဖရဲသွင်းကုန်ပမာဏ၏ (၃) ရာခိုင်နှုန်းမှ (၅) ရာခိုင်နှုန်းစီအထိ တင်သွင်းမှုရှိကြောင်း တွေ့ရပါသည်။ သို့ရာတွင် ဘာရိန်းနိုင်ငံသည် ဖရဲ

တန်ချိန် (၁၈,၇၈၆) တန်သာ တင်သွင်းသော်လည်း ကုန်သွယ်မှုတန်ဖိုးမှာ (၁၅.၅၁) သန်းဖြင့် နီပေါနိုင်ငံထက် ပိုများနေကြောင်း တွေ့ရပါသည်။ ဤအချက်အလက်များကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံ၊ တူကီယဲနိုင်ငံနှင့် ကာဇာခကစ္စတန်နိုင်ငံတို့သည် တင်သွင်းမှုအများဆုံး နိုင်ငံများအဖြစ် ဦးဆောင်နေပြီး စင်ကာပူနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့တွင် ဖရဲဈေးနှုန်းများ မြင့်မားနေကြောင်း တွေ့ရပါသည် (ဇယား ၅)။

အာရှတိုက်သည် ၂၀၂၃ ခုနှစ်တွင် ဖရဲတင်ပို့မှုပမာဏ စုစုပေါင်းတန်ချိန် (၅၇၁,၁၉၂) တန်ကို တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၂၁၂.၀၈) သန်းရှိပါသည်။ တူကီယဲနိုင်ငံသည် အာရှတိုက်၏ ဖရဲတင်ပို့မှုဈေးကွက်ကို လွှမ်းမိုးထားပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၃၉.၂၃) သန်းရှိသော ဖရဲ (၁၃၁,၀၈၂) တန် (အာရှဒေသ စုစုပေါင်းတင်ပို့မှု၏ (၂၃) ရာခိုင်နှုန်း) ကို တင်ပို့လျက် ရှိပါသည်။ အီရန်နိုင်ငံသည် ဖရဲ (၆၁,၀၃၁) တန်ကို အမေရိကန်ဒေါ်လာ (၁၇.၉၁) သန်းဖြင့် တင်ပို့ခဲ့ပြီး စုစုပေါင်းတင်ပို့မှု၏ (၁၁) ရာခိုင်နှုန်း ရှိပါသည်။

ဇယား (၆) အာရှတိုက်၏ ဖရဲသီး (HSC: 080711) တင်ပို့မှု အများဆုံးနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | တင်ပို့သည့်နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့် တန်ဖိုး ('၀၀၀ USD) | အာရှတိုက်၏ တင်ပို့မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၅၇၁,၁၉၂** | **၂၁၂,၀၈၃** | **၁၀၀%** |
| ၁ | တူကီယဲ | ၁၃၁,၀၈၂ | ၃၉,၂၃၃ | ၂၃% |
| ၂ | အီရန် | ၆၁,၀၃၁ | ၁၇,၉၀၉ | ၁၁% |
| ၃ | ဥဇဘက်ကစ္စတန် | ၅၉,၄၂၈ | ၁၀,၅၈၂ | ၁၀% |
| ၄ | မြန်မာ | ၅၇,၇၂၇ | ၁၈,၀၃၀ | ၁၀% |
| ၅ | တရုတ် | ၅၆,၂၆၉ | ၅၄,၂၆၉ | ၁၀% |
| ၆ | အိန္ဒိယ | ၅၁,၇၂၇ | ၁၁,၇၉၅ | ၉% |
| ၇ | ဗီယက်နမ် | ၄၂,၉၇၇ | ၇,၉၄၈ | ၈% |
| ၈ | မလေးရှား | ၃၈,၃၈၃ | ၁၄,၃၄၇ | ၇% |
| ၉ | အိုမန် | ၁၃,၇၆၆ | ၁၁,၃၆၄ | ၂% |
| ၁၀ | ပါကစ္စတန် | ၁၃,၂၁၁ | ၁,၈၉၈ | ၂% |

ဓာတ်မြစ်။ UN Comtrade၊ ၂၀၂၃ ၊ ITC Trademap၊ ၂၀၂၃

ဥဇဘက်ကစ္စတန်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် တင်ပို့မှုဈေးကွက် ရှယ်ယာ (၁၀) ရာခိုင်နှုန်းစီ ပိုင်ဆိုင်ထားပြီး တရုတ်နိုင်ငံသည် ဥဇဘက်ကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ထက် ဖရဲတင်ပို့မှု ပမာဏမှာ ပိုနည်းသော်လည်း ၎င်းနှစ်နိုင်ငံထက် ကုန်သွယ်မှုတန်ဖိုးရရှိမှု ပိုမိုများပြားကြောင်း တွေ့ရပါသည်။ အိန္ဒိယနိုင်ငံမှ (၅၁,၇၂၇) တန် (စုစုပေါင်း ဖရဲတင်ပို့မှု၏ (၉) ရာခိုင်နှုန်း)၊ ဗီယက်နမ်နိုင်ငံမှ (၄၂,၉၇၇) တန် (စုစုပေါင်း ဖရဲတင်ပို့မှု၏ (၈) ရာခိုင်နှုန်း)၊ မလေးရှားနိုင်ငံမှ (၃၈,၃၈၃) တန် (စုစုပေါင်း ဖရဲတင်ပို့မှု၏ (၇) ရာခိုင်နှုန်း)၊ အိုမန်နိုင်ငံမှ (၁၃,၇၆၆) တန် (စုစုပေါင်း ဖရဲတင်ပို့မှု၏ (၂) ရာခိုင်နှုန်း) နှင့် ပါကစ္စတန်နိုင်ငံမှ (၁၃,၂၁၁) တန် (စုစုပေါင်း ဖရဲတင်ပို့မှု၏ (၂) ရာခိုင်နှုန်း) တို့ကို တင်ပို့ခဲ့ကြပါသည် (ဇယား ၆)။

မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ စုစုပေါင်း ဖရဲတန်ချိန် (၅၇,၇၂၆) တန် တင်ပို့ခဲ့ပြီး စုစုပေါင်း တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၈.၀၃) သန်း ရှိပါသည်။ မြန်မာနိုင်ငံ၏ ဖရဲကို အဓိက တင်သွင်းသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး စုစုပေါင်း တင်ပို့မှု၏ (၁၀၀) ရာခိုင်နှုန်းနီးပါးကို တင်သွင်းလျက် ရှိပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဖရဲ (၅၇,၆၃၆) တန်ကိုတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၈) သန်းဖြင့် မြန်မာနိုင်ငံ၏ ဖရဲဈေးကွက်အတွက် တရုတ်နိုင်ငံ၏ အရေးပါမှုကို တွေ့ရပါသည်။ ထိုင်းနိုင်ငံမှ အမေရိကန်ဒေါ်လာ (၂၆,၀၀၀) တန်ဖိုးရှိသော ဖရဲ (၉၀) တန် (စုစုပေါင်း တင်ပို့မှု၏ (၁) ရာခိုင်နှုန်းအောက်) ကိုသာ တင်သွင်းမှုရှိခဲ့ပြီး အာရှတိုက်ရှိ အခြားနိုင်ငံများသို့ တင်ပို့မှုမရှိကြောင်း တွေ့ရပါသည် (ဇယား ၇)။

ဇယား (၇) မြန်မာနိုင်ငံမှ ဖရဲသီး (HSC: 080711) တင်ပို့မှု အများဆုံး အာရှနိုင်ငံများ (၂၀၂၃ ခုနှစ်)

| အဆင့် | မြန်မာ့ဖရဲကို တင်သွင်းသော နိုင်ငံများ | တင်ပို့သည့် ပမာဏ (တန်) | တင်ပို့သည့် တန်ဖိုး ('၀၀၀ USD) | အာရှတိုက်၏ တင်ပို့မှု ရာခိုင်နှုန်း |
|---|---|---|---|---|
| | **အာရှနိုင်ငံစုစုပေါင်း** | **၅၇,၇၂၆** | **၁၈,၀၃၀** | **၁၀၀%** |
| ၁ | တရုတ် | ၅၇,၆၃၆ | ၁၈,၀၀၄ | ၉၉.၈၄% |
| ၂ | ထိုင်း | ၉၀ | ၂၆ | ၀.၁၆% |

ဇာစ်မြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃

မြန်မာနိုင်ငံမှထွက်ရှိသော ဖရဲသီးများကို ပြည်တွင်းဒေသအသီးသီးသို့ တင်ပို့ရောင်းချလျက် ရှိကြပြီး ရန်ကုန်ဖရဲသီးဈေးကွက်သို့ မြင်းခြံ၊ မိတ္ထီလာ၊ ဝမ်းတွင်း အစရှိသည့်နေရာမှ ဖရဲသီးများ အများဆုံး ဝင်ရောက်လျက် ရှိပါသည်။ ရန်ကုန်ဒညင်းကုန်းနှင့် သီရိမင်္ဂလာဈေးတို့တွင် ဖရဲသီးတစ်လုံး (၃,၀၀၀ မှ ၈,၀၀၀) ကျပ်အထိ ရောင်းချလျက် ရှိပါသည်။ သီရိမင်္ဂလာဈေးသို့ တင်ပို့လျက်ရှိသော ဝမ်းတွင်းမှ ဖရဲသီးများတွင် 855 မျိုး ဖရဲသီး အလုံးကြီးတစ်လုံးလျှင် (၆,၀၀၀) ကျပ်၊ အလုံးလတ်တစ်လုံးလျှင် (၅,၀၀၀) ကျပ်၊ အလုံးသေးတစ်လုံးလျှင် (၄,၀၀၀) ကျပ်နှင့် ၂၁၁ ဖရဲသီး အလုံးကြီးတစ်လုံးလျှင် (၄,၀၀၀) ကျပ်၊ အလုံးလတ်တစ်လုံးလျှင် (၃,၅၀၀) ကျပ်၊ အလုံးသေးတစ်လုံးလျှင် (၃,၀၀၀) ကျပ် ရောင်းချလျက်ရှိကြောင်း သိရပါသည်။

ဖရဲကို ဧပြီလတွင် စိုက်ပျိုးပြီး ဇူလိုင်လတွင် ဆွတ်ခူးကြရပါသည်။ ဟီးရာမျိုးနှင့် ဗဟုဘာလီ ဖရဲမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ထွက်ရှိလာသော ဖရဲသီးများကို ဒေသတွင်းအပြင် တာချီလိတ်၊ တောင်ကြီး မြို့များသို့ အဓိက တင်ပို့ရောင်းချကြပါသည်။ လက်ရှိဈေးကွက်တွင် ဟီးရာနှင့် ဗဟုဘာလီဖရဲ (၂) မျိုးလုံးတွင် ဖရဲသီးခေါင်သီး (အကြီး) တစ်လုံးလျှင် (၁,၈၀၀-၂,၀၀၀) ကျပ်၊ ဖရဲသီး (အလတ်) တစ်လုံးလျှင် (၁,၂၀၀) ကျပ်၊ ဖရဲသီး (အသေး) တစ်လုံးလျှင် (၅၀၀) ကျပ်ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ရာသီပေါ်ချိန် အစဖြစ်၍ ဈေးကောင်းရရှိလျက်ရှိကြောင်း ဖရဲစိုက်တောင်သူများထံမှ သိရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးတွင် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့မှ စက်တင်ဘာလ (၉) ရက်နေ့အထိ ရောင်းချခဲ့သော သစ်သီးဝလံဈေးနှုန်းများအရ ဝမ်းတွင်းမှ ဖရဲသီး (ဘာဟု) တစ်လုံးလျှင် အလုံးကြီး (၄,၀၀၀) ကျပ်၊ အလုံးလတ် (၃,၀၀၀) ကျပ်၊ အလုံးသေး (၂,၀၀၀) ကျပ်၊ ဝမ်းတွင်းမှ ဖရဲသီး 855 မျိုးတစ်လုံးလျှင် အလုံးကြီး (၉,၀၀၀) ကျပ်၊ အလုံးလတ် တစ်လုံးလျှင် (၈,၀၀၀) ကျပ်၊ အလုံးသေးတစ်လုံးလျှင် (၆,၀၀၀) ကျပ်တို့ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်

တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရှိရပါသည်။ ၂၀၂၄ ခုနှစ်၊ မိုးရာသီ စက်တင်ဘာလ၊ ဒုတိယပတ် ဘားအံမြို့ပေါ်ဆိုင်များတွင် ဖြစ်ပေါ်လျက်ရှိသော သစ်သီးဝလံဈေးနှုန်းများအရ ဖရဲသီးတစ်လုံးလျှင် (၃,၅၀၀) ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သစ်သီးဆိုင်များထံမှ သိရှိရပါသည်။

စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်းစစ်တမ်းများအရ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်တွင် ဖရဲသီးများကို မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့၊ ချောင်းဦးမြို့၊ တံတားဦးမြို့များနှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့၊ ကံမကျွန်းရွာများမှ မှာယူရောင်းချကြောင်း သိရှိရပါသည်။ အဓိက မှာယူရောင်းချသော မျိုးများမှာ အိန္ဒိယမျိုးဟုခေါ်သော ဘာဟုဘာပေးမျိုး၊ အမဲသီး (သို့မဟုတ်) ကျောက်စိမ်းသီး ဟုလည်းခေါ်ပြီး အလုံးသေးပြီး ကျွတ်ဆတ်၍ ချိုပါသည်။ အသားနီ၊ အသားဝါဟူ၍ အမျိုးအစား (၂) မျိုး ရှိပါသည်။ ၎င်းဖရဲသီးကို စစ်ကိုင်းဘက်မှမှာယူပြီး (၁၀) ဘီးကားတစ်စီးလျှင် အလုံးရေ (၂,၆၅၀) လုံးခန့်ပါရှိရာ အသီးတန်ဖိုး ကျပ်သိန်း (၅၀)၊ ကားခကျပ် (၁၅) သိန်းဖြင့် ကြို့ပင်ကောက်မြို့သို့ အရောက်ပေးရကြောင်း သိရှိရပါသည်။ ဈေးနှုန်းဈေးကွက်အနေဖြင့် တစ်လုံးလျှင် (၂,၅၀၀ /၃,၀၀၀ /၃,၅၀၀) ကျပ်ဖြင့် အလုံးအကြီး/အသေးပေါ်မူတည်၍ ကိုယ်ပိုင်ဆိုင်များတွင် လက်လီရောင်းချသည့်အပြင် ဖောက်သည်အသီးဆိုင်များနှင့် အနီးနားမြို့များကိုလည်း တစ်ဆင့်ဖြန့်ပေးကြောင်း၊ ဖရဲသီးစိတ် ဗန်းရွက်သမားများကိုလည်း ခွဲ၍ရောင်းချပေးကြောင်း၊ တစ်စိတ်လျှင် (၃၀၀) ကျပ်၊ နှစ်စိတ်လျှင် (၅၀၀) ကျပ်ဖြင့် ရောင်းချကြောင်း သိရပါသည်။

ဖရဲသီးများသည် (၁၂) လရာသီ စိုက်ပျိုးသည့်အတွက် အရောင်းပြတ်သည်ဟူ၍ မရှိကြောင်း သိရပါသည်။ တစ်ပတ်လျှင် အသီးများကုန်ပြီး ထပ်၍မှာရကြောင်း၊ အကျိုးအမြတ်အနေဖြင့် ကျပ် (၆၅) သိန်းရင်းလျှင် ကျပ် (၁၀) သိန်း/ ကျပ် (၁၅) သိန်းခန့် အမြတ်ကျန်ရှိကြောင်း ဖရဲသီးရောင်းချသူများထံမှ သိရှိရပါသည်။ ဖရဲသီးရောင်းချရာ၌ ယခင်ဩဂုတ်လ၊ နောက်ဆုံးအပတ်တွင် တစ်လုံးလျှင် (၂,၅၀၀) ကျပ်ရှိခဲ့ရာမှ စက်တင်ဘာလ၊ ဒုတိယအပတ်တွင် တစ်လုံးလျှင် (၃,၀၀၀) ကျပ်ဖြင့် ဈေးနှုန်း (၅၀၀) ကျပ် မြင့်တက်လာကြောင်း တောင်ငူမြို့ရှိ သစ်သီးဆိုင်များမှ သိရပါသည်။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် (၁) ဈေးတွင် ရောင်းချနေသော သစ်သီးဝလံဈေးကွက်အရ စက်တင်ဘာလ၊ ဒုတိယအပတ်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော သစ်သီးဝလံဈေးနှုန်းများမှာ ဖရဲသီး (အလုံးကြီး) တစ်လုံးလျှင် ကျပ် (၄,၀၀၀)၊ (အလုံးလတ်) တစ်လုံးလျှင် ကျပ် (၃,၀၀၀)၊ (အလုံးသေး) တစ်လုံးလျှင် ကျပ် (၂,၀၀၀) မှ ကျပ် (၂,၅၀၀) ခန့်ရှိကြောင်း သိရှိရပါသည် (စားသုံးသူရေးရာဦးစီးဌာန၊ ၂၀၂၄)။

## ၅.၂။ ဖရဲသီး၏ ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဖရဲသီးများကို ပြည်ပသို့တင်ပို့ရာတွင် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များရှိရာ ပြည်တွင်းလက်ကားဈေးအပေါ်တွင် သယ်ယူပို့ဆောင်ခများ၊ တင်ချခများ၊ ကုန်သွယ်ခွန်၊ ထုပ်ပိုးထည့်သွင်း၊ စစ်ဆေးခြင်း၊ ကုန်ပစ္စည်းအာမခံ၊ လိုင်စင်နှင့် ထောက်ခံချက်အတွက် စရိတ်များ၊ အခြား ကုန်ကျစရိတ်များ စသည်ဖြင့် ထည့်သွင်းတွက်ချက်ပါက သင်္ဘောတင်ပြီးသည့်အဆင့်ထိ ဈေးနှုန်းများ (FOB Price) ရရှိမည်ဖြစ်ပြီး သင်္ဘောတင်ခနှင့် တင်သွင်းနိုင်ငံ ဆိပ်ကမ်းစရိတ်များ ထည့်သွင်းတွက်ချက်ပါက တင်သွင်းနိုင်ငံ၏ ဆိပ်ကမ်းအရောက် ဈေးနှုန်း (CIF Price) များ ခန့်မှန်းသိရှိနိုင်မည် ဖြစ်ပါသည်။

ဇယား (၈) ဖရဲသီးနှံ တစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များ (၂၀၂၃ ခုနှစ်)

| အကြောင်းအရာ | ယူနစ် | ကုန်ကျငွေ |
|---|---|---|
| ပြည်တွင်းလက်ကားဈေး | ကျပ် | ၁,၇၂၆,၆၆၇ |
| ထုတ်ပိုးမှု ပစ္စည်းကုန်ကျစရိတ် | ကျပ် | ၁၂၆,၀၀၀ |
| ပြည်တွင်းသယ်ယူစရိတ် | ကျပ် | ၆၇,၃၃၃ |
| ကုန်တင်/ကုန်ချစရိတ် | ကျပ် | ၆၁,၆၆၇ |
| သယ်ယူစရိတ် (ပြည်တွင်းမှ တရုတ်နယ်စပ်သို့) | ကျပ် | ၇၂၁,၀၀၀ |
| ကုန်တင်/ကုန်ချစရိတ် | ကျပ် | ၂၁၉,၀၀၀ |
| ပို့ကုန်အတွက် ဆိပ်ကမ်းကုန်ကျစရိတ် | ကျပ် | - |
| ကုန်ပစ္စည်းစစ်ဆေးရေးစရိတ် (Inspection) | ကျပ် | ၁၀၀,၀၀၀ |
| အပင်သီးနှံပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်စရိတ် | ကျပ် | ၅၀,၀၀၀ |
| သန့်ရှင်း/အခြောက်ခံခြင်း | ကျပ် | ၁၄,၀၀၀ |
| သိုလှောင်မှုစရိတ် | ကျပ် | ၁၀,၀၀၀ |
| ကုန်တင်ခြင်း/ကုန်ချစရိတ် | ကျပ် | - |
| Container ငှားခ | ကျပ် | - |
| စစ်ဆေးမှုကုန်ကျစရိတ် | ကျပ် | - |
| ပို့ကုန် ကုန်သွယ်ခွန် (၂ %) | ကျပ် | ၃၄,၅၃၃ |
| အာမခံကြေး | ကျပ် | - |
| တင်ပို့မှုဆိုင်ရာ လိုင်စင်ခ | ကျပ် | - |
| တင်ပို့မည့်နိုင်ငံတွင်ပေးရသော သွင်းကုန် ကုန်သွယ်ခွန် (%) | ကျပ် | - |
| တင်ပို့သောနိုင်ငံတွင် ဆိပ်ကမ်းကုန်ကျစရိတ် | ကျပ် | - |
| အခြားကုန်ကျစရိတ်များ (ပွဲစားခ) | ကျပ် | ၂၆၇,၅၀၀ |
| **စုစုပေါင်း ကုန်ကျစရိတ်** | **ကျပ်** | **၃,၃၉၇,၇၂၀** |

ဇာစ်မြစ်။ စစ်တမ်းကောက်ယူ တွေ့ရှိချက်

ယခုလေ့လာမှုတွင် ပြည်ပနိုင်ငံသို့တင်ပို့သော ဖရဲသီးတစ်တန်အတွက် ကုန်သွယ်မှုဆိုင်ရာ ကုန်ကျစရိတ်များမှာ ဇယား (၈) အတိုင်းဖြစ်ရာ ငွေလဲလှယ်နှုန်း အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ (၂,၄၅၀) ကျပ်နှုန်းဖြင့် တွက်ချက်ပါက ပြည်တွင်းလက်ကားဈေး အမေရိကန်ဒေါ်လာ (၇၀၅) ဒေါ်လာနှင့် FOB ဈေး အမေရိကန်ဒေါ်လာ (၁,၃၈၇) ဒေါ်လာဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ၅.၃။ ဈေးနှုန်းယှဉ်ပြိုင်မှုများနှင့် Nominal Protection Rate (NPR)

၂၀၂၃ ခုနှစ် တစ်လျှောက်လုံးတွင် တူကီယဲ၊ မလေးရှား၊ ထိုင်း၊ တရုတ်နှင့် မြန်မာနိုင်ငံတို့၏ ဖရဲဈေးနှုန်းများ အတက်အကျဖြစ်နေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ဖရဲဈေးနှုန်းသည် ၂၀၂၃ ခုနှစ်၊

ဇန်နဝါရီလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၁၂) ဒေါ်လာမှ စတင်ကာ ဒီဇင်ဘာလအထိ ဈေးနှုန်း မပြောင်းလဲဘဲ ရှိနေပါသည်။ သို့သော် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ဖရဲဈေးနှုန်းများသည် အတက်အကျများ နေခဲ့ပြီး တရုတ်နိုင်ငံ၏ ဈေးနှုန်းများသည် ဇန်နဝါရီလတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁,၁၅၄) ဒေါ်လာမှစတင်ကာ လအလိုက် ဈေးနှုန်းအတက်အကျဖြစ်ခဲ့ပြီး ဒီဇင်ဘာလတွင် အမြင့်ဆုံး (၁,၄၇၅) ဒေါ်လာအထိ ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံသည် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ (၉၇၅) ဒေါ်လာဖြင့် အမြင့်ဆုံးဈေးနှင့်စတင်ခဲ့ပြီး ဧပြီလတွင် (၆၃၇) ဒေါ်လာဖြင့် အနိမ့်ဆုံးဈေးနှုန်းကိုရရှိကာ ဒီဇင်ဘာလတွင် (၉၁၈) ဒေါ်လာ ဖြစ်လာခဲ့ပါသည်။ မလေးရှားနိုင်ငံသည် ဇန်နဝါရီလတွင် အမြင့်ဆုံးဈေးနှုန်း အမေရိကန် ဒေါ်လာ (၄၆၈) ဒေါ်လာဖြင့် စတင်ခဲ့ပြီး ဒီဇင်ဘာလတွင် (၃၇၈) ဒေါ်လာသို့ ကျဆင်းသွားခဲ့ပါသည်။




ဇာစ်မြစ်။ FAOSTAT Data၊ ၂၀၂၃။ Myantrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃

ပုံ (၁၀) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC: 080711) လက်ကားဈေးနှုန်းများ (၂၀၂၃ ခုနှစ်)

အိန္ဒိယနိုင်ငံနှင့် တူကီယဲနိုင်ငံတို့၏ ဖရဲသီးလက်ကားဈေးသည် မြန်မာနိုင်ငံထက် သိသိသာသာ နည်းသော်လည်း တူကီယဲနိုင်ငံ၏ ဈေးနှုန်းများသည် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ (၁၃၇) ဒေါ်လာ ဖြင့်စတင်ကာ လအလိုက် ဈေးနှုန်းအတက်အကျများ ဖြစ်နေပြီး ဧပြီလတွင် (၇၅၅) ဒေါ်လာအထိ မြင့်တက် လာခဲ့ပါသည် (နောက်ဆက်တွဲ - ခ)။ ဖရဲသီးတင်ပို့သော အာရှနိုင်ငံများ၏ ပြည်တွင်းလက်ကား ဈေးနှုန်းများ မှာ အတက်အကျရှိနေသော်လည်း တရုတ်နိုင်ငံသည် ပြည်တွင်းလက်ကားဈေးနှုန်း အမြင့်ဆုံးရရှိသည်ကို တွေ့ရပြီး ၎င်းနောက်တွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တူကီယဲနိုင်ငံများ တည်ရှိနေသည်ကို တွေ့ရှိရပါသည် (ပုံ ၁၀)။

မြန်မာ့ဖရဲ (HSC: 080711) ၏ ၂၀၂၃ ခုနှစ် Nominal Protection Rate (NPR) အခြေအနေအား ဇယား (၉) တွင် ဖော်ပြထားပါသည်။ NPR တန်ဖိုးသည် (၁) နှင့် ညီမျှသည် (သို့မဟုတ်) (၁) ထက်ငယ်နေ လျှင် ကုန်ပစ္စည်း၏ ထုတ်လုပ်မှုသည် ယှဉ်ပြိုင်နိုင်စွမ်း ရှိသည်ဟုဆိုနိုင်ပြီး NPR တန်ဖိုးသည် (၁) ထက်ကြီး

လျှင် ယှဉ်ပြိုင်နိုင်စွမ်းမရှိဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံသည် မြန်မာ့ဖရဲကို အာရှနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ အဓိကထားတင်ပို့နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ဖရဲတင်ပို့ရာတွင် တရုတ်နိုင်ငံ၌ NPR တန်ဖိုးသည် (၁) ထက် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာ့ဖရဲသည် လက်ရှိ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးဖြင့် အခြားတင်ပို့သည့်နိုင်ငံများနှင့် ယှဉ်ပြိုင်၍ တရုတ်နိုင်ငံ၏ ဖရဲဈေးကွက်သို့ တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား (၉) မြန်မာ့ဖရဲသီး (HSC:080711) ၏ Nominal Protection Rate (NPR) (၂၀၂၃ ခုနှစ်)

| မြန်မာနိုင်ငံမှ ဖရဲသီး ဝယ်ယူသည့် နိုင်ငံများ | Pm<br>မြန်မာ့ဖရဲသီးကို ဝယ်ယူသော နိုင်ငံများသို့ တင်ပို့ရန် CIF တန်ဖိုး (USD/Ton) | Pw<br>မြန်မာ့ဖရဲသီးကို ဝယ်ယူသော နိုင်ငံများ၏ ပြည်တွင်း လက်ကား ဈေးနှုန်း (USD/Ton) | NPR (Pm/Pw) |
|---|---|---|---|
| တရုတ် | ၁၁၄ | ၁,၆၉၅ | ၀.၀၇ |

ဓာတ်မြစ်။ UN Comtrade ၊ ၂၀၂၃ ၊ FAOSTAT၊ ၂၀၂၃ ၊ Myantrade၊ ၂၀၂၃ (မှတ်ချက်။ ထိုင်းနိုင်ငံ၏ NPR ကို တွက်ချက်ရန် UN Comtrade database တွင် မြန်မာနိုင်ငံမှ တင်ပို့သော ဖရဲသီးပမာဏသာ တွေ့ရှိရပြီး ထိုင်းနိုင်ငံမှ ဝယ်ယူသော ပမာဏနှင့် ဈေးနှုန်း မတွေ့ရှိပါသဖြင့် တွက်ယူ၍ မရနိုင်ပါ။)

## ၅.၄။ ထုတ်လုပ်နိုင်စွမ်းအားနှင့် အရည်အသွေးဆိုင်ရာ ယှဉ်ပြိုင်မှုများ

၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ၏ ဖရဲထုတ်လုပ်မှုကို နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ ဖရဲထုတ်လုပ်မှုသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးသော တန်ချိန်ပမာဏကိုသာ ထုတ်လုပ်နိုင်ပြီး ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၀.၅၂) သန်းအထိ မြင့်တက်ခဲ့ကာ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၀.၁၄) သန်းအထိ ကျဆင်းသွားပါသည်။ ဖရဲအများဆုံး ထုတ်လုပ်သည့် တရုတ်နိုင်ငံသည် ကာလတစ်လျှောက် တန်ချိန် (၆၁.၇၀) မှ (၆၀.၅၄) သန်းအထိ တည်ငြိမ်သော ထုတ်လုပ်မှုကို ထိန်းသိမ်းထားပြီး ၂၀၂၂ ခုနှစ်တွင် ထုတ်လုပ်မှုတန်ချိန် အနည်းငယ် ကျဆင်းခဲ့ပါသည်။ အီရန်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တန်ချိန် (၄.၀၁) သန်း ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၁.၂၀) သန်း သို့ သိသာစွာကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ တူကီယဲနိုင်ငံ၏ ဖရဲထုတ်လုပ်မှုသည်လည်း ၂၀၁၈ ခုနှစ်တွင် တန်ချိန် (၄.၀၃) သန်းဖြင့် အမြင့်ဆုံးထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၃.၃၉) သန်းသို့ ကျဆင်းခဲ့ပါသည်။ ဥဇဘက်ကစ္စတန်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးတန်ချိန် (၂.၀၄) သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တန်ချိန် (၁.၄၄) သန်းသို့ ကျဆင်းသွားခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ထုတ်လုပ်မှု အတက်အကျရှိပြီး ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ တန်ချိန် (၁.၂၀) သန်း၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် (၁.၅၈) သန်းနှင့် မလေးရှားနိုင်ငံမှ တန်ချိန် (၀.၁၄) သန်း ထုတ်လုပ်နိုင်ခဲ့ပါသည် (ပုံ ၁၁)။




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ FAOSTAT၊ ၂၀၂၃

ပုံ (၁၁) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီးထုတ်လုပ်မှု အခြေအနေ

၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံနှင့် အခြားသော အာရှနိုင်ငံများ၏ ဖရဲအထွက်နှုန်းများကို နောက်ဆက်တွဲ (ဃ) နှင့် ပုံ (၁၂) တို့တွင်ဖော်ပြထားပါသည်။ မြန်မာ့ဖရဲအထွက်နှုန်းသည် ၂၀၂၁ ခုနှစ်တွင် တစ်ဟက်တာလျှင် (၂၃.၄၂) တန်မှ ၂၀၂၂ ခုနှစ်တွင် (၁၁.၆၉) တန်သို့ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရပါသည်။ ဆန့်ကျင်ဘက်အားဖြင့် တူကီယဲနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၄၀.၇၀) တန်ထွက်ပြီး တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းတိုးလာကာ ၂၀၂၂ ခုနှစ်တွင် (၄၉.၁၈) တန်အထိ ထွက်ရှိခဲ့ပါသည်။ ထိုနည်းတူစွာ တရုတ်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၃၉.၃၇) တန်ထွက်ရှိရာမှ ၂၀၂၂ ခုနှစ်တွင် (၄၃.၅၀) တန်သို့ မြင့်တက်လာခဲ့သည်။ အိုမန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် တစ်ဟက်တာလျှင် (၃၂) တန်ခန့်ထွက်ရှိပြီး ဥဇဘက်ကစ္စတန်နိုင်ငံ၏ အထွက်နှုန်းမှာ (၃၄.၃၃) တန်ဖြင့် အနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ဖရဲအထွက်နှုန်းသည်လည်း ၂၀၁၆ ခုနှစ်တွင် တစ်ဟက်တာလျှင် (၂၉.၇၀) တန်သို့ မြင့်တက်လာခဲ့ပြီး နောက်ပိုင်းတွင် တဖြည်းဖြည်းကျဆင်းသွားရာ ၂၀၂၂ ခုနှစ်တွင် (၂၄.၀၀) တန်အထိ ရောက်ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၏ အထွက်နှုန်းများမှာ နှစ်အလိုက် တိုးမြင့်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ အထွက်နှုန်းမှာ (၂၅.၀၇) တန်နှင့် ပါကစ္စတန်နိုင်ငံ၏ အထွက်နှုန်းမှာ (၃၁.၅၉) တန်ဖြင့် သိသိသာသာ မြင့်တက်ခဲ့ကြောင်း တွေ့ရပါသည်။ ထို့နောက် မလေးရှားနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် (၁၈.၂၁) တန်ဖြင့် အမြင့်ဆုံးထွက်ရှိခဲ့ပြီး နှစ်အလိုက် အထွက်နှုန်းများမှာ တည်ငြိမ်နေပါသည်။




ဇာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ FAOSTAT၊ ၂၀၂၃

ပုံ (၁၂) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး အထွက်နှုန်း အခြေအနေ

မြန်မာနှင့် အာရှနိုင်ငံများမှ အဓိကတင်ပို့သော ဖရဲ (HSC:080711) ၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်းကို နောက်ဆက်တွဲ (င) တွင် ဖော်ပြထားပါသည်။ တူကီယဲနိုင်ငံမှ တင်ပို့သော ဖရဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၂၀၀) မှ (၂၉၉) ကြားတွင်ရှိပြီး ၂၀၁၉ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။ အီရန်နိုင်ငံမှတင်ပို့သော ဖရဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၇၁) မှ (၂၉၃) အထိရရှိပြီး ၂၀၁၆ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံမှ တင်ပို့သော ဖရဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၁၂) မှ (၆၈၂) အထိရရှိပြီး ၂၀၂၃ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။ တရုတ်နိုင်ငံမှ တင်ပို့သော ဖရဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၇၃၉) မှ (၁,၀၆၉) အထိရရှိပြီး ၂၀၁၇ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၂၂ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံမှတင်ပို့သော ဖရဲသီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၂၂၈) မှ (၄၁၉) အထိရရှိပြီး ၂၀၂၃ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံမှ တင်ပို့သော ဖရဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၈၅) မှ (၆၀၂) အထိရရှိပြီး ၂၀၂၃ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၂၀ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။ မလေးရှားနိုင်ငံမှ တင်ပို့သော ဖရဲသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၀၆) မှ (၃၇၄) အထိရရှိပြီး ၂၀၁၅ ခုနှစ်တွင် အနိမ့်ဆုံးဈေးရရှိကာ ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးဈေး ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများ အဓိကတင်ပို့သော ဖရဲ (HSC: 080711) ၏ FOB ဈေးနှုန်းများ အတက်အကျ နှိုင်းယှဉ်ခြင်းကို ပုံ (၁၃) တွင် ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် (၁၀) နှစ်တာကာလတွင် တရုတ်နိုင်ငံမှ တင်ပို့သော ဖရဲတစ်တန်ဈေးနှုန်းမှာ အတက်အကျများရှိသော်လည်း အခြားနိုင်ငံများမှ တင်ပို့

သော ဖရဲဈေးနှုန်းများထက် မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်ပို့သော ဖရဲဈေးနှုန်းများသည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယဈေးအများဆုံး ရရှိကြသော်လည်း ဖရဲဈေးနှုန်းမှာ တည်ငြိမ်မှုမရှိပဲ အတက်အကျများကာ ၂၀၂၃ ခုနှစ်တွင် အနိမ့်ဆုံးဈေးသို့ ရောက်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ အိန္ဒိယနိုင်ငံမှ တင်ပို့သော ဖရဲဈေးနှုန်းများမှာ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးသို့ရောက်ရှိကာ ၂၀၁၇ ခုနှစ်မှစ၍ ဖရဲဈေးများ ဆက်တိုက်ကျဆင်းလာပြီး ၂၀၂၃ ခုနှစ်တွင် အနိမ့်ဆုံးသို့ ရောက်ရှိခဲ့သည်ကို တွေ့ရှိရပါသည်။ မလေးရှား၊ တူကီယဲနှင့် အီရန်နိုင်ငံများမှ တင်ပို့သော ဖရဲဈေးနှုန်းများသည် အခြားနိုင်ငံများမှ တင်ပို့သော ဖရဲဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေသည်ကိုတွေ့ရပြီး ဈေးနှုန်းအတက်အကျနည်းသည်ကို တွေ့ရှိရပါသည်။




ဇာစ်မြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ Myantrade၊ ၂၀၂၃

ပုံ (၁၃) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော ဖရဲသီး (HSC: 080711) ၏ FOB ဈေးနှုန်းများ

မြန်မာနိုင်ငံနှင့် အခြားအာရှနိုင်ငံများ၏ ဖရဲသီး တင်ပို့နိုင်မှု၊ ဖရဲသီး အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးအခြေအနေများ နှိုင်းယှဉ်ခြင်းကို ဇယား (၁၀) တွင် ဖော်ပြထားပါသည်။ နှိုင်းယှဉ်အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးမှာ မြန်မာ့ဖရဲသီး (FOB) ဈေးနှုန်းနှင့် အခြားနှိုင်းယှဉ်နိုင်ငံ၏ ဖရဲသီး (FOB) ဈေးနှုန်းတို့ ပိုင်းခြားထားခြင်း ဖြစ်ပါသည်။ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးမှာ (၁) ထက်ကြီးလျှင် မြန်မာနိုင်ငံမှ တင်ပို့သော ဖရဲသီးသည် အခြားနှိုင်းယှဉ်နိုင်ငံများမှ တင်ပို့သော ဖရဲသီးထက် ဈေးပိုရ၍ အရည်အသွေး ပိုကောင်းသည်ဟု ဆိုနိုင်ပြီး (၁) နှင့်ညီလျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ ဖရဲဈေးနှုန်းနှင့် အရည်အသွေး တူညီသည်ဟု ဆိုနိုင်ကာ (၁) ထက်ငယ်လျှင် အခြားနှိုင်းယှဉ်နိုင်ငံများ၏ ဖရဲဈေးနှုန်းထက် ဈေးလျော့ရ၍ အရည်အသွေး ပိုညံ့သည်ဟု ဆိုနိုင်ပါသည်။

မြန်မာ့ဖရဲသီး၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုးကို နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှအပ ကျန်နှိုင်းယှဉ်နိုင်ငံများတွင် မြန်မာနိုင်ငံမှ တင်ပို့သော ဖရဲသီး၏ နှိုင်းယှဉ်ဈေးနှုန်းတန်ဖိုးသည် (၁)

အထက်တွင် ရှိနေသောကြောင့် မြန်မာ့ဖရဲသီးသည် ၎င်းနှိုင်းယှဉ်နိုင်ငံများ၏ ဖရဲဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ဈေးပိုရ၍ အရည်အသွေးပိုကောင်းသည်ဟု ဆိုနိုင်ပါသည်။

ဇယား (၁၀) မြန်မာနှင့် အခြားအာရှနိုင်ငံများမှ တင်ပို့သော ဖရဲသီး (HSC: 080711) ၏ အရည်အသွေးနှင့် ဈေးနှုန်းတန်ဖိုး နှိုင်းယှဉ်ခြင်း (FOB Price, အမေရိကန်ဒေါ်လာ/ တန်)

| ခုနှစ် | တူကီယဲ | အီရန် | တရုတ် | အိန္ဒိယ | ဗီယက်နမ် | မလေးရှား |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၁.၈၈ | ၂.၁၀ | ၀.၅၆ | ၁.၁၉ | ၀.၈၈ | ၁.၄၂ |
| ၂၀၁၅ | ၂.၆၂ | ၂.၆၇ | ၀.၇၉ | ၁.၄၄ | ၁.၀၄ | ၁.၉၆ |
| ၂၀၁၆ | ၃.၀၃ | ၄.၀၀ | ၀.၇၈ | ၁.၆၃ | ၁.၄၀ | ၂.၀၅ |
| ၂၀၁၇ | ၂.၁၁ | ၂.၈၅ | ၀.၇၄ | ၁.၆၀ | ၁.၀၉ | ၁.၅၂ |
| ၂၀၁၈ | ၁.၄၄ | ၂.၀၂ | ၀.၄၉ | ၁.၂၅ | ၀.၈၁ | ၁.၁၇ |
| ၂၀၁၉ | ၂.၄၆ | ၂.၀၈ | ၀.၅၇ | ၁.၈၈ | ၀.၈၉ | ၁.၄၀ |
| ၂၀၂၀ | ၁.၃၇ | ၁.၇၃ | ၀.၄၇ | ၁.၄၁ | ၀.၆၄ | ၁.၁၆ |
| ၂၀၂၁ | ၂.၂၆ | ၂.၃၈ | ၀.၆၁ | ၂.၃၈ | ၀.၉၇ | ၁.၆၁ |
| ၂၀၂၂ | ၁.၆၄ | ၂.၀၈ | ၀.၄၂ | ၁.၈၅ | ၀.၇၈ | ၁.၂၃ |
| ၂၀၂၃ | ၁.၀၄ | ၁.၀၆ | ၀.၃၂ | ၁.၃၇ | ၁.၆၉ | ၀.၈၄ |

ဓာတ်မြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ Myantrade၊ ၂၀၂၃

## ၅.၅။ ဖရဲသီး ပို့ကုန်အလားအလာအား ဆန်းစစ်တွက်ချက်ခြင်း

မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့သော ဖရဲသီး၏ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်ကုန်သွယ်မှု အလားအလာအား ဇယား (၁၁) တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဖရဲသီး၏ ကုန်သွယ်မှုအလားအလာ အကောင်းဆုံး ကုန်သွယ်ဖက်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ၏ ဖရဲသီး ပို့ကုန်အလားအလာမှာ (၉၁) တန်ဖြစ်ပါသည်။

ဇယား (၁၁) မြန်မာ့ဖရဲသီး (HSC: 080711) ၏ ပို့ကုန် ကုန်သွယ်မှုအလားအလာ (Trade Potential) (၂၀၂၃ ခုနှစ်)

| မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက် နိုင်ငံ | မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့သည့် ပမာဏ (တန်) | ကုန်သွယ်ဖက်နိုင်ငံမှ ကမ္ဘာ့ဈေးကွက်တွင် ဝယ်ယူသည့် ပမာဏ (တန်) | မြန်မာနိုင်ငံမှ ကုန်သွယ်ဖက်နိုင်ငံများသို့ တင်ပို့သည့် ပမာဏ (တန်) | မြန်မာနိုင်ငံ၏ ပို့ကုန်အလား အလာ (တန်) |
|---|---|---|---|---|
| တရုတ် | ၅၇,၇၂၇ | ၇၃,၆၀၇ | ၅၇,၆၃၆ | ၉၁ |

ဓာတ်မြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃ (မှတ်ချက်။ ထိုင်းနိုင်ငံ၏ NPR ကို တွက်ချက်ရန် UN Comtrade database တွင် မြန်မာနိုင်ငံမှ တင်ပို့သော ဖရဲသီးပမာဏသာ တွေ့ရှိရပြီး ထိုင်းနိုင်ငံမှ ဝယ်ယူသော ပမာဏနှင့် ဈေးနှုန်း မတွေ့ရှိပါသဖြင့် တွက်ယူ၍ မရနိုင်ပါ။

## ၅.၆။ ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များ (Comparative advantage)

ကမ္ဘာ့ဈေးကွက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက် တွက်ချက်မှုများအရ နှိုင်းယှဉ်အားသာချက် တန်ဖိုးမှာ (၀) နှင့် (၁) ကြားတွင်ရှိနေသဖြင့် နှိုင်းယှဉ်အားသာချက် အားနည်း၍ အလားအလာရှိသော ပို့ကုန်များသည် ကမ္ဘာ့ဈေးကွက်တွင် နှိုင်းယှဉ်အားသာချက် ပိုရှိနိုင်ပါသည်။ မြန်မာနိုင်ငံမှ တင်ပို့သော ဖရဲသီး၏ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် အခြေအနေများကို ဇယား (၁၂) တွင် ဖော်ပြထားပါသည်။

ဇယား (၁၂) မြန်မာ့ဖရဲသီး (HSC: 080711) ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (RCA and RSCA)

(အမေရိကန်ဒေါ်လာ သန်း)

| နှစ်စဉ် | မြန်မာ့ဖရဲ တင်ပို့သည့် တန်ဖိုး | မြန်မာ့ စုစုပေါင်း ပို့ကုန်တင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် ဖရဲတင်ပို့သည့် တန်ဖိုး | ကမ္ဘာ့ဈေးကွက် စုစုပေါင်း ပို့ကုန် တင်ပို့သည့် တန်ဖိုး | *RCA | **RSCA |
|---|---|---|---|---|---|---|
| ၂၀၁၄ | ၇၂.၄၆ | ၁၁,၄၅၁.၈၆ | ၁,၅၄၈.၈၂ | ၁၈,၈၅၆,၉၅၇.၆၃ | ၇၇.၀၄ | ၀.၉၇ |
| ၂၀၁၅ | ၆၄.၉၃ | ၁၁,၄၃၁.၇၉ | ၁,၅၀၉.၆၆ | ၁၆,၄၁၈,၀၆၃.၈၉ | ၆၁.၇၆ | ၀.၉၇ |
| ၂၀၁၆ | ၇၃.၂၄ | ၁၁,၆၇၂.၇၂ | ၁,၇၀၆.၃၈ | ၁၅,၉၂၄,၂၀၃.၆၅ | ၅၈.၅၅ | ၀.၉၇ |
| ၂၀၁၇ | ၇၄.၁၂ | ၁၃,၈၇၇.၉၅ | ၁,၆၇၃.၃၄ | ၁၇,၅၆၃,၅၈၆.၂၀ | ၅၆.၀၅ | ၀.၉၆ |
| ၂၀၁၈ | ၇၇.၀၄ | ၁၆,၇၀၂.၁၆ | ၂,၀၂၆.၁၈ | ၁၉,၃၂၉,၀၅၀.၁၇ | ၄၄.၀၀ | ၀.၉၆ |
| ၂၀၁၉ | ၇၈.၁၇ | ၁၈,၁၁၇.၆၁ | ၂,၀၁၀.၇၀ | ၁၈,၇၆၁,၈၁၄.၉၂ | ၄၀.၂၆ | ၀.၉၅ |
| ၂၀၂၀ | ၅၇.၄၄ | ၁၆,၉၄၉.၇၆ | ၂,၁၀၄.၄၇ | ၁၇,၅၁၄,၉၆၈.၈၀ | ၂၈.၂၀ | ၀.၉၃ |
| ၂၀၂၁ | ၆၉.၀၆ | ၁၅,၁၅၃.၄၁ | ၂,၁၅၅.၂၄ | ၂၂,၁၅၄,၀၅၄.၄၆ | ၄၆.၈၄ | ၀.၉၆ |
| ၂၀၂၂ | ၃၈.၅၅ | ၁၇,၀၈၄.၅၁ | ၂,၂၇၈.၁၆ | ၂၄,၇၁၉,၇၉၅.၆၀ | ၂၄.၄၈ | ၀.၉၂ |
| ၂၀၂၃ | ၁၈.၀၃ | ၁၄,၇၅၃.၀၀ | ၂,၂၇၇.၆၃ | ၂၃,၂၉၁,၀၇၂.၃၁ | ၁၂.၅၀ | ၀.၈၅ |

*RCA = Revealed Comparative Advantage, **RSCA= Revealed Symmetric Comparative Advantage

ရင်းမြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃

ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် (Revealed Comparative Advantage-RCA) နှင့် ကမ္ဘာ့ဈေးကွက် ခေါက်ချိုးညီ နှိုင်းယှဉ်အားသာချက် (Revealed Symmetric Comparative Advantage-RSCA) ၏ တန်ဖိုးများယူဆချက် (၁) RCA or RSCA တန်ဖိုးသည် (0 < RCA ≤ 1) or (-1 < RSCA ≤ 0) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် မရှိပါ၊ ယူဆချက် (၂) RCA or RSCA တန်ဖိုးသည် (1 < RCA ≤ 2) or (0 < RSCA ≤ 0.33) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် နည်းခြင်း၊ ယူဆချက် (၃) RCA or RSCA တန်ဖိုးသည် (2 < RCA ≤ 4) or (0.33 < RSCA ≤ 0.6) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် အလယ်အလတ်၊ ယူဆချက် (၄) RCA or RSCA တန်ဖိုးသည် (4 < RCA) or (0.6 < RSCA) ဖြစ်လျှင် နှိုင်းယှဉ်အားသာချက် များပြားခြင်းတို့ ဖြစ်သည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀) နှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ တင်ပို့သော မြန်မာ့ဖရဲသီး၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက် တန်ဖိုးများဖြစ်သည့် RCA ၏ တန်ဖိုးများမှာ (၄) ထက်ကြီးပြီး RSCA တန်ဖိုးများမှာ (၀.၆) ထက်ကြီးသောကြောင့် မြန်မာ့ဖရဲ၏ ကမ္ဘာ့ဈေးကွက် နှိုင်းယှဉ်အားသာချက်မှာ များပြားနေသည်ကို တွေ့ရှိရပါသည်။

# ၆။ ထုတ်ကုန်ယှဉ်ပြိုင်မှုနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှုများ

## ၆.၁။ အဓိကကုန်သွယ်သည့် နိုင်ငံများနှင့် ပို့ကုန်ဈေးကွက်ရှယ်ယာများ

မြန်မာ့ဖရဲ ဝယ်ယူသော နိုင်ငံများနှင့် အဓိကဝယ်ယူသော နိုင်ငံများရှိ မြန်မာ့ဖရဲ၏ ဈေးကွက်ဝေစု အချိုးကို သိရှိနိုင်ရန်၊ မြန်မာ့ဖရဲကို ဝယ်ယူတင်သွင်းလျက်ရှိသော နိုင်ငံများကို ပုံ (၁၄) တွင် ဖော်ပြထားပါသည်။ တရုတ်နိုင်ငံသည် မြန်မာ့ဖရဲတင်ပို့မှု၏ (၁၀၀) ရာခိုင်နှုန်းနီးပါးကို တင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံ၏ ဖရဲဈေးကွက်ကို သိသိသာသာ လွှမ်းမိုးထားကြောင်း တွေ့ရှိရပါသည်။




ပုံ (၁၄) မြန်မာ့ဖရဲ ဝယ်ယူသော နိုင်ငံများ၏ ဈေးကွက်ဝေစုအချိုး




ပုံ (၁၅) တရုတ်နိုင်ငံရှိ မြန်မာ့ဖရဲ၏ ဈေးကွက်ဝေစုအချိုး

ဇာစ်မြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃

တရုတ်နိုင်ငံသို့ ဖရဲတင်ပို့လျက်ရှိသော နိုင်ငံများကို ပုံ (၁၅) တွင် ဖော်ပြထားပါသည်။ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တရုတ်နိုင်ငံအတွက် အဓိကဖရဲတင်ပို့သည့် နိုင်ငံများဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ စုစုပေါင်း ဖရဲတင်သွင်းမှု၏ (၅၈) ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံမှ တင်သွင်းခဲ့ပြီး (၄၂) ရာခိုင်နှုန်းကို မြန်မာနိုင်ငံမှ တင်သွင်းခဲ့သည်ကို တွေ့ရှိရပါသည်။

## ၆.၂။ ပြည်တွင်းဈေးကွက်နှင့် ပို့ကုန်ဈေးကွက် ဝယ်လိုအား

ဖရဲသီးနှံ အဓိက တင်ပို့ရောင်းချသူများ၏ လွန်ခဲ့သော (၅) နှစ်တာကာလအတွင်း ကုန်သွယ်မှု၊ တင်ပို့မှုအခြေအနေများ စစ်တမ်းကောက်ယူမှုများအရ လွန်ခဲ့သော (၅) နှစ်တာကာလ ၂၀၁၉ -၂၀၂၃ ခုနှစ်အတွင်း ဖရဲသီးကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက် ရှိပါသည်။ ဖရဲသီးကို နယ်စပ်မှသာ တင်ပို့လျက်ရှိပြီး ငွေပေးချေမှုစနစ်မှာ ပွဲရုံမှ တစ်ဆင့်ခံစနစ်ဖြင့် ပေးချေ၍ ပေါက်ဈေးအတိုင်း မြန်မာငွေနှင့်ရှင်းပေးပြီး မူဆယ်ဘက်ရှိပွဲရုံများမှ တရုတ်ငွေကို လက်ခံခြင်းဖြစ်ပါသည်။ ဖြေဆိုသူများသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ကြုံတွေ့နေရသည့် ကုန်ကျစရိတ်များ၊ သွင်းအားစုဈေးနှုန်း မြင့်တက်လာခြင်းများ၊ နယ်မြေ

ဒေသအခြေအနေများ မတည်ငြိမ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် အခက်အခဲများ၊ သယ်ယူချိန် ကြာမြင့်မှုများကြောင့် အသီးအရည်အသွေး ကျဆင်းခြင်းနှင့် အလေအလွင့် ဆုံးရှုံးမှုများခြင်းတို့ ကြုံတွေ့ကြရပါသည်။

ဈေးနှုန်းအတက်အကျများနှင့်ပတ်သက်၍ တောင်သူနှင့် ကုန်သည်တို့သည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဈေးနှုန်းအမြင့်ဆုံးရရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အနိမ့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့ပါသည်။ သို့သော် စိုက်သူနည်းပါး၍ ပြည်တွင်းဝယ်လက်များကာ ပြည်တွင်းဈေးကွက် အတော်အသင့်ရရှိပါသည်။ တင်ပို့ရောင်းချမှု လုပ်ငန်းစဉ်များမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ နယ်စပ်တင်ပို့မှုမှာ ပုံမှန်အနေအထားဖြစ်သော်လည်း ၂၀၂၀ ခုနှစ်နောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါအခြေအနေနှင့် နယ်မြေဒေသမငြိမ်းချမ်းမှုများကြောင့် လမ်းခရီးအခက်အခဲများဖြစ်ပေါ်၍ တင်ပို့မှုလုပ်ငန်းအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါသည်။ လွန်ခဲ့သော (၁၀) နှစ်တာ ကုန်သွယ်မှုတွင် တွေ့ကြုံရသော အခြေအနေများမှာ အချက် (၁၀) ချက်ရှိပါသည်။ ၎င်းတို့မှာ သတင်းအချက်အလက် ရရှိနိုင်မှုအနေဖြင့် ဖြေဆိုသူအများစုအတွက် ပိုမိုကောင်းမွန်လာပြီး ဖြေဆိုသူတစ်ဦးအတွက် လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ပိုမိုခက်ခဲပါကြောင်း တွေ့ရှိရပါသည်။

ကုန်သွယ်မှုအသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်မှုများမှာ အသင်းသားအချင်းချင်း ချိတ်ဆက်မှုအားကောင်းခြင်း၊ အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့်ချိတ်ဆက်မှု အားကောင်းခြင်းတို့ကြောင့် ပိုမိုကောင်းမွန် လာပါသည်။ ထုတ်ပြန်ထားသော စည်းမျဉ်းများအရ ဖရဲကုန်သည် အများစုမှာ လိုက်နာရန် စည်းမျဉ်းစည်းကမ်း တင်းကြပ်မှုများ များပြားလာသည့်အတွက် ပိုမိုခက်ခဲလာပါကြောင်းနှင့် ထုတ်ပြန်ထားသော စည်းမျဉ်းအများစုအား အမှန်တကယ်လိုက်နာနိုင်ပါက ကုန်သွယ်မှုအခြေအနေ ပို၍ကောင်းမွန်လာနိုင်ကြောင်း တွေ့ရှိရပါသည်။

ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့်အနေဖြင့် ဖရဲကုန်သည်အများစုမှာ ပုံမှန်အခြေအနေများ ဖြစ်သော်လည်း တချို့သော ကုန်သည်များအတွက် လုပ်ငန်းအဆင့်ဆင့် များပြားလာပါသဖြင့် ပို၍ခက်ခဲလာပါကြောင်း သိရှိရပါသည်။ ဝန်ဆောင်မှုကုန်ကျစရိတ်မှာ လမ်းခရီးအဆင်မပြေမှု၊ အချိန်ကြာမြင့်မှုနှင့် အလုပ်သမားငှာရမ်းခများ မြင့်တက်လာမှု အခြေအနေများ ပိုမိုများပြားလာပါသည်။ စာရွက်စာတမ်းကိစ္စရပ်များအနေဖြင့် ထူးခြားပြောင်းလဲသွားခြင်းမရှိဘဲ ပုံမှန်အခြေအနေများသာ ကြုံတွေ့ရပါသည်။ အလိုအလျောက်စနစ်နှင့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်လာပါကြောင်း၊ ပြည်ပအေဂျင်စီများနှင့် တိုက်ရိုက်ချိတ်ဆက်မှုများ မရှိသော်လည်း ပြည်တွင်းအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာပါသည်။ အုပ်ချုပ်မှုယန္တရားနှင့် သမာသမတ်ကျမှုများတွင် လမ်းခရီးအခက်အခဲများကြောင့် အဖွဲ့အစည်းများမှ ငွေတောင်းခံမှု များပြားလာပါသဖြင့် ပိုမိုခက်ခဲလာပါသည်။

၂၀၂၃ ခုနှစ်တွင် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ဖရဲသီးနှံပို့ကုန်များအတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြန့်ကြာမှုများကြောင့် မလိုလားအပ်သည့် ကုန်ကျစရိတ်များ၊ အလုပ်သမားပြဿနာများ၊ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများတွင် ပိုမိုခက်ခဲလာမှုများ၊ အသိပညာမျှဝေဖလှယ်သည့်ပွဲများ ပြုလုပ်မှုနည်းပါးလာသည့်အတွက် သတင်းအချက်အလက်ရရှိမှု ခက်ခဲ

လာခြင်းများ၊ စိုက်ပျိုးထုတ်လုပ်မှု နည်းပါးလာ၍ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု နည်းပါးလာခြင်းများ ကြုံတွေ့ရပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာ၌ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံနှင့်ကုန်သွယ်မှု အခြေအနေများအရ သတင်းအချက်အလက်ရရှိနိုင်မှုမှာ ယခင်ထက်ပို၍ ခက်ခဲလာသည်ကို တွေ့ရှိရပါသည်။ တရုတ်နိုင်ငံမှ သတင်းအချက်အလက် ရရှိရန်ခက်ခဲခြင်း၊ ထုတ်ပြန်သည့် အချက်အလက်များမှာလည်း တရုတ်ဘာသာဖြင့်သာ အသုံးပြုကြေညာမှုများခြင်း၊ အချို့သတင်းအချက်အလက်များကို ယေဘုယျသဘောမျိုးသာ ထုတ်ပြန်ကြေညာခြင်းနှင့် သက်ဆိုင်ရာသို့ တရားဝင် သတင်းအချက်အလက်များ တောင်းခံရာတွင်လည်း နှောင့်နှေးကြန့်ကြာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှုအရ တရုတ်နိုင်ငံသည် နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေးနှင့် နိုင်ငံတကာမှလည်း တရုတ်နိုင်ငံ ဈေးကွက်ချဲ့ထွင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ကုန်သွယ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် စည်းမျဉ်းစည်းကမ်းများကို နိုင်ငံ၏ လိုအပ်ချက်အရ ကဏ္ဍအလိုက် အချိန်နှင့်တပြေးညီ စောင့်ကြည့်၍ လိုက်လျောညီထွေဖြစ်စေမည့် မူဝါဒများ ချမှတ်ထုတ်ပြန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ တရုတ်နိုင်ငံတွင် လုပ်ငန်းအဆင့်ဆင့် ခွင့်ပြုချက်တောင်းခံသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆောင်ရွက်မှုများ ကျင့်သုံးဆဲဖြစ်ပါသည်။ ဝန်ဆောင်မှု ကုန်ကျစရိတ်များအရ တရုတ်နိုင်ငံတွင် စားသုံးမှုကုန်စည်နှင့် ဝန်ဆောင်မှုကုန်ကျစရိတ်များသည် လွန်ခဲ့သောနှစ်များနှင့် နှိုင်းယှဉ်ပါကလည်း များစွာပြောင်းလဲခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်းဒေသအလိုက် အေဂျင်စီများ ပူးပေါင်းဆောင်ရွက်ခြင်းကို အားပေးဆောင်ရွက်လျက် ရှိသည့်အပြင် ပြည်ပနိုင်ငံများ၏ အေဂျင်စီများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး အားထုတ်လျက်ရှိကြောင်း၊ ပြည်ပကုန်သွယ်မှု မြှင့်တင်ရန်အတွက်လည်း ပြည်တွင်းနှင့်ပြည်ပနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ ဖိတ်ကြား၍ အသိပညာ ဖလှယ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။[၄]

## ၆.၃။ ဈေးကွက်ဆိုင်ရာ ကွင်းဆက် (ထုတ်လုပ်သူ-ပြည်တွင်းဈေး-ပို့ကုန်)

သစ်သီးဝလံထုတ်လုပ်မှုနှင့် တင်ပို့ရောင်းချမှု တန်ဖိုးကွင်းဆက်သည် အခြား သိုလှောင်ထိန်းသိမ်းထားနိုင်သည့် ဆန်၊ ပြောင်းနှင့် ပဲမျိုးစုံသီးနှံများနှင့် သိသိသာသာ ကွဲပြားမှုရှိပြီး စိုက်ခင်းမှဈေးကွက်သို့ အချိန်တိုအတွင်း တင်ပို့ရောင်းချရာ၌ ကြားခံအဆင့် နည်းပါးပါသည်။ ဖရဲ၊ သခွားသီးနှံ တင်ပို့ရောင်းချသည့် တန်ဖိုးကွင်းဆက်တွင် အဓိကအားဖြင့် ဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်သူများ၊ မူဆယ်နယ်စပ် ကုန်သွယ်ရေးစခန်းမှ ပွဲစားများနှင့် တရုတ်ပြည်မကြီးရှိ ဝယ်ယူရောင်းချပေးသည့် ကိုယ်စားလှယ်များ ပါဝင်ပါသည် (Kubo၊ ၂၀၂၁)။

[၄] Key Informant Interview (Official) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။




ပုံ (၁၆) မြန်မာနိုင်ငံရှိ ဖရဲသီးနှံတန်ဖိုးကွင်းဆက်[၅]

မြန်မာ့ဖရဲသီးနှံ တန်ဖိုးကွင်းဆက်တွင် ဖရဲစိုက်တောင်သူများထံမှ နောက်ဆုံး ပြည်တွင်းနှင့် ပြည်ပဈေးကွက်ရှိ စားသုံးသူများထံသို့ တင်ပို့ရောင်းချရာတွင် ပြည်တွင်းပြည်ပလက်လီ၊ လက်ကားရောင်းချသူများ၊ ဖရဲ၊ သခွားကုန်သည်များနှင့် ပြည်ပဖရဲသီးနှံတင်သွင်းသော ကိုယ်စားလှယ်များနှင့်ချိတ်ဆက်ကာ ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံမှ ၎င်းတို့ဝယ်ယူလိုသည့် ဖရဲသီးမျိုးများကို တရုတ်ကုန်သည်များ၊ ကိုယ်စားလှယ်များမှတစ်ဆင့် တောင်သူများထံ ဖြန့်ဖြူးပေး၍ ထွက်ရှိလာသည့် ဖရဲသီးများအားလုံးကို တရုတ်ပြည်တွင်းသို့ တင်သွင်းဝယ်ယူကြောင်း သိရှိရပါသည်။ ထို့ပြင် ဖရဲသီးနှံအတွက် လိုအပ်သော နည်းပညာ၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည်တို့ကိုလည်း အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပသွင်းအားစုရောင်းချပေးသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပံ့ပိုးပေးမှုများရှိကြောင်း သိရှိရပါသည်။[၆]

[၅] မြန်မာနိုင်ငံဖရဲကုန်သည်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် ရလဒ်များနှင့် Naing Tun Aung (၂၀၁၅) Value chain of horticulture exports for rural development in Myanmar မှ ရလဒ်များကို အခြေခံ၍ ဖရဲတန်ဖိုးကွင်းဆက်အား ရေးဆွဲဖော်ပြထားပါသည်။
[၆] Key Informant Interview (Traders) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

## ၆.၄။ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ (SWOC analysis)

ဖရဲသီးတင်ပို့ရောင်းချမှုတွင် အခြားသီးနှံများနှင့်မတူဘဲ တရုတ်နိုင်ငံသို့ နယ်စပ်လမ်းကြောင်းမှသာ တင်ပို့ရောင်းချရသောသီးနှံ ဖြစ်ပါသည်။ ယခုအခါ မူဆယ်နယ်စပ် တင်ပို့ရောင်းချမှုအခြေအနေမှာ အခက်အခဲရှိနေသဖြင့် တရုတ်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို မိုင်းလားမှတစ်ဆင့် ပြောင်းလဲဆောင်ရွက်ရပါသည်။ မူဆယ်မှ တင်ပို့ရောင်းချခြင်းထက် မိုင်းလားမှ တင်ပို့ရောင်းချခြင်းသည် ခရီးလမ်းအနေအထားအရ ကုန်ကျစရိတ် ပိုမိုမြင့်မားလာခြင်း၊ သယ်ယူပို့ဆောင်ရသော အချိန်ကြာမြင့်ခြင်းတို့ကို ရင်ဆိုင်ရပါသည်။ မူဆယ်သို့ တင်ပို့ရာတွင် ဖရဲသီးများကို စက္ကူဂျတ်ဖာဖြင့် ထုတ်ပိုးစရာမလိုဘဲ မိုင်းလားမှ တင်ပို့ရောင်းချသောအခါ ဖရဲသီးများကို ပိုမိုအထားခံရန်အတွက် စက္ကူဂျတ်ဖာဖြင့်ထုပ်ပိုး၍ သယ်ယူပို့ဆောင်ရသောကြောင့် ထုပ်ပိုးမှုကုန်ကျစရိတ်လည်း ပိုမိုပါသည်။ မူဆယ်မှ တင်ပို့သောအခါ (၃) ရက်ဖြင့် ရောင်းချ၍ရသော်လည်း မိုင်းလားဘက်မှ တင်ပို့ပါက (၁၀) ရက်ခန့်ကြာပါသည်။ မူဆယ်လမ်းကြောင်းကို အသုံးပြုပါက တစ်တန်လျှင် သယ်ယူပို့ဆောင်မှုနှင့် အခြားကုန်ကျစရိတ်များအားလုံး တစ်တန်လျှင် ငွေကျပ် (၇) သိန်းခန့် ကုန်ကျပြီး မိုင်းလားလမ်းကြောင်းသည် ကျပ် (၁၂) သိန်းခန့် ကုန်ကျပါသည်။

ကုန်သွယ်မှုလမ်းကြောင်း အခြေအနေအရ တရုတ်နိုင်ငံတစ်ခုတည်းကိုသာ နယ်စပ်လမ်းကြောင်းဖြင့် တင်ပို့ရသော သီးနှံဖြစ်ခြင်းကြောင့် နယ်စပ်ကုန်သွယ်မှု မူဆယ်လမ်းကြောင်း အဆင်မပြေချိန်တွင် ပြည်တွင်း၌ ဖရဲသီးစိုက်ပျိုးမှု လျော့နည်းလာခြင်း၊ တင်ပို့ရောင်းချမှု ကုန်ကျစရိတ်များ ပိုမိုလာခြင်း၊ တရုတ်နိုင်ငံဝယ်လက်တစ်ခုတည်းသာ ရောင်းချရသောသီးနှံဖြစ်၍ မသေချာမှုများပြားခြင်း စသော အခက်အခဲများကို ရင်ဆိုင်ရပါသည်။ ဖရဲသီးစိုက်ပျိုးရောင်းချမှုနှင့် တင်ပို့ရောင်းချမှုလုပ်ငန်းတွင် ဖရဲသီးစိုက်ပျိုးရန် (F1) မျိုးစေ့များကို တရုတ်နိုင်ငံမှ ဝယ်ယူပြီး စိုက်ပျိုးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အဓိက စိုက်ပျိုးသော ဖရဲမျိုးများသည် အခြားနိုင်ငံသို့ တင်ပို့ရောင်းချရာတွင် လူကြိုက်နည်းပြီး တရုတ်နိုင်ငံ ဝယ်လက်များမှသာ ကြိုက်နှစ်သက်သော အလုံးကြီးမျိုးများ ဖြစ်ပါသည်။ ဖရဲမျိုးစေ့များကို ဝယ်ယူရာတွင် စိုက်ပျိုးချိန်ရာသီနှင့်အကိုက် ဝယ်ယူရရှိရန် အရေးကြီးပါသည်။ မျိုးစေ့ဥပဒေအရ တရားဝင်တင်သွင်းမှုများ ပြုလုပ်ပါက အချိန်လွန်ခြင်း၊ စိုက်ချိန်ရာသီနောက်ကျပြီးမှ မျိုးစေ့များဝယ်ယူရရှိခြင်း အစရှိသော အခက်အခဲများကိုလည်း ရင်ဆိုင်ရပါသည်။

ဖရဲသီးစိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အခြားသွင်းအားစုများကို ဝယ်ယူရာ၌ ယခင်က သွင်းအားစုရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်၍ အကြွေးဝယ်ယူပြီး ဖရဲသီးရောင်းချပြီးမှ ပေးချေသောစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း ယခုအခါ တင်ပို့ရောင်းချသော နယ်စပ်လမ်းကြောင်း မသေချာမှုများကြောင့် သွင်းအားစုကုမ္ပဏီများမှ အကြွေးရောင်းချရန် ချိတ်ဆက်ရာ၌ အခက်အခဲရှိပါသည်။

ဖရဲသီးတင်ပို့ရောင်းချရာတွင် မြန်မာနိုင်ငံအပြင် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှလည်း တရုတ်နိုင်ငံသို့ ရောင်းချလျက်ရှိသောကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား ကောင်းစေရန် အရေးကြီးပါသည်။ ဖရဲသီးတင်ပို့ရောင်းချမှုသည် နိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို များစွာအထောက်အကူပြု ရှာဖွေပေးသော သီးနှံဖြစ်

သည့်အတွက် မူဝါဒအရ အရေးကြီးသီးနှံတစ်ခုအဖြစ် သတ်မှတ်၍ အခြားသီးနှံများနည်းတူ ပံ့ပိုးမှုများ၊ တွန်းအားပေးမှုများနှင့် မဟာဗျူဟာမြောက်သီးနှံအဖြစ် ဆောင်ရွက်စေလိုပါသည်။

အခြားနိုင်ငံများတွင် ကုန်သွယ်မှုကဏ္ဍ ဆွေးနွေးညှိနှိုင်းကြရာ၌ နိုင်ငံ၏မူဝါဒကို ဖော်ဆောင်၍ ဆုံးဖြတ်ပေးနိုင်သော် တာဝန်ရှိပုဂ္ဂိုလ်များ ကိုယ်တိုင်ပါဝင်၍ အချိန်နှင့်တပြေးညီ ဆုံးဖြတ်၍ ကုန်သွယ်မှုကို ချောမွေ့စေပြီး ပိုမိုတိုးတက်ကောင်းမွန်သော မူဝါဒများ၊ စီမံကိန်းများ၊ ညှိနှိုင်းမှုများကို ပြုလုပ်ဆောင်ရွက်ကြခြင်းကို တွေ့ရှိလေ့လာမိကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံသဘောတူဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရာတွင် တာဝန်ရှိ ဆုံးဖြတ်နိုင်သူများ ကိုယ်တိုင်ပါဝင်၍ လျင်မြန်စွာဆုံးဖြတ်ချက်များ ပြုလုပ်နိုင်စေရန် ဆောင်ရွက်စေလိုကြောင်း သိရှိရပါသည်။[၇]

ဖရဲသီးနှံ တင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို ဖရဲသီးနှံ တင်ပို့ရောင်းချသူများ၏ အသိအမြင်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။[၈]

ဖရဲသီးနှံတင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော အားသာချက်များ (Strength) မှာ-

(၁) မိမိကိုယ်တိုင် စိုက်ပျိုးရောင်းချသည့် သီးနှံဖြစ်သည့်အတွက် စီးပွားရေးဈေးကွက်များ အမြင်ကျယ်လာခြင်း၊

(၂) ပေါင်းသင်းဆက်ဆံရေး၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်မှု အားကောင်းလာခြင်း၊ အခွင့်အလမ်း များစွာရရှိခြင်းနှင့်

(၃) ဈေးကွက်တွင် ဝယ်လိုအားကောင်းသည့် သီးနှံဖြစ်ခြင်းကြောင့် ရရှိလာသည့် အကျိုးအမြတ်များအား ကိုယ်တိုင်ခံစားရခြင်းတို့ ဖြစ်ပါသည်။

ဖရဲသီးနှံတင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော အားနည်းချက်များ (Weakness) မှာ-

(၁) ဈေးကွက်တည်ငြိမ်မှု မရှိခြင်း၊

(၂) သွင်းအားစုများအား ဈေးကြီးပေးဝယ်ရ၍ ရင်းနှီးမှုများပြီး ပြန်ရချက်မသေချာသည့် သီးနှံ ဖြစ်ခြင်းနှင့်

(၃) သိုလှောင်သိမ်းဆည်း၍မရသည့် သီးနှံဖြစ်သောကြောင့် လမ်းခရီးကြန့်ကြာမှုများ ကြုံရပါက ဈေးကွက်အခြေအနေတွင် ပို၍ဆုံးရှုံးမှုများ ဖြစ်ပေါ်လာခြင်းတို့ ဖြစ်ပါသည်။

ဖရဲသီးနှံတင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော အခွင့်အလမ်းများ (Opportunities) မှာ-

(၁) ဖရဲသီးနှံသည် ပြည်တွင်းနှင့် ပြည်ပဈေးကွက်ရှိသည့် သီးနှံဖြစ်ခြင်း၊

(၂) လမ်းခရီးကြန့်ကြာမှုများမရှိပဲ နယ်စပ်မှ တိုက်ရိုက်လွယ်ကူစွာ တင်ပို့နိုင်ပါက ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည့်အတွက် အကျိုးအမြတ်၊ အခွင့်အလမ်းကောင်းများစွာ ရရှိသည့် သီးနှံ ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

---

[၇၊၈] Key Informant Interview (Traders) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

ဖရဲသီးနှံတင်ပို့ရောင်းချရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ (Challenges) မှာ-

(၁) ကုန်သွယ်မှုအခြေအနေအခက်အခဲများ၊ နယ်မြေဒေသမတည်ငြိမ်မှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ စသည့် လတ်တလောအခြေအနေများကြောင့် ကုန်ပစ္စည်းတင်ပို့ရာတွင် အချိန်မီ တင်ပို့နိုင်မှု ပိုမိုခက်ခဲလာခြင်း၊
(၂) သယ်ယူစရိတ်အပါအဝင် ကုန်ကျစရိတ် များပြားခြင်း၊ အလုပ်သမား ရှားပါးလာခြင်း၊ ဘက်ပေါင်းစုံမှ အခက်အခဲ စိန်ခေါ်မှုများရှိခြင်း၊
(၃) ဈေးကွက်ယှဉ်ပြိုင်မှုများ မြင့်မားလာခြင်းတို့ ဖြစ်ပါသည်။

အနာဂါတ်တွင် ဖရဲသီးနှံတင်ပို့ရောင်းချမှု ဆောင်ရွက်ရာ၌ အရည်အသွေးကောင်းမွန်သည့် သီးနှံရရှိစေရန်အတွက် အချိန်တိုတိုနှင့် ကုန်ပစ္စည်းတင်ပို့နိုင်ရေး လိုအပ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် လိုအပ်ခြင်း၊ ပြည်ပဈေးကွက်သို့ မှီခိုမှုအားနည်းအောင် ဆောင်ရွက်စေခြင်း၊ ဈေးကွက်တည်ငြိမ်ရန် ဖော်ဆောင်ပေးခြင်း၊ ဖရဲစိုက်တောင်သူနှင့် တရုတ်နိုင်ငံဘက်ရှိ ဝယ်သူများ တိုက်ရိုက်ရောင်းချနိုင်မှု လိုအပ်ခြင်း၊ စိုက်ပျိုးနည်းပညာ၊ စိုက်ပျိုးနည်းစနစ်သင်တန်းများ ပို့ချပေးနိုင်ခြင်း၊ သွင်းအားစုများ ဈေးနှုန်းမြင့်မားလာသည့် ကိစ္စရပ်များအား ဖြေရှင်းပေးစေလိုခြင်း၊ အခွန်အခများ ဖြေလျှော့ပေးစေလိုခြင်း၊ တောင်သူများအတွက် လိုအပ်သည့် သွင်းအားစု၊ နည်းပညာထောက်ပံ့မှုများ လုပ်ဆောင်ပေးစေလိုခြင်း စသည့်အချက်များဖြင့် အကြံပြုဆွေးနွေးခဲ့ကြပါသည်။

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့မှု လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို တရုတ်နိုင်ငံ၊ စီးပွားရေးသံမှူးများမှ အောက်ပါအတိုင်း ဖော်ပြထားပါသည်။[၉]

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အဓိက အားသာချက်များ (Strength) မှာ-

(၁) မြန်မာ-တရုတ်နှစ်နိုင်ငံမှာ နယ်မြေချင်းထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့်အတွက် ကုန်စည်သယ်ယူပို့ဆောင်ရာတွင် နယ်စပ်ကုန်သွယ်မှု၊ ပင်လယ်ရေကြောင်းနှင့် လေကြောင်း ကုန်စည်သယ်ယူပို့ဆောင်မှုများ ဆောင်ရွက်လျက်ရှိခြင်း၊
(၂) မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အဖြစ်သာမက အာဆီယံ၊ RECEP၊ မဲခေါင်-လန်ချန်း၊ BRI ၊ SCO စသည့် အဖွဲ့အစည်းဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြပွဲများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခြင်းနှင့်
(၃) GACC CIFER system နှင့် Manual System တို့မှလည်း ကုမ္ပဏီများ မှတ်ပုံတင်ခွင့်ပြုချက် လျှောက်ထား၍ တင်ပို့နိုင်ခြင်းတို့ ဖြစ်ပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အဓိက အားနည်းချက်များ (Weakness) မှာ-

[၉] Key Informant Interview (Official) မှ ထုတ်နုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

(၁) လက်ရှိ ညှိနှိုင်းဆဲ လယ်ယာ၊ သားငါးထွက်ကုန် SPS သဘောတူစာချုပ် (မူကြမ်း) များမှာ နှစ်ဘက် ပြည်တွင်းလုပ်ငန်းစဉ်များအရ ညှိနှိုင်းရာတွင် အချိန်ကြာမြင့်မှုများရှိခြင်း၊

(၂) ကုမ္ပဏီများအနေဖြင့် GACC မှ သတ်မှတ်ထားသည့် system များမှ ဝင်ရောက် လျှောက်ထားရာတွင် နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုများ၊ သတ်မှတ်အထောက်အထားများ ပြည့်စုံမှု မရှိခြင်း စသည့်အချက်များ ကြုံတွေ့နေရခြင်း၊

(၃) သဘောတူစာချုပ် ချုပ်ဆိုပြီးသည့် ကုန်ပစ္စည်းများ တင်ပို့ရာတွင်လည်းကောင်း၊ အချို့ ကုမ္ပဏီများအနေဖြင့် GACC မှ မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီး တင်ပို့သည့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် အတုအပ အသုံးပြုခြင်း၊ ထုတ်ပိုးမှုပစ္စည်း သတ်မှတ်စံညွှန်းများနှင့် ကိုက်ညီမှုမရှိခြင်း စသည့် အငြင်းပွားဖွယ် ကိစ္စများ ကြုံတွေ့နေရခြင်း၊

(၄) ကုန်ပစ္စည်းတင်ပို့ရာတွင် မြန်ဆန်ချောမွေ့စေရေးအတွက် နယ်စပ်ကုန်သွယ်မှုများ တိုးမြှင့် ဆောင်ရွက်နိုင်ရေးတွင် လိုအပ်ချက်များရှိနေခြင်းနှင့်

(၅) ပြည်နယ်လိုအပ်ချက်အရ ခွင့်ပြုထားသည့် သီးနှံများကိုလည်း ၎င်းတို့ သတ်မှတ်တင်ပို့ပေး စေလိုသည့် အရည်အသွေး၊ ပမာဏအတိုင်း တင်ပို့ပေးနိုင်ရန် ဆောင်ရွက်မှုတွင်လည်း လိုအပ် ချက်များရှိခြင်း စသည်တို့ ဖြစ်ပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခွင့် အလမ်းများ (Opportunities) မှာ-

(၁) တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများသည် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံများအဖြစ် ရပ်တည်လျက်ရှိပြီး တရုတ်နိုင်ငံ၏ ပြည်နယ်အသီးသီးရှိ ရင်းနှီးမြှုပ်နှံသူများမှလည်း အာဆီယံ ဈေးကွက်အတွင်း ဝင်ရောက်ရန် ကြိုးပမ်းလျက်ရှိပါသဖြင့် ဒေသတွင်းဆိုင်ရာ ကုန်စည်ပြပွဲ များ၊ ဆွေးနွေးပွဲများ တက်ရောက်ခြင်းဖြင့် ထုတ်ကုန်များ မိတ်ဆက်ဆောင်ရွက်ခြင်း၊ နည်း ပညာဖလှယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အလမ်းများ ရရှိခြင်း၊

(၂) ထို့ပြင် RCEP ၊ မဲခေါင်-လန်ချန်း၊ BRI ၊ SCO စသည့် အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုများမှလည်း အခွင့်အလမ်းများ တိုးတက်ရရှိနိုင်ခြင်းနှင့်

(၃) GACC ၏ ကြေညာချက် (၂၄၈) နှင့် (၂၄၉) တို့အရ ၁-၁-၂၀၂၂ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်များ တင်ပို့မည့်/တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များ မှတ်ပုံ တင်လျှောက်ထားရမည့် ကုန်စည်အုပ်စုများ၊ CIFER မှတစ်ဆင့် လျှောက်ထားရမည့်ပုံစံများ၊ Manual System ဖြင့် လျှောက်ထားရမည့် ကုန်စည်များကိုလည်း ကြေညာချက်ထုတ်ပြန် ထားခြင်း စသည်တို့ ဖြစ်ပါသည်။

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် လုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ (Challenges) မှာ-

(၁) တရုတ်နိုင်ငံအနေဖြင့် စားသုံးသူဈေးကွက် ကြီးမားသည့်နိုင်ငံဖြစ်ခြင်းကြောင့် ဈေးကွက်ဝင်ရောက်ခွင့် ရရှိရေးတွင် ပြိုင်ဆိုင်မှု အလွန်များခြင်း၊

(၂) သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် လည်းကောင်း၊ ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းတွင် လည်းကောင်း အခြားနိုင်ငံများနှင့် အဓိကယှဉ်ပြိုင်မှုများရှိခြင်း၊

(၃) ထုတ်ကုန်အရည်အသွေးပိုင်းဆိုင်ရာ၊ ထုတ်ကုန်ဒီဇိုင်းများတွင်လည်း နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှု၊ တီထွင်ကြံဆမှုများ တိုးမြှင့်လုပ်ကိုင်ရန် လိုအပ်လျက်ရှိခြင်းနှင့်

(၄) လမ်းပမ်းဆက်သွယ်မှု ကုန်ကျစရိတ်နှင့် သယ်ယူပို့ဆောင်မှုများတွင်လည်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းလျက် ရှိနေဆဲဖြစ်ခြင်းတို့ ဖြစ်ပါသည်။

## ၇။ သုံးသပ်တင်ပြချက်များ

မြန်မာနိုင်ငံ၏ ဖရဲသီးစိုက်ပျိုးထုတ်လုပ်မှုသည် ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ များစွာ တင်ပို့လျက်ရှိသော သီးနှံတစ်မျိုး ဖြစ်ပါသည်။ မြန်မာ့ဖရဲသီးများကို တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့လျက်ရှိပြီး ကိုဗစ်-၁၉ ဖြစ်ပွားခဲ့သည့် ကာလများတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်စည်းမျဉ်းများကြောင့် တင်ပို့မှုများ နှောင့်နှေးခဲ့ရပြီး တင်ပို့လျက်ရှိသော ဖရဲသီးတင်ကားများသည် တန်းစီစောင့်ဆိုင်းလျက်ရှိကြပြီး အချိန်ကြန့်ကြာမှုများကြောင့် အသီးအရည်အသွေးများ ကျဆင်းခဲ့ရပြီး အရှုံးများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ဖရဲသီးသည် တာရှည်အထားခံသော ကုန်ပစ္စည်းမဟုတ်သည့်အတွက် အရည်အသွေးကောင်းသော ဖရဲသီးများကသာလျှင် ပျက်စီးမှုမရှိပဲ တာရှည်ခံ၍ ဈေးကွက်ဝင်နိုင်မည် ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသည့် ဖရဲသီးများသည် ဈေးနှုန်းကောင်းမွန်နေသော်လည်း ကုန်တင်ကားခစရိတ်၊ ကွင်းကြေး၊ အခွန်နှုန်းထားများ ကြီးမြင့်နေမှုကြောင့် ဖရဲစိုက်တောင်သူများနှင့် ကုန်သည်များမှာ အကျိုးအမြတ်ရရှိမှုမရှိပဲ အရှုံးနှင့် ရင်ဆိုင်နေရပါသည်။ တရုတ်ဈေးကွက်သို့ တင်ပို့ရာတွင် ဖရဲသီး (၁၆) တန်ဆံ့ ကုန်တင်ကားတစ်စီးလျှင် ကုန်ကျငွေ ကျပ်သိန်း (၉၀) ခန့်ရှိနေပြီး ပြန်လည်ရရှိသည့် ရောင်းရငွေသည် ကျပ်သိန်း (၈၀) ခန့်သာရှိခြင်းကြောင့် ပျမ်းမျှအားဖြင့် ငွေကျပ် (၁၀) သိန်းခန့် ပြန်လည်စိုက်ထုတ် ကုန်ကျနေရပါသည်။ ဖရဲသီးတင်ပို့ရာတွင် သယ်ယူသည့် ကုန်တင်ကားခ၊ ကားရပ်နားသည့် အခွန်အခ၊ မြန်မာဘက်မှ အထွက်နှင့် တရုတ်နိုင်ငံသို့အဝင် စသည့် ကုန်ကျစရိတ်များအား ကုန်သည်များမှ ပေးဆောင်ရပြီး မြန်မာကွင်းကြေးနှင့် တရုတ်ကွင်းကြေး စသည်များကိုလည်း ကုန်သည်နှင့် တောင်သူများက ပေးဆောင်ကုန်ကျရပြီး စုစုပေါင်းကုန်ကျစရိတ်သည် ပျမ်းမျှအားဖြင့် ကျပ်သိန်း (၉၀) ခန့် ကုန်ကျလျက်ရှိပါသည်။

ထို့သို့ ဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းကြောင့် ဖရဲကုန်သည်အချို့သည် တရုတ်နိုင်ငံသို့ တင်ပို့မှုများကို ရပ်နားလာခဲ့ပြီး ရန်ကုန်ဈေးကွက်သို့ ပြောင်းလဲတင်ပို့ ရောင်းချလာသောကြောင့် ၂၀၂၃ ခုနှစ်တွင် ရန်ကုန်ဈေးကွက်သို့ ဖရဲကားဝင်ရောက်မှုများ စံချိန်တင်မြင့်တက်ခဲ့ရသည်။ ထိုသို့ ဖရဲသီးဝင်ရောက်မှုများ စံချိန်တင် မြင့်တက်လာမှုများကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှဖြစ်ခဲ့ရပြီး ဖရဲဈေးနှုန်းများ ကျဆင်းခဲ့ရပါသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ဖရဲသီးများ တရားဝင် တင်ပို့ရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုကို ချောမွေ့စေပြီး ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ ဖရဲသီးသည် တရုတ်နိုင်ငံမှ တရားဝင် တင်သွင်းခွင့်ပြုထားသည့် သီးနှံဖြစ်သဖြင့် ရေရှည်ကာလအထိ စိုက်ပျိုးသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအကြား နှစ်ဖက်ချိတ်ဆက်မှုများ ပိုမိုအားကောင်းလာပြီး ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများနှင့် အရည်အသွေးကောင်းအသီးများ ရရှိစေနိုင်ပါသည်။ ဖရဲတင်ပို့မှုများ ပိုမိုမြင့်မားလာမည်ဖြစ်သဖြင့် ဖရဲစိုက်တောင်သူများ အကျိုးခံစားရစေပြီး ရေရှည်တည်တံ့သော ပို့ကုန်တင်ပို့မှုကို အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

ဖရဲသီးဝယ်ယူရာတွင် တရုတ်နိုင်ငံမှ ဈေးသတ်မှတ်ထားခြင်းဖြစ်ပါ၍ ဖရဲသီးရောင်းမထွက်လျှင် တောင်သူက ခံရမည်ဖြစ်ပြီး မရောင်းရသည့် ဖရဲသီးများအား ပြန်သယ်လျှင် ကုန်ကျစရိတ်ကိစ္စများ ပိုမို

မြင့်တက်လာပါသည်။ ထို့ကြောင့် မိမိတို့ဘက်မှလည်း ဝယ်သူ၏ လိုအပ်ချက်များအား ပေးဆောင်နိုင်ရန် ကြိုးစားရမည်ဖြစ်သလို အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် တင်ပို့သည့် ပစ္စည်းများအား ငြင်းပယ်ခြင်း (No reject)၊ ပြန်လည်ပေးပို့ခြင်း (No return) တို့မဖြစ်စေရန် အဓိက ဆောင်ရွက်ပေးရမည်။ ဈေးကွက်သွင်းအားစုကောင်းများ ရှာဖွေရာတွင် အစိုးရနှင့် အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှသာ ပို၍တိုးတက်မည် ဖြစ်ပါသည်။ အဓိကအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ မြေသြဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ကော်မတီ အစရှိသည့် ကော်မတီအဖွဲ့အစည်းများတွင် အသင်းအဖွဲ့ဝင်များ ပါဝင်လိုပါကြောင်းနှင့် တောင်သူနှင့် တိုက်ရိုက်ထိတွေ့သည့် ဈေးကွက်သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ ပံ့ပိုးပေးနိုင်သည့် ဆော့ဝဲလ်များ ပြုလုပ်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြကြပါသည်။[၁၀] ထို့ပြင် ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက စနစ်တကျ ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

[၁၀] Key Informant Interview (Traders) မှ ထုတ်နှုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

# ၈။ မူဝါဒထောက်ခံချက်များ

**(အခြေခံအဆောက်အဦ၊ ဌာဆိုင်ရာအဖွဲ့အစည်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု၊ မူဝါဒဖော်ဆောင်မှုနှင့် မဟာဗျူဟာနည်းလမ်းများ)**

ဖရဲသီးသည် နိုင်ငံခြားတင်ပို့မှု ရာခိုင်နှုန်းများသော သီးနှံတစ်မျိုးဖြစ်သောကြောင့် ပြည်ပဝင်ငွေရှာဖွေနိုင်ရေးနှင့် စိုက်ပျိုးသူတောင်သူများအနေဖြင့် အမှန်တကယ် အကျိုးအမြတ်ရရှိစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

## (က) အခြေခံအဆောက်အဦ

ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရန် အဓိကလိုအပ်ချက်ဖြစ်သော သယ်ယူပို့ဆောင်ရေးကဏ္ဍများ၊ ကွန်ရက်များကို ဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများအတွက် အရေးပါသော လမ်းကြောင်းများကို ပံ့ပိုးဆောင်ရွက်သင့်ပါသည်။ ဖရဲသီးနှံသည် ထိခိုက်ပျက်စီးလွယ်သော သီးနှံဖြစ်သည့်အတွက် အရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် သင့်လျော်သည့် အအေးခန်း သိုလှောင်ရုံများ လုံလောက်မှုရှိစေရန်၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ ထုပ်ပိုးမှုနည်းစနစ်များနှင့် စက်ပစ္စည်းကိရိယာများကိုလည်း ပို့ကုန်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုများကို အားပေးပံ့ပိုး ဆောင်ရွက်သင့်ပါသည်။

## ( ခ ) ဌာနဆိုင်ရာ အဖွဲ့အစည်းများ

အနာဂတ်တွင် ကုန်သွယ်မှုကဏ္ဍနှင့် ကုန်ပစ္စည်းများ တင်ပို့မှု လုပ်ငန်းဆောင်တာများအတွက် ပို၍ကောင်းမွန်တိုးတက်လာစေရန် သတင်းအချက်အလက်ရရှိနိုင်မှု ပိုမိုလွယ်ကူစေခြင်း၊ ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်သောကြာချိန် လျှော့ချပေးခြင်း၊ ဒီဂျစ်တယ်နည်းပညာကို ပိုမိုအသုံးပြုခြင်းဖြင့် ဝန်ဆောင်မှုကုန်ကျစရိတ်များ နည်းနိုင်သမျှ နည်းနိုင်စေခြင်း၊ ဒီဂျစ်တယ်နည်းပညာကို အသုံးပြုခြင်းဖြင့် လိုအပ်သော စာရွက်စာတမ်းများ တောင်းခံသည်ကို နည်းနိုင်သမျှ လျှော့ချပေးခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သင့်ခြင်း စသည်တို့ကို လုပ်ဆောင်သင့်ပါသည်။ ပြည်ပတင်ပို့ရောင်းချခြင်းလုပ်ငန်းများ လျင်မြန်လွယ်ကူစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနနှင့် ဖရဲသီးနှံ တန်ဖိုးကွင်းဆက်တစ်လျှောက် လေ့လာဆန်းစစ်မှုများ ပိုမိုဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။

## ( ဂ ) စွမ်းဆောင်ရည် မြှင့်တင်ခြင်း

ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီပြီး၊ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိသောအထွက်နှုန်းမြင့်မားသည့် အရည်အသွေးမြင့် ဖရဲသီးနှံမျိုးများကို တောင်သူများ ရရှိစိုက်ပျိုးနိုင်ရန်၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို နားလည်သိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်ပေးသင့်ပါသည်။ ထို့ပြင် ဖရဲသီးနှံများကို တင်ပို့ရာ၌ လိုအပ်သည့် အရည်အသွေးထိန်းသိမ်းခြင်း၊ ပိုးသတ်ဆေးအကြွင်းအကျန်နှင့် အခြား

ဘေးအန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများနှင့် ပတ်သက်၍ အသိအမြင်ဗဟုသုတ မြှင့်တင်ပေးရန်၊ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစစ်ဆေးနိုင်သည့် အဖွဲ့အစည်းများ၊ ဓာတ်ခွဲခန်းများကို ပံ့ပိုးဆောင်ရွက်ပေးသင့်ပါသည်။

## (ဃ) နည်းပညာနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု

နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်သည့် ဖရဲသီးနှံများ ထုတ်လုပ်မှုအတွက် လိုအပ်သော နည်းပညာ၊ သွင်းအားစုများ ရရှိနိုင်စေရန်နှင့် ချေးငွေအစီအစဉ်ဖြင့် ငွေကြေးပံ့ပိုးမှုများ စီမံဆောင်ရွက်ပေးရမည် ဖြစ်သည်။ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ပြန်ရချက် အချိုးမျှတစေရေးအတွက် အခြေခံ သွင်းအားစုများ ထိုက်သင့်သည့် ဈေးနှုန်းများဖြင့် အလွယ်တကူ ဝယ်ယူနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချ ပေးနိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးသင့်ပါသည်။ ထို့အပြင် ဖရဲသီးနှံသည် ထိခိုက်၍ ပုပ်သိုးပျက်စီးလွယ်သည့် သီးနှံဖြစ်သည့်အတွက် ပြည်ပသို့ တင်ပို့ရောင်းချသည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သော ရိတ်သိမ်းချိန်လွန် နည်းပညာများ၊ စက်ပစ္စည်းကိရိယာများကို ပံ့ပိုးပေးနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း လိုအပ်နေပါသည်။

ဖရဲသီးသည် ပုပ်သိုးပျက်စီးလွယ်သည့် သီးနှံဖြစ်သည့်အတွက် ဈေးကွက်သစ်များ ရှာဖွေရာတွင် ကုန်သည်များသည် တင်ပို့သည့်အချိန်၊ ဈေးနှုန်းနှင့် အကျိုးအမြတ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ထို့ပြင် တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးခြင်း (ဖရဲသီးဖျော်ရည်၊ ဖရဲသီးယို၊ ဖရဲသီးအခြောက်) စသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ခြင်းဖြင့် ဝင်ငွေပိုမိုရရှိစေနိုင်သည်။ ဖရဲသီးခွံကို အလေအလွင့် မဖြစ်စေဘဲ မြန်မာ့နည်းဖြင့် ချဉ်ဖတ်တည်ခြင်း၊ ယိုထိုးခြင်း၊ အခြောက်လှမ်း၍ ဟင်းလျာအဖြစ် အသုံးပြုနိုင်ခြင်းတို့ကြောင့် တောင်သူများအနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေနိုင်ရန်နှင့် ပြည်တွင်းဈေးကွက်တွင် တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အသိပညာပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်း (SMEs) များအတွက် ချေးငွေများထောက်ပံ့ရန် လိုအပ်ပါသည်။

## ( င ) မူဝါဒဖော်ဆောင်မှု

မြန်မာနိုင်ငံ၏ ဖရဲသီးနှံကို အဓိကအားဖြင့် တရုတ်နိုင်ငံသို့ အဓိက တင်ပို့ရောင်းချရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ တရုတ်နိုင်ငံမှ တရားဝင် တင်သွင်းခွင့်ပြုထားသော်လည်း နယ်စပ်ကုန်သွယ်ရေးတွင် ဈေးကွက်ဝင်ရောက်နိုင်မှု နည်းပါးနေဆဲ ဖြစ်ပါသည်။ ဖရဲသီးတင်ပို့မည့် နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်နှင့် စားသုံးသူအရသာကို လေ့လာကာ သင့်လျော်သော ဈေးကွက်မြှင့်တင်ရေး အစီအစဉ်များ ချမှတ်ရမည်။ နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်း၊ နိုင်ငံအလိုက် ဖရဲသီးလိုအပ်ချက်၊ စားသုံးမှုပုံစံနှင့် ဈေးနှုန်းများကို လေ့လာခြင်းဖြင့် ဈေးကွက်သစ်များကို ရှာဖွေရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဈေးကွက်ရရှိ၍ ကုန်သွယ်မှု မြှင့်တင်နိုင်ရန်အတွက် ပံ့ပိုးအားပေးသည့် အစိုးရမူဝါဒများ၊ နည်းလမ်းများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လျက် ရှိပါသည်။

ပို့ကုန်မြှင့်တင်ရေး၊ နည်းပညာဖလှယ်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပ ဈေးကွက်ချဲ့ထွင်လာနိုင်ခြင်း၊

ပြည်တွင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမို ဖိတ်ခေါ်လာနိုင်ခြင်းနှင့် နည်းပညာအသုံးချနိုင်စွမ်းတို့ကို အထောက်အကူပြု အားပေးနိုင်သည့် မူဝါဒများနှင့် ရေတို၊ ရေလတ်၊ ရေရှည် မဟာဗျူဟာနည်းလမ်းများ စနစ်တကျ အကောင်အထည်ဖော် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ( ၈ ) မဟာဗျူဟာနည်းလမ်းများ

(၁) ဖရဲသီးသည် ပုပ်သိုးပျက်စီးလွယ်သော သီးနှံဖြစ်သောကြောင့် ရောင်းလိုအားနှင့် ဝယ်လိုအား မညီမျှပါက ရောင်းချသူတောင်သူများနှင့် ကုန်သည်များအတွက် ဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊

(၂) လယ်သမားအများစုသည် ဆွတ်ခူးပြီးကာလ၌ အရည်အသွေးထိန်းသိမ်းရန် ရိတ်သိမ်းချိန်လွန်နည်းပညာဗဟုသုတ နည်းပါးသောကြောင့် နည်းပညာဆိုင်ရာ အထောက်အပံ့နှင့် လေ့ကျင့်သင်ကြားပေးမှုများ ဆောင်ရွက်ပေးရန်၊

(၃) ဖရဲသီးဝယ်ယူမှုသည် တရုတ်နိုင်ငံ၏ သတ်မှတ်စျေးနှုန်းနှင့် ရွေးချယ်မှုအပေါ် မူတည်နေပြီး နယ်စပ်ဖရဲစျေးကွက်တွင် တင်ပို့လိုက်သည့် ဖရဲသီးများကို အကြောင်းအမျိုးမျိုးကြောင့် ပြန်ပို့ခြင်း သို့မဟုတ် စျေးနှိမ်ခြင်းခံရပါက ရောင်းချသူများဘက်မှ ဆုံးရှုံးနစ်နာမှုမရှိစေရေး အစိုးရအချင်းချင်း ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ပေးရန်၊

(၄) မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုး စသည့် သွင်းအားစုများ၏ ကုန်ကျစရိတ်များ လျှော့ချနိုင်ရေးနှင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

# ၉။ ကိုးကားချက်များ


Agribusiness Bulletin. (2024). Watermelon. Agribusiness and Trade Division, Department of Planning, Ministry of Agriculture, Livestock and Irrigation, The Republic of the Union of Myanmar.

ASIAFRUIT. (2020). Myanmar's melon export expansion. https://www.fruitnet.com/asiafruit/myanmars-melon-export-expansion/183799. Article

CSO. (2023). Central Statistical Organization, Myanmar Agricultural Statistics (2014-2023). Ministry of Planning and Finance. Republic of Union of Myanmar.

Food and Agriculture Organization Statistical (FAOSTAT) Databasehttps://www.fao.org/faostat/en/#data/QCL

Hinloopen, J., & Van Marrewijk, C. (2001). On the empirical distribution of the Balassa index. Weltwirtschaftliches Archiv, 137(1), 1–35. https://doi.org/10.1007/BF02707598

Hoen, A. R., & Oosterhaven, J. (2006). On the measurement of comparative advantage. Regional Studies, 40(5), 563-575.DOI 10.1007/s00168-006-0076-4

Indexbox data. (2015). https://app.indexbox.io/table/080711/104/watermelon-myanmar

International Trade Centre (ITC Trade Map) Database https://www.trademap.org/

Kubo, Koji. (2021). Myanmar's Watermelon Exports to China: Impacts of unofficial investment by Chinese on the diffusion of a horticultural crop. In B. Pritchard (Ed.), Global production networks and rural development Southeast Asia as a fruit supplier to China (pp.63-81). Edward Elgar Publishing, Inc.

Laursen, K. (1998). Revealed Comparative Advantage and the Alternatives as Measures of International Specialisation. DRUID - Danish Research Unit for Industrial Dynamics. DRUID Working Paper No. 98-30. https://research.cbs.dk/files/59046863/DRUID_Working_Paper_No._98_30.pdf

Myanmar Trade Promotion Organization (Myantrade) Database. https:// myan trade.gov.mm/information-resources?resource_type_id=7&resource-_cate gory_id=1

Myanmar Digital News. (2023). Mekong-Lancang Cooperation National Coordina- tion Unit (Myanmar), Ministry of Foreign Affairs. https://www.mdn. gov.mm /my/mnmaaniungngnnng-maikheng-lnkhn-puupengcheaangrkmu

Naing Tun Aung. (2015). Value Chain of Horticulture Exports for Rural Development in Myanmar Case: Analyzing Mango and Pomelo Value Chain in Yangon Region, Master Thesis of Ritsumeikan Asia Pacific University.

Rozi, Muhammad. F., & Atmanti, Hastarini, D. (2025). Analysis of Competitiveness and Determinants of Indonesia Palm Oil Export. https://journal.formosapublisher.org/index.php/ijaea

Selina Wamucii Prime Database. https://www.selinawamucii.com/-insights/prices/

United Nations Commodity Trade Statistics. UN Comtrade) Database https://comtradeplus.un.org/TradeFlow?

UN Comtrade Database. (2023). Trade Statistics, Statistics Division, Department of Economic and Social Affairs. https://comtradeplus.un.org

World Bank. (2022). World Integrated Trade Solution (WITS), World Integrated Trade Solution (WITS) | Data on Export, Import, Tariff, NTM (worldbank.org), https://wits.worldbank.org.

Xinhua New. (2024). လန်ချန်း-မဲခေါင်သစ်သီးပွဲတော်ကျင်းပခြင်း။ https://xinhuamyan mar.com/news/sino-myanmar/nm-2492702

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (၂၀၁၉) ခုနှစ်၊ မြန်မာ့သစ်သီးဝလံများ ဈေးကွက်ခိုင်မာရေးနှင့် ရေရှည်တင်ပို့ရေးဆောင်းပါး။ https://www.Commerce.gov.mm/my/article/trade-menu-update-news-local-trade

ဒေါက်တာခင်မောင်လွင်၊ (၂၀၂၃) ခုနှစ်၊ ဒီဇင်ဘာလ၊ သစ်သီးများနှင့်ကျန်းမာရေး၊ တတိယအကြိမ်ထုတ်ဝေခြင်း။

စားသုံးသူရေးရာဦးစီးဌာန၊ (၂၀၂၁) ခုနှစ်၊ သစ်သီးဝလံကဏ္ဍအပတ်စဉ် ဈေးကွက်၊ ဈေးနှုန်း သုံးသပ်တင်ပြချက်။

# ၁၀။ နောက်ဆက်တွဲများ

နောက်ဆက်တွဲ (က) မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် တွေ့ဆုံဆွေးနွေးမှုနှင့် အချက်အလက်ကောက်ခံခဲ့သော စာရင်းများ

| စဉ် | အကြောင်းအရာ | နမူနာ အရေအတွက် (ဦးရေ) |
|---|---|---|
| ၁။ | ဆွေးနွေးခဲ့သော အရာရှိကြီးများစာရင်း (KII နည်းလမ်း) | ၁၀ |
| ၂။ | သက်ဆိုင်ရာ အသင်းအဖွဲ့များ၏ တာဝန်ရှိသူများစာရင်း (FGD နည်းလမ်း) | ၆ |
| ၃။ | နိုင်ငံအလိုက် စီးပွားရေးသံမှူးများစာရင်း | ၁၁ |
| ၄။ | ဖရဲသီး တင်ပို့ရောင်းချသူစာရင်း (KII နည်းလမ်း) | ၅ |
| **စုစုပေါင်း** | | **၃၂** |

မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက်
Key Informant Interview (KII-Government Official) ဆောင်ရွက်ခဲ့သည့် အရာရှိကြီးများစာရင်း

| စဉ် | ရက်စွဲ | အချိန် | နေရာ | တွေ့ဆုံသည့် ပုဂ္ဂိုလ် | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|---|
| ၁။ | ၅.၈.၂၀၂၄ | နေ့လယ် (၁၂:၃၀) နာရီ | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး) ၏ ရုံးခန်း | ဒုတိယဝန်ကြီး (စိုက်ပျိုးရေး) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်သီတာချောလှိုင် ဒေါ်ထက်မာလာအေး |
| ၂။ | ၆.၈.၂၀၂၄ | ညနေ (၆:၀၀) နာရီ | ဒုတိယဝန်ကြီး (မွေးမြူရေး) ၏ ရုံးခန်း | ဒုတိယဝန်ကြီး (မွေးမြူရေး) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်သီတာချောလှိုင် ဒေါ်ထက်မာလာအေး |
| ၃။ | ၅.၈.၂၀၂၄ | နေ့လယ် (၃:၀၀) နာရီ | ညွှန်ကြားရေးမှူးချုပ် (မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူးချုပ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး ဒေါ်ရွှေယမင်းအိမ် |
| ၄။ | ၂၁.၈.၂၀၂၄ | မနက် (၁၀:၀၀) နာရီ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ | ညွှန်ကြားရေးမှူးချုပ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၅။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၁:၄၅) နာရီ | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံကိန်းဦးစီးဌာန) ၏ ရုံးခန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၆။ | ၇.၈.၂၀၂၄ | ညနေ (၅:၀၀) နာရီ | ညွှန်ကြားရေးမှူး (ငါးလုပ်ငန်းဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး ငါးလုပ်ငန်းဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါက်တာအေးမိုးစံ |

| စဉ် | ရက်စွဲ | အချိန် | နေရာ | တွေ့ဆုံသည့် ပုဂ္ဂိုလ် | မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ |
|---|---|---|---|---|---|
| ၇။ | ၈.၈.၂၀၂၄ | နေ့လယ် (၃:၃၀) နာရီ | ညွှန်ကြားရေးမှူး (စားသုံးသူရေးရာဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး စားသုံးသူရေးရာဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၈။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၁၂:၃၀) နာရီ | ညွှန်ကြားရေးမှူး (လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ၊ DOP) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၉။ | ၁၆.၈.၂၀၂၄ | နေ့လယ် (၃:၀၀) နာရီ | ညွှန်ကြားရေးမှူး (အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန) ၏ ရုံးခန်း | ညွှန်ကြားရေးမှူး အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |
| ၁၀။ | ၂၁.၈.၂၀၂၄ | မနက် (၁၁:၀၀) နာရီ | မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အစည်းအဝေးခန်းမ (Focus Group Discussion) | ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ | ဒေါက်တာသိင်္ဂီမြင့် ဒေါ်ထက်မာလာအေး |

မြန်မာနိုင်ငံမှ ဖရဲသီးနှံ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် အုပ်စုလိုက် တွေ့ဆုံဆွေးနွေး (FGD) ခဲ့သည့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအသင်းအဖွဲ့များစာရင်း

| **စဉ်** | **တွေ့ဆုံသည့် ပုဂ္ဂိုလ်များ** | **အသင်းအမည်** | **တွေ့ဆုံသည့် ရက်စွဲ** | **မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ** |
|---|---|---|---|---|
| ၁။ | လုပ်ငန်းရှင် (၆) ဦး | မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း | ၂၆.၇.၂၀၂၄ | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်သီသီစိုး<br>ဒေါ်ထက်မာလာအေး<br>ဒေါ်ဆုမြတ်ခင်<br>ဒေါ်ရွှေယမင်းအိမ် |

ဖရဲသီး တင်ပို့ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ KII နည်းလမ်းဖြင့် ဆွေးနွေးမေးမြန်းခြင်းတွင် ပါဝင်သည့်လုပ်ငန်းရှင်များ

| **စဉ်** | **တွေ့ဆုံသည့် ပုဂ္ဂိုလ်များ** | **အသင်းအမည်** | **တွေ့ဆုံသည့် ရက်စွဲ** | **မေးမြန်းသည့် သုတေသန အဖွဲ့ဝင်များ** |
|---|---|---|---|---|
| ၁။ | လုပ်ငန်းရှင် (၅) ဦး | မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း | ၂၆.၇.၂၀၂၄ | ဒေါက်တာသိင်္ဂီမြင့်<br>ဒေါ်သီသီစိုး<br>ဒေါ်ထက်မာလာအေး<br>ဒေါ်ဆုမြတ်ခင်<br>ဒေါ်ရွှေယမင်းအိမ် |

Mekong-Lancang Cooperation

# မြန်မာနိုင်ငံမှ အဓိကတင်ပို့ရောင်းချနေသော သီးနှံများ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ပို့ကုန်အလားအလာများလေ့လာခြင်း သုတေသနအတွက် ပါဝင်ဖြေကြားပေးသည့် နိုင်ငံအလိုက် စီးပွားရေးသံမှူးများ

| စဉ် | ရာထူး | နိုင်ငံ |
|---|---|---|
| ၁။ | စီးပွားရေးသံမှူး | ဝါရှင်တန်ဒီစီ၊ အမေရိကန်နိုင်ငံ |
| ၂။ | စီးပွားရေးသံမှူး | ဂျပန်နိုင်ငံ |
| ၃။ | စီးပွားရေးသံမှူး | ဒူဘိုင်းမြို့၊ U.A.E |
| ၄။ | စီးပွားရေးသံမှူး | ရုရှားနိုင်ငံ |
| ၅။ | စီးပွားရေးသံမှူး | ဆိုးလ်မြို့၊ တောင်ကိုရီးယားနိုင်ငံ |
| ၆။ | စီးပွားရေးသံမှူး | အိန္ဒိယနိုင်ငံ |
| ၇။ | စီးပွားရေးသံမှူး | ဗီယက်နမ်နိုင်ငံ |
| ၈။ | စီးပွားရေးသံမှူး | နန်နင်းမြို့၊ တရုတ်နိုင်ငံ |
| ၉။ | စီးပွားရေးသံမှူး | ဘာလင်မြို့၊ ဂျာမနီနိုင်ငံ |
| ၁၀။ | စီးပွားရေးသံမှူး | ဖိလစ်ပိုင်နိုင်ငံ |
| ၁၁။ | စီးပွားရေးသံမှူး | ဟောင်ကောင် |
| ၁၂။ | စီးပွားရေးသံမှူး | ထိုင်းနိုင်ငံ |
| ၁၃။ | စီးပွားရေးသံမှူး | ကူမင်းမြို့၊ တရုတ်နိုင်ငံ |
| ၁၄။ | စီးပွားရေးသံမှူး | စင်ကာပူနိုင်ငံ |
| ၁၅။ | စီးပွားရေးသံမှူး | ပေကျင်းမြို့၊ တရုတ်နိုင်ငံ |
| ၁၆။ | စီးပွားရေးသံမှူး | ကော်လကတ္တာမြို့၊ အိန္ဒိယနိုင်ငံ |

နောက်ဆက်တွဲ (ခ) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC: 080711) လက်ကားဈေးနှုန်းများ

(အမေရိကန်ဒေါ်လာ/တန်)

| ရက်စွဲ | တူကီယဲ | အိန္ဒိယ | မလေးရှား | ထိုင်း | တရုတ် | မြန်မာ |
|---|---|---|---|---|---|---|
| ၀၁/၀၁/၂၀၂၃ | ၁၃၇ | ၂၅၁ | ၄၆၈ | ၉၇၅ | ၁,၁၅၄ | ၃၁၂ |
| ၀၂/၀၁/၂၀၂၃ | ၁၇၆ | ၂၂၇ | ၄၀၉ | ၈၀၀ | ၇၇၄ | ၃၁၂ |
| ၀၃/၀၁/၂၀၂၃ | ၄၇၅ | ၂၃၃ | ၃၉၉ | ၇၈၂ | ၉၄၀ | ၃၁၂ |
| ၀၄/၀၁/၂၀၂၃ | ၇၅၅ | ၂၁၃ | ၄၀၆ | ၆၃၇ | ၉၃၀ | ၃၁၂ |
| ၀၅/၀၁/၂၀၂၃ | ၄၄၉ | ၁၅၉ | ၃၄၇ | ၇၅၆ | ၁,၀၅၇ | ၃၁၂ |
| ၀၆/၀၁/၂၀၂၃ | ၂၆၃ | ၁၇၀ | ၃၅၀ | ၆၈၁ | ၁,၁၃၄ | ၃၁၂ |
| ၀၇/၀၁/၂၀၂၃ | ၃၀၄ | ၂၇၈ | ၃၄၆ | ၇၂၆ | ၁,၀၂၂ | ၃၁၂ |
| ၀၈/၀၁/၂၀၂၃ | ၃၄၀ | ၂၅၄ | ၃၅၃ | ၇၂၇ | ၉၂၆ | ၃၁၂ |
| ၀၉/၀၁/၂၀၂၃ | ၃၄၈ | ၂၂၁ | ၃၇၆ | ၈၆၂ | ၇၇၆ | ၃၁၂ |
| ၁၀/၀၁/၂၀၂၃ | ၂၅၁ | ၂၄၅ | ၃၄၁ | ၇၀၁ | ၉၂၄ | ၃၁၂ |
| ၁၁/၀၁/၂၀၂၃ | ၁၀၉ | ၂၇၁ | ၃၅၉ | ၉၅၁ | ၁,၀၆၄ | ၃၁၂ |
| ၁၂/၀၁/၂၀၂၃ | ၁၃၂ | ၃၃၀ | ၃၇၈ | ၉၁၈ | ၁,၄၇၅ | ၃၁၂ |

ဇာစ်မြစ်။ FAOSTAT Data၊ ၂၀၂၃၊ Myantrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃

Mekong-Lancang Cooperation

နောက်ဆက်တွဲ (ဂ) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC:080711) ထုတ်လုပ်မှု

(တန်ချိန် သန်း)

| နှစ်စဉ် | တရုတ် | အီရန် | မလေးရှား | ပါကစ္စတန် | တူကီယဲ | ဥဇဘက်ကစ္စတန် | ဗီယက်နမ် | မြန်မာ |
|---|---|---|---|---|---|---|---|---|
| ၂၀၁၄ | ၆၁.၇၀ | ၄.၀၁ | ၀.၁၈ | ၀.၅၄ | ၃.၈၉ | ၁.၇၀ | ၁.၁၀ | ၀. ၂၄ |
| ၂၀၁၅ | ၆၂.၈၉ | ၃.၇၁ | ၀.၁၈ | ၀.၅၃ | ၃.၉၂ | ၁.၈၅ | ၁.၀၈ | ၀.၂၇ |
| ၂၀၁၆ | ၆၂.၄၁ | ၄.၀၉ | ၀.၁၉ | ၀.၅၃ | ၃.၉၃ | ၂.၀၄ | ၁.၁၀ | ၀.၂၉ |
| ၂၀၁၇ | ၆၃.၃၆ | ၁.၇၀ | ၀.၁၇ | ၀.၅၅ | ၄.၀၁ | ၂.၀၃ | ၁.၁၂ | ၀.၃၂ |
| ၂၀၁၈ | ၆၁.၇၆ | ၁.၄၆ | ၀.၁၅ | ၀.၅၄ | ၄.၀၃ | ၁.၈၄ | ၁.၂၀ | ၀.၃၃ |
| ၂၀၁၉ | ၆၁.၀၄ | ၁.၆၄ | ၀.၁၄ | ၀.၅၇ | ၃.၈၇ | ၁.၂၃ | ၁.၃၆ | ၀.၃၄ |
| ၂၀၂၀ | ၆၀.၅၃ | ၁.၄၁ | ၀.၁၃ | ၁.၀၁ | ၃.၄၉ | ၁.၂၅ | ၁.၄၆ | ၀.၂၉ |
| ၂၀၂၁ | ၆၀.၅၉ | ၁.၂၅ | ၀.၁၃ | ၂.၃၁ | ၃.၄၇ | ၁.၂၁ | ၁.၂၁ | ၀.၅၂ |
| ၂၀၂၂ | ၆၀.၅၄ | ၁.၂၀ | ၀.၁၄ | ၁.၅၈ | ၃.၃၉ | ၁.၄၄ | ၁.၂၀ | ၀.၁၄ |

ဓာတ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ FAOSTAT၊ ၂၀၂၃

Mekong-Lancang Cooperation

နောက်ဆက်တွဲ (ဃ) မြန်မာနှင့် အာရှနိုင်ငံများ၏ ဖရဲသီး (HSC:080711) အထွက်နှုန်း

(တန်/ဟတ်တာ)

| နှစ်စဉ် | တရုတ် | အီရန် | မလေးရှား | ပါကစ္စတန် | တူကီယဲ | ဥဇဘက်ကစ္စတန် | ဗီယက်နမ် | မြန်မာ |
|---|---|---|---|---|---|---|---|---|
| ၂၀၁၄ | ၃၉.၃၇ | ၂၆.၂၃ | ၁၆.၂၇ | ၁၄.၆၄ | ၄၀.၇၀ | ၃၂.၉၃ | ၂၁.၀၉ | ၁၁.၇၈ |
| ၂၀၁၅ | ၄၀.၃၄ | ၂၉.၅၈ | ၁၇.၈၅ | ၁၄.၄၈ | ၄၁.၇၄ | ၃၅.၆၅ | ၂၂.၀၀ | ၁၂.၉၈ |
| ၂၀၁၆ | ၄၀.၉၀ | ၂၉.၇၀ | ၁၇.၄၄ | ၁၄.၃၉ | ၄၂.၅၃ | ၃၄.၉၄ | ၂၂.၀၄ | ၁၂.၂၆ |
| ၂၀၁၇ | ၄၁.၄၁ | ၂၄.၁၄ | ၁၇.၉၅ | ၁၄.၆၉ | ၄၃.၇၈ | ၃၉.၈၂ | ၂၂.၀၀ | ၁၂.၈၅ |
| ၂၀၁၈ | ၄၀.၄၀ | ၂၄.၁၄ | ၁၅.၉၂ | ၁၅.၅၄ | ၄၄.၉၁ | ၃၅.၇၃ | ၂၃.၁၃ | ၁၃.၂၉ |
| ၂၀၁၉ | ၄၁.၃၉ | ၂၃.၉၄ | ၁၇.၃၆ | ၁၃.၄၂ | ၄၆.၄၃ | ၄၁.၆၃ | ၂၃.၃၅ | ၁၃.၆၇ |
| ၂၀၂၀ | ၄၂.၈၂ | ၂၂.၈၀ | ၁၅.၃၉ | ၂၂.၈၆ | ၄၇.၁၆ | ၃၆.၁၅ | ၂၃.၆၂ | ၁၂.၆၂ |
| ၂၀၂၁ | ၄၃.၀၀ | ၂၂.၈၀ | ၁၈.၂၁ | ၃၅.၅၇ | ၄၇.၅၅ | ၃၄.၉၉ | ၂၄.၄၇ | ၂၃.၄၂ |
| ၂၀၂၂ | ၄၃.၅၀ | ၂၄.၀၀ | ၁၆.၉၈ | ၃၁.၅၉ | ၄၉.၁၈ | ၃၄.၃၃ | ၂၅.၀၇ | ၁၁.၆၉ |

ဓာစ်မြစ်။ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ FAOSTAT၊ ၂၀၂၃

Mekong-Lancang Cooperation

နောက်ဆက်တွဲ (င) မြန်မာနှင့် အာရှနိုင်ငံများမှ တင်ပို့သော ဖရဲသီး (HSC: 080711) ၏ FOB ဈေးနှုန်းများ နှိုင်းယှဉ်ခြင်း

(အမေရိကန်ဒေါ်လာ/ တန်)

| နှစ်စဉ် | တူကီယဲ | အီရန် | မြန်မာ | တရုတ် | အိန္ဒိယ | ဗီယက်နမ် | မလေးရှား |
|---|---|---|---|---|---|---|---|
| ၂၀၁၄ | ၂၅၉ | ၂၃၁ | ၄၈၆ | ၈၆၀ | ၄၀၇ | ၅၅၅ | ၃၄၃ |
| ၂၀၁၅ | ၂၂၉ | ၂၂၄ | ၆၀၀ | ၇၅၆ | ၄၁၆ | ၅၇၅ | ၃၀၆ |
| ၂၀၁၆ | ၂၂၅ | ၁၇၁ | ၆၈၂ | ၈၇၉ | ၄၁၉ | ၄၈၈ | ၃၃၂ |
| ၂၀၁၇ | ၂၅၉ | ၁၉၂ | ၅၄၇ | ၇၃၉ | ၃၄၃ | ၅၀၀ | ၃၅၉ |
| ၂၀၁၈ | ၂၈၈ | ၂၀၆ | ၄၁၅ | ၈၄၈ | ၃၃၃ | ၅၁၀ | ၃၅၅ |
| ၂၀၁၉ | ၂၀၀ | ၂၃၇ | ၄၉၂ | ၈၆၀ | ၂၆၂ | ၅၅၄ | ၃၅၁ |
| ၂၀၂၀ | ၂၈၁ | ၂၂၃ | ၃၈၄ | ၈၁၀ | ၂၇၂ | ၆၀၂ | ၃၃၂ |
| ၂၀၂၁ | ၂၄၃ | ၂၃၁ | ၅၄၉ | ၉၀၃ | ၂၃၁ | ၅၆၈ | ၃၄၀ |
| ၂၀၂၂ | ၂၇၆ | ၂၁၈ | ၄၅၃ | ၁၀၆၉ | ၂၄၅ | ၅၈၅ | ၃၆၈ |
| ၂၀၂၃ | ၂၉၉ | ၂၉၃ | ၃၁၂ | ၉၆၄ | ၂၂၈ | ၁၈၅ | ၃၇၄ |

ရင်းမြစ်။ UN Comtrade၊ ၂၀၂၃၊ ITC Trademap၊ ၂၀၂၃၊ Myantrade ၊ ၂၀၂၃

Mekong-Lancang Cooperation

နောက်ဆက်တွဲ ( စ) မြန်မာနိုင်ငံ၏ နိုင်ငံအလိုက် ဖရဲသီး (HSC: 080711) တင်ပို့မှုစာရင်း (ပင်လယ်ရေကြောင်း+နယ်စပ်)

(အမေရိကန်ဒေါ်လာ သန်း)

| နိုင်ငံ | ၂၀၁၈-၂၀၁၉ | | ၂၀၁၉-၂၀၂၀ | | ၂၀၂၀-၂၀၂၁ | | ၂၀၂၁-၂၀၂၂ (Mini Budget) | | ၂၀၂၂-၂၀၂၃ | | ၂၀၂၃-၂၀၂၄ (၂၂-၉-၂၀၂၃ ထိ) (ယာယီ) | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| တရုတ် | ၇၉၁,၄၀၀.၃ | ၆၇.၀ | ၆၁၁,၉၆၆.၀ | ၅၄.၃ | ၄၆၃,၂၄၃.၀ | ၄၃.၆ | ၇၅,၃၆၁.၅ | ၅.၇ | ၁၅၂,၆၈၈.၁ | ၁၆.၄ | ၂၂,၄၆၅.၀ | ၂.၇ |
| ထိုင်း | ၅,၂၁၀.၀ | ၀.၄ | ၁,၉၃၀.၀ | ၀.၂ | ၄၅၀.၀ | ၀.၀ | - | - | ၂၈၂.၆ | ၀.၁ | - | - |
| အိန္ဒိယ | ၃၂၅.၀ | ၀.၁ | ၉၈.၈ | ၀.၀ | ၄၃၂.၄ | ၀.၁ | ၄.၅ | ၀.၀ | - | - | - | - |
| စင်ကာပူ | - | - | ၃၈.၅ | ၀.၀ | - | - | - | - | ၀.၄ | ၀.၀ | - | - |
| ရုရှား | ၀.၉ | ၀.၀ | ၁.၃ | ၀.၀ | - | - | ၀.၇ | ၀.၀ | - | - | - | - |
| ယူအေအီး | - | - | ၄၃.၀ | ၀.၀ | ၄၅.၀ | ၀.၀ | - | - | - | - | - | - |
| ကိုရီးယား | | | | | | | | | | | | |
| **စုစုပေါင်း** | **၇၉၆,၉၃၆.၂** | **၆၇.၅** | **၆၁၄,၀၇၇.၆** | **၅၄.၅** | **၄၆၄,၁၇၀.၄** | **၄၃.၈** | **၇၅,၃၆၆.၇** | **၅.၇** | **၁၅၂,၉၇၁.၁** | **၁၆.၄** | **၂၂,၄၆၅.၀** | **၂.၇** |

ဓာတ်မြစ်။ Agribusiness Bulletin ၊ ၂၀၂၄

Mekong-Lancang Cooperation

# နောက်ဆက်တွဲ (ဆ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့မှု မြှင့်တင်ရေးစီမံကိန်း စစ်တမ်းမေးခွန်းလွှာ (ဌာနဆိုင်ရာ)

**စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ရေး စီမံကိန်း စစ်တမ်းမေးခွန်းလွှာ**

၁။ ဖြေဆိုသူ၏ အခြေခံ အချက်အလက်များ

| ဖြေဆိုသူအမည် | | ဖုန်းနံပါတ် | | ရက်စွဲ - |
|---|---|---|---|---|
| ရာထူး/ဌာန | | မြို့နယ်/တိုင်းဒေသကြီး | | မေးမြန်းသူအမည်- |
| ကုန်သွယ်မှု လုပ်ငန်းများနှင့် ပတ်သက်၍ စီမံဆောင်ရွက်မှု ဆိုင်ရာ လုပ်ငန်း အတွေ့အကြုံ (နှစ်) | | | | |
| | | | | |

၂။ ကုန်သွယ်မှုလျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | ပိုကောင်း | ပုံမှန် | ပိုခက်ခဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | | | | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | | | | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | | | | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | | | | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | | | | |
| ၆။ | စာရွက်စာတမ်းများ | | | | |
| ၇။ | အလိုအလျောက်စနစ် | | | | |
| ၈။ | လုပ်ငန်းစဉ်များ | | | | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၉။ | ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | | | | |

၃။ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | |
|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | |
| ၆။ | စာရွက်စာတမ်းများ | |
| ၇။ | အလိုအလျောက်စနစ် | |
| ၈။ | လုပ်ငန်းစဉ်များ | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | |
| ၉။ | ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | |

၄။ တရုတ်နိုင်ငံနှင့် GACC-SPS Protocal ချုပ်ဆိုဆောင်ရွက်ရန် ဖော်ပြပါ လုပ်ငန်းစဉ်များ နှင့် ခန့်မှန်းကြာချိန်များအပေါ်မူတည်၍ ပြန်လည်မွမ်းမံလိုသော လုပ်ငန်းစဉ်များ ရှိလျှင် ပြင်ဆင်လိုသည့်အချက်များအား ဖြေကြားပေးပါရန်။

| စဉ် | အကြောင်းအရာ | ခန့်မှန်းကြာချိန် | ပြန်လည်မွမ်းမံ ပြင်ဆင်လိုသည့်အချက်များ |
|---|---|---|---|
| ၁။ | တင်ပို့လိုသော ကုန်စည်၏ Technical Market Access Information –TMA အား တင်ပို့မည့် နိုင်ငံသို့ ဦးစွာ ပေးပို့ခြင်း | ၁-၃ လ | |
| ၂။ | TMA ဆိုင်ရာအချက်အလက်များကို လက်ခံသည့်နိုင်ငံ မှ စိစစ်ခြင်း | ၃-လ အထက် | |
| ၃။ | PRA ဆိုင်ရာအချက်အလက်များ ပြုစုပေးပို့ခြင်း | ၁-၃ လ | |

| | | | |
|---|---|---|---|
| ၄။ | လက်ခံနိုင်မည့် နိုင်ငံများမှ PRA ဆိုင်ရာ အချက် အလက်များကို စိစစ်ခြင်းနှင့် မေးမြန်း လာသည် များကို ပြန်လည်ပေးပို့ခြင်း | ၃-လ အထက် | |
| ၅။ | ဖြေကြားပေးပို့လာသည့် PRA အပေါ် လက်ခံမည့်နိုင်ငံမှ စိစစ်ပြီး SPS Protocol (မူကြမ်း) ပြုစု၍ ပြန်လည်ပေးပို့ခြင်း | ၃-လ အထက် | |
| ၆။ | ပေးပို့လာသည့် SPS Protocol (မူကြမ်း)ကို Focal မှ စိစစ်၍ နိုင်ငံခြားရေး၊ စီမံ/ဘဏ္ဍာ၊ ရင်းနှီး/စီးပွား၊ စီးပွား/ကူးသန်း၊ ဥပဒေရေးရာ၊ စာရင်းစစ်ချုပ်ရုံး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အသင်း/အဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်တောင်းခံခြင်း | ၁-၃ လ | |
| ၇။ | ပြန်ကြားလာသည့် သဘောထားမှတ်ချက်များနှင့် အညီ SPS Protocol (မူကြမ်း) အား ပြင်ဆင်ဖြည့်စွက်ခြင်း | ၁-လ | |
| ၈။ | ပြင်ဆင်ပြီးမူကြမ်းအား တင်ပို့မည့်နိုင်ငံသို့ ပြန်လည် ပေးပို့သဘောတူညီချက်ရယူခြင်း | ၃-လအထက် | |
| ၉။ | နှစ်ဖက်သဘောတူညီပြီး မူကြမ်းကို အင်္ဂလိပ်ဘာသာအရေးအသားမှန်ကန်မှုရှိစေရေး စိစစ်ခြင်း | ၁-လ | |
| ၁၀။ | စိစစ်ချက်နှင့်အညီ နှစ်ဖက်အဖွဲ့အစည်းတို့မှ ပြန်လည် ပြင်ဆင်ခြင်း | ၁-၃-လ | |
| ၁၂။ | နှစ်ဖက်ညှိနှိုင်းပြင်ဆင်ပြီး အပြီးသတ် မူကြမ်းကို ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ(EC) ခွင့်ပြုချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေး ကော်မတီသို့ တင်ပြခြင်း | ၁-၂-လ | |
| ၁၃။ | ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြ၍ ခွင့်ပြုချက် ရယူခြင်း | ၁-၂-လ | |
| ၁၄။ | ခွင့်ပြုချက်ရရှိပါက SPS Protocol အား နှစ်ဖက်လက်မှတ် ရေးထိုးနိုင်ရေး ညှိနှိုင်းခြင်း | ၃-လအထက် | |

၃။ GACC-SPS Protocal ချုပ်ဆိုထားသော သီးနှံများ ..........................................................................................................................

၄။ GACC-SPS Protocal လက်မှတ်ရေးထိုးထားခြင်းကြောင့် ကုန်စည်တင်ပို့မှုတွင် ထူးခြားမှု ရှိပါသလား။ (၁=ရှိပါသည်၊၂=မရှိပါ)

ရှိလျှင် ထူးခြားများကို ဖော်ပြပါ။ ..........................................................................................................................

၅။ မြန်မာနိုင်ငံ ကုန်သွယ်မှု ကဏ္ဍအတွက် GACC-SPS Protocal လက်မှတ်ရေးထိုးရန် အတွက် ထပ်မံချုပ်ဆိုလိုသော အလားအလာရှိသည့် သီးနှံ/ကုန်ပစ္စည်းများ ကို ဖော်ပြပါ။..........................................................................................................................

၆။ တရုတ်နိုင်ငံအပြင် မြန်မာနိုင်ငံ ကုန်သွယ်မှု ကဏ္ဍတိုးတက်ရန်အတွက် တခြား မည်သည့်နိုင်ငံများနှင့် စာချုပ်ချုပ်ဆိုလိုပါသလဲ။

..........................................................................................................................

၉။ လက်ရှိ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

| အားသာချက် | အားနည်းချက် | အခွင့်အလမ်း | စိန်ခေါ်မှု |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |

၁၀။ အနာဂါတ်တွင် ကုန်သွယ်မှု ကဏ္ဍနှင့် ကုန်ပစ္စည်း တင်ပို့မှု လုပ်ငန်းဆောင်တာများအတွက် ပို၍ ကောင်းမွန်တိုးတက်လာစေရန် အကြံပေးလိုသော အချက်များ

Mekong-Lancang Cooperation

# နောက်ဆက်တွဲ (ဇ) စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့မှု မြှင့်တင်ရေးစီမံကိန်း စစ်တမ်းမေးခွန်းလွှာ (တင်ပို့သူများ)

| | | | |
|---|---|---|---|
| ခရိုင်/တိုင်းဒေသကြီး | | မေးခွန်းလွှာအမှတ် | |
| မြို့နယ် | | မေးမြန်းသူအမည် | |
| မေးမြန်းသည့်ရက်စွဲ | | ဖုန်းနံပါတ် | |

၁။ ဖြေဆိုသူ၏ အခြေခံအချက်အလက်များ

| | | | |
|---|---|---|---|
| ဖြေဆိုသူအမည် | | ဖုန်းနံပါတ် | |
| လုပ်ငန်းအမည် | | အသက် | |
| ပညာအရည်အချင်း | | လုပ်ငန်းအတွေ့အကြုံသက်တမ်း | |
| လုပ်ငန်းမှတ်ပုံတင်နံပါတ် | | စုစုပေါင်းတင်ပို့ရောင်းချသော သီးနှံ/သားငါးများ | |
| မှတ်ပုံတင်ထားသည့်ဌာန | | | |
| ကုန်သွယ်မှု စတင်ခဲ့သည့် ခုနှစ် | | | |

၂။ လုပ်ငန်းအမျိုးအစားပုံစံ

| | | |
|---|---|---|
| ☐ တစ်ဦးတည်းပိုင် (Sole proprietorship) | ☐ တာဝန်ယူမှုကန့်သတ်ထားသည့် ကုမ္ပဏီ (Limited liability company) | ☐ မိတ်ဖက်လုပ်ငန်း (Limited liability partnership) |
| ☐ အဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း (Partnership) | ☐ ရှယ်ယာရှင်များနှင့်ပူးပေါင်း ဆောင်ရွက်ခြင်း (Cooperation) | |

၃။ ကုန်သွယ်မှုလုပ်ငန်း လွန်ခဲ့သော (၁၀) နှစ်တာကာလအတွင်း ကုန်ပစ္စည်း ဝယ်ယူမှု၊ တင်ပို့မှုအခြေအနေများ ။

| ခုနှစ် | တင်ပို့ သော ကုန်ပစ္စည်းများ | တင်ပို့သော နိုင်ငံ | ငွေချေ စနစ် | ရေကြောင်း /နယ်စပ် | တွေ့ကြုံရ သော ပြောင်းလဲမှု | ဈေးနှုန်း အတက်အကျ | တင်ပို့ရောင်းချမှု လုပ်ငန်း စဉ်များ(လွယ်ကူ/ ခက်ခဲ/ ပုံမှန်) |
|---|---|---|---|---|---|---|---|
| ၂၀၂၄ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၂၂ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၂၁ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၂၀ | | | | | | | |
| | | | | | | | |
| | | | | | | | |
| | | | | | | | |
| ၂၀၁၉ | | | | | | | |
| | | | | | | | |
| | | | | | | | |

၄။ ကုန်သွယ်မှုလျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | လွန်ခဲ့သော **၁၀ နှစ်တာ** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | ပိုကောင်း | ပုံမှန် | ပိုခက်ခဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | | | | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | | | | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | | | | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | | | | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | | | | |
| ၆။ | စာရွက်စာတမ်းများ | | | | |
| ၇။ | အလိုအလျောက်စနစ် | | | | |
| ၈။ | လုပ်ငန်းစဉ်များ | | | | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၉။ | ပြည်ပကုန်သွယ်ရေး အေဂျင်စီများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း | | | | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | | | | |

၅။ ကုန်သွယ်မှု လျင်မြန်ချောမွေ့မှုလုပ်ဆောင်ချက်များ ဆောင်ရွက်ရာတွင် **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ

| | **2023 ခုနှစ်** တင်ပို့မှုတွင် တွေ့ကြုံရသော အခြေအနေ | |
|---|---|---|
| ၁။ | သတင်းအချက်အလက် ရရှိနိုင်မှု | |
| ၂။ | ကုန်သွယ်မှု အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်နိုင်မှု | |
| ၃။ | ထုတ်ပြန်ထားသော စည်းမျဉ်းများ | |
| ၄။ | ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းအဆင့်ဆင့် | |
| ၅။ | ဝန်ဆောင်မှု ကုန်ကျစရိတ်များ | |
| ၆။ | စာရွက်စာတမ်းများ | |
| ၇။ | အလိုအလျောက်စနစ် | |
| ၈။ | လုပ်ငန်းစဉ်များ | |
| ၈။ | ပြည်တွင်းကုန်သွယ်ရေး အေဂျင်စီများပူးပေါင်းဆောင်ရွက်ခြင်း | |
| ၉။ | ပြည်ပကုန်သွယ်ရေးအေဂျင်စီများအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း | |
| ၁၀။ | အုပ်ချုပ်မှုယန္တယားနှင့် သမာသမတ်ကျမှု | |

၆။ တရုတ်နိုင်ငံနှင့် ကုန်စည်တင်ပို့မှုတွင် ဆောင်ရွက်ထားသည့် GACC-SPS Protocal လုပ်ငန်းစဉ် များကို သိပါသလား။ (၁=သိပါသည်၊၂=မသိပါ)

၇။ GACC-SPS Protocal လက်မှတ်ရေးထိုးထားခြင်းကြောင့် ကုန်စည်တင်ပို့ရောင်းချမှုတွင် ထူးခြားမှု ရှိပါသလား။ (၁=ရှိပါသည်၊၂=မရှိပါ)

ရှိလျှင် ထူးခြားများကို ဖော်ပြပါ။ ......................................................................................................................................................

၈။ (...............................) လက်ရှိတင်ပို့ရောင်းချရာတွင် ကြုံတွေ့ရသော အဓိက အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

| အားသာချက် | အားနည်းချက် | အခွင့်အလမ်း | စိန်ခေါ်မှု |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |

၉။ အနာဂါတ်တွင် တင်ပို့ရောင်းချမှု ဆောင်ရွက်ရာတွင် ပို၍ ကောင်းမွန်တိုးတက်လာစေရန် အကြံပေးလိုသော အချက်များ

......................................................................................................................................................

......................................................................................................................................................

Mekong-Lancang Cooperation

၁၀။ 2023 ခုနှစ် (..........................) တင်ပို့ရောင်းချမှု ကုန်ကျစရိတ်/တန်        (X rate - ..............................)

| အကြောင်းအရာ | | ကုန်ကျစရိတ် (ကျပ်/USD) | | |
|---|---|---|---|---|
| | ယူနစ် | ရေကြောင်း | နယ်စပ် | မှတ်ချက် |
| ပြည်တွင်း လက်ကားဈေး | | | | |
| ထုတ်ပိုးမှု ပစ္စည်းကုန်ကျစရိတ် | | | | |
| ပြည်တွင်းသယ်ယူစရိတ် | | | | |
| ကုန်တင်/ကုန်ချ စရိတ် | | | | |
| သယ်ယူစရိတ် (ပြည်တွင်းမှ ဆိပ်ကမ်းသို့) | | | | |
| ကုန်တင်/ကုန်ချ စရိတ် | | | | |
| ပို့ကုန်အတွက် ဆိပ်ကမ်းကုန်ကျစရိတ် | | | | |
| ကုန်ပစ္စည်းစစ်ဆေးရေးစရိတ်(Inspection) | | | | |
| အပင်သီးနှံပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်စရိတ် | | | | |
| သန့်ရှင်း/အခြောက်ခံခြင်း | | | | |
| သိုလှောင်မှုစရိတ် | | | | |
| ကုန်တင်ခြင်း/ ကုန်ချစရိတ် | | | | |
| Container ဝယ်ခ/ငှားခ | | | | |
| စစ်ဆေးမှု ကုန်ကျစရိတ် | | | | |
| ပို့ကုန် ကုန်သွယ်ခွန် (%) | | | | |
| အာမခံကြေး | | | | |
| တင်ပို့မှုဆိုင်ရာ လိုင်စင်ခ | | | | |
| တင်ပို့မည့် နိုင်ငံတွင်ပေးရသော သွင်းကုန် ကုန်သွယ်ခွန် (%) | | | | |
| တင်ပို့သောနိုင်ငံတွင်ဆိပ်ကမ်းကုန်ကျစရိတ် | | | | |
| အခြားကုန်ကျစရိတ်များ | | | | |
| | | | | |